

ရင်မြှတ်နိုး
ရင်ခုန်သံတို့ရဲ့ မနက်ဖြန်
L လင်း

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေ
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေ
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေ

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်
ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြ
နိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်း

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပ
စိုးမိုးရေး
★ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
★ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းနိုင်ရေး
★ ပြဋ္ဌာန်းသည့်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်
တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတ
ထုထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတ
အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွာ
ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ
နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး
ရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေ
★ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်
ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရှင်မြတ်နိုး

## ရင်ခုန်သံတို့ရဲ့မနက်ဖြန်

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၁၁၂၀၉၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၂၅၃၁၀၁၁ |
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့် ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၈၊ စကားဝါလမ်း ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| အချုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ မတ်လ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

ရှင်မြတ်နိုး

ရင်ခုန်သံတို့ရဲ့မနက်ဖြန် / ရှင်မြတ်နိုး။ - ရန်ကုန် စိုးမိုးစာပေ၊ ၂၀၁၂

၂၈၇ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) ရင်ခုန်သံတို့ရဲ့မနက်ဖြန်

## အခန်း (၁)

"မင်းကတော့လုပ်ပြီကွာ"

"ဆောရီး"

"ဟောကောင်…ဆောရီးတစ်ခွန်းတည်းနဲ့ မပြီးဘူး၊ အထဲမှာ သင်တန်းကစနေပြီ"

"ကျစ်…မင်းစကားများတာနဲ့ အချိန်တွေလျော့ကုန်ပြီ"

"မင်း မျက်နှာတော့ သစ်လာပါတယ်နော် မိုက်"

"အေး…သွားတော့မတိုက်လာဘူး"

"ဟင်"

ထက်ကောင်းက ပြူးတူးပြဲတဲဖြစ်သွားသည်။ မိုက်က အော်တာရှပ် နီညိုကွက်ကို ကားထဲကထုတ်ပြီး ခါးမှာဝတ်ထား

သော တီရှပ်ကို လက်နှစ်ဖက်နှင့်ဆွဲလှန်ချွတ်သည်။ ထို့နောက် ထုတ်ထားသော ရှပ်အင်္ကျီကို ဝတ်ကာ ရင်ဘတ်နားက ကြယ်သီး နှစ်လုံးကို မတပ်ဘဲထား၏။ အင်္ကျီလက်ကို တံတောင်ဆစ်နား လောက်အထိ ခေါက်ရင်း…

"ညက စားသောက်ပြီးတာနဲ့ သွားတိုက်ထားတာလေ၊ ဘာမှမစားရသေးတော့ ဒီသွားတွေ မညစ်ပတ်သေးဘူးကွ၊ မယုံရင် မင်းအနံ့ခံကြည့်"

ဟုဆိုကာ ထက်ကောင်းမျက်နှာနားကပ်ပြီး ဟားခနဲလုပ်တော့ ထက်ကောင်းမှာ ကမန်းကတန်း မျက်နှာကို နောက်သို့ငဲ့ရှောင်ရင်း…

"မင်း မညစ်ပတ်နဲ့မိုက်ရာ"

"ရော်…ခက်ပြီ၊ ငါ သန့်စင်ကြောင်းပြတာပါဆို"

"အေး…သန့်တာတွေဘာတွေ လုပ်မနေနဲ့၊ ဆရာဝင်နေပါပြီဆို မင်းမှတ်စုလေး ဘောပင်(န်)လေး ယူလာနော်"

"ဘာမှမပါလာဘူး"

ဘောင်းဘီမှာ ခါးပတ်ပတ်ရင်း ပြောသည်။ ရှုံ့မဲ့သွားသော ထက်ကောင်းကို သူ့ကားမှန်အမည်းတွေပေါ်မှာ မြင်နေရ၏။

"မင်း သင်တန်းလာတက်တာဆို"





"အေးလေ…ဟိုတယ်ရဲ့ အခြေခံစည်းမျဉ်းတွေအတွက် …တစ်လတက်ရမှာလေ၊ အဲဒါတွေက စာအုပ်နဲ့ မှတ်စရာမှမလိုတာ၊ …ရာပြောသမျှ Record လုပ်ပြီး ငါပြန်နားထောင်မှာပေါ့၊ …တက်ချင်တာ မုန့်ဖုတ်သင်တန်း"

"ဒါတော့ဒါပေါ့၊ ဒါပေမဲ့ လူမြင်ကောင်းအောင်လေး"

"တော်ပါ…လူမြင်ကောင်းဖို့ ငါလက်ညှောင်းမခံနိုင်ဘူး၊ …စ်မယ်"

ကားမှန်မှာပေါ်နေသော ကိုယ့်ရဲ့ ဇေ့(ဗ်)ပါသော ဆံပင် …ပ်ပွပွကို လက်ငါးချောင်းနှင့် ထိုးတင်သည်။ ပြင်ဆင်မှုရဲ့ အဆုံး …တ်အဖြစ် ဘောင်းဘီအိတ်ထဲက ချွင်း(န်)ဂဲ(န်)ကို ထုတ်ဝါးရင်း …ထွေ့ခွံအားလုံးပြီး တောက်ထုတ်ပစ်၏။ ထို့နောက် ဟိုတယ်ရဲ့ …ားပါကင်ဝင်းမှ သင်တန်းခန်းမရှိရာ လှေကားထစ်တွေဆီ …ွက်သွက်ပြေးတက်သွားသော မိုက်ကို ကြည့်ရင်း…

"ဟေ့ကောင်…မင်းပြီးရင် ကင်(န်)တင်းကိုဆင်းခဲ့"

လို့ အော်ဖြစ်အောင် လှမ်းအော်ပေမဲ့ မိုက်ကတော့ ထုံးစံ …တိုင်း အသံတိတ် လက်တစ်ဖက်မြှောက်ပြသွား၏။ ထက်ကောင်း …ာ မိုက်အရိပ်ပျောက်သွားသည်အထိ မျက်စိတဆုံးကြည့်ပြီးမှ …ကားတစ်ခွန်းကို ကြားယောင်သည်။

တစ်ခါတုံးက သူငယ်ချင်းသုံးယောက်ရှိလေသည် ဆိုတာမျိုး။ ခက်တာက ထိုသုံးယောက်စလုံးဟာ ဒီနိုင်းကွဲ၊ မူကွဲ၊ ဝါသနာကွဲနှင့် အားလုံးထဲမှာ မိုက်က အကွဲပြားဆုံး။

◆ ◆ ◆



# အခန်း (၂)

"ဟိုတယ်ဆိုတာ နိုင်ငံရဲ့အသက်သွေးကြောတွေထဲက အရေးပါတဲ့ သွေးကြောမျှင်တစ်ခုဖြစ်တယ်၊ နိုင်ငံတကာမှာ ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်နိုင်တဲ့ အခန်းကဏ္ဍမှာ ဟိုတယ်ရဲ့ ဝန်ဆောင်မှုအပိုင်းက အရေးအကြီးဆုံးပဲ"

စိတ်ဝင်တစားနှင့် အားလုံးက နားထောင်နေသည့်အချိန်မှာပဲ ဆရာ့စားပွဲဘက်ရှိ အခန်းတံခါးက ပွင့်လာပြီး ဆံပင်အုပ်အုပ်နှင့် မျက်နှာတစ်ခုက အခန်းတွင်းသို့ အရင်ဝင်ရောက်လာတာဖြစ်သည်။

"wo ...ဒီလူကဘာလဲဟ"

''ဒီဖိုင်းကတော့ ခပ်မိုက်မိုက်ပဲ''

''နှာမည်ကလည်း မိုက်ပါပဲ၊ ဘားတာဝန်ခံ၊ ထက်ကောင်းရဲ့ဘော်ဒါလေ''

''နှင့်သတင်းက သေချာလှချည်လားဟဲ့''

''အင်တာဗျူးဝင်ကတည်းက အလန်းစားတွေကို မှတ်ထားတာ၊ သင်တန်းတိုကာလမှာ အပျင်းပြေပေါ့ဟယ်''

နောက်တန်းက စကားသံတွေကြောင့် ကျော်က အခန်းပေါက်ဝဆီအကြည့်ရောက်သွားသည်။ အင်္ကျီရင်ဘတ်ဟပြဲနှင့်မို့ လည်ပင်းက ပလက်တီနမ်ကြိုးပြားကြီးက ထင်းနေ၏။ လက်ကောက်ဝတ်မှာ နာရီအကြီးကြီးတစ်လုံး ဝတ်ထားသော ထိုလူသည် သူ၏မျက်လုံးမှေးများဖြင့် တစ်ခန်းလုံးကို ဝေ့ကြည့်ပြီးမှ…

''အိတ်(စ်)ကျူ့မီ…ဆရာ''

ဆရာက ခေါင်းတစ်ချက်ညိတ်ပြပြီး လွတ်နေသောခုံတန်းကို လက်လှမ်းပြသည်။ သူက သက်သောင့်သက်သာရှိစွာ ထိုခုံ၌ ဝင်ထိုင်ပြီး နှုတ်ခမ်းစေ့ထားပေမဲ့ မေးဖျားတွေ ဘောင်ဘင်ခတ်အောင် လှုပ်နေမှုကြောင့် ချွင်း(န်)ဂဲ(န်)ဝါးနေတာ အသိသာကြီး။ လက်နှစ်ဖက်ကို စားပွဲပေါ် ဒီတိုင်းတင်ထားတာကြောင့် စာအုပ်တွေ ဘောပင်(န်)တွေလည်း မပါဘဲ သင်တန်းသားအထာမကျ





သော ထိုလူ့ထံမှ ကျော်က နှာခေါင်းရှုံ့ကာ အကြည့်လွှဲသည်။

''အံ့ဖွယ်သုတပဲနော်၊ ဘာမှမမှတ်ဘဲ ဆရာပြောသမျှ နားထောင်နေတာ''

''ရီကော်ဒါလေးပါတယ်ဟဲ့၊ တွေ့လား အသံဖမ်းထားတာ''

''သူ့အကြံနဲ့သူတော့ အဟုတ်ပဲ၊ ငါတို့မှာသာ အထက်တန်းကျောင်းသားဘဝ ရောက်သွားတာ''

နောက်တန်းကတော့ ဆရာဘာပြောပြော စိတ်ဝင်စားဟန်မရှိဘဲ ခွေးနွေးသမျှ ခေါင်းစဉ်ဟာ ထိုလူ့အကြောင်းသာ။ ကျော်ကတော့ သင်တန်းခန်းမကို နောက်ကျမှ ဝင်လာတာရော၊ ခုံမှာ ကျောမှီပြီး လက်ပိုက်ကာ ဆရာပြောသမျှ အသံဖမ်းစက်ကြီးချပြီး မှတ်သားနေပုံကိုက တမင် လူစိတ်ဝင်စားအောင် လုပ်နေသည်ဟု စိတ်ထဲက ရှုံ့ချသည်။ ထို့ကြောင့် အကြည့်ကို သူ့ထံ နောက်တစ်ကြိမ်မရောက်မိအောင် ကိုယ့်ကိုယ်ကို သံပတ်ပေးထား၏။

''ဒီတော့ ဆရာတို့ဟိုတယ်က မြန်မာနိုင်ငံမှာ Five star အဆင့်ရှိတဲ့ဟိုတယ်၊ ဒီဟိုတယ်ကြီးမှာ ကိုယ်စီဝန်ဆောင်မှုပေးမဲ့ မင်းတို့ဟာ ဟိုတယ်ဝန်ထမ်းတွေရဲ့ အခြေခံသဘောထားကို နားလည်ထားရမယ်၊ ဝန်ထမ်းတွေရဲ့ အဓိကကျတဲ့ အချက်က

အပြုံးပဲ၊ ဒီဟိုတယ်ကြီးထဲ ခြေချလိုက်ပြီဆိုတာနဲ့ ကိုယ်ရေးကိုယ်တာတွေကို ဟိုတယ်ဝင်းအပြင်မှာထားခဲ့ရမှာ၊ အနူးညံ့ဆုံးအသံ၊ အချိုသာဆုံးအပြုံး ရှိရမယ်''

ကျော်က မှတ်စုထဲမှာ အပြုံးလို့ရေးပြီး ဘေးကကြယ်ပွင့်တွေပြထားလိုက်သည်။

''အိုကေ…ဆရာ့ဘက်က မှတ်စရာတစ်ခုပြောပြီးတော့ မင်းတို့ဆီက အဖြေတစ်ခုလောက် ပြန်ကြားရအောင် မေးခွန်းတစ်ခုလောက် မေးချင်တယ်''

''မေးပါ ဆရာ''

လက်ညှိုးထောင်သူနှင့် မေးခိုင်းသည့် အသံတွေကြောင့် သင်တန်းခန်းမက လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ ဆရာက ခေါင်းတစ်ချက်ဆတ်ရင်း…

''လွယ်လွယ်လေးပဲ မေးပါ့မယ်၊ ဆရာတို့နဲ့ သိပ်မဝေးတဲ့ ကမ္ဘောဒီးယားနိုင်ငံရဲ့အကြောင်း၊ အဲဒီနိုင်ငံမှာ ထင်ရှားတဲ့မြို့က''

''ဆီယမ်ရိနဲ့ ဖနွမ်ပင်ပါ''

ကျော်က ဖြေရန်မှတ်ခမ်းပြင်ဆဲ ဟိုလူက လက်ပိုက်တောင်မဖြုတ်ဘဲ အေးဆေးစွာ ဝင်ဖြေသွားသည်။ ထိုအခါ သူဦးဆောင်သော ယောကျ်ားလေးတန်းဘက်မှ လက်ခုပ်သံတွေ





ထွက်လာ၏။

''ရိုက်(ထ်)…မှန်တယ်၊ နိုင်ငံတကာ ဗဟုသုတပေါ့၊ အိုကေ အဲဒီနိုင်ငံမှာ နိုင်ငံခြားသားတွေကို အဓိကဆွဲဆောင်တဲ့နေရာ''

''အန်ကောဝပ် ကျောင်းတော်ပါ ဆရာ၊ ကမ္ဘာလှည့်ခရီးသည်တွေအတွက် ပိုအဆင်ပြေတာက လေဆိပ်မှာ ကြိုတင်ဗီဇာမယူဘဲ ဆိုက်ရောက်ဗီဇာထုတ်နိုင်တာမျိုးဆိုတော့ ပြည်ပကို လေ့လာချင်တဲ့ ခရီးသည်တွေအတွက် အချိန်မကုန်ဘဲ ပိုအဆင်ပြေတာမျိုးပါ''

''WOW! …မိုက်တယ်ကွ၊ ငါတို့မိန်းကလေးတွေကလည်း အားကျမခံဘဲ''

''မေးခွန်းထပ်ထုတ်ပါ ဆရာ၊ သမီးတို့လည်း ဖြေနိုင်ပါတယ်''

ကျော့်နောက်တန်းက မိန်းကလေးတွေက ကျယ်လောင်စွာ ထအော်ကြတော့ အလိုလိုနေရင်း သင်တန်းခန်းမက နှစ်ခြမ်းကွဲသွားသည်။ ကျော့်ရှေ့ဘက်ကျကျ၌ ထိုင်နေသော လူသည် ပီကေဝါးနေသော နှုတ်ခမ်းစေ့စေ့နှင့် နောက်ပြန်ငဲ့ကြည့်တော့ မျက်တောင်ဖျားတွေ စင်းကျနေပုံက 'ဘာဖြစ်ချင်လဲ'လို့ ကျော့်ကို

မေခွန်းထုတ်နေသလိုလို။ ဆရာကတော့ အားလုံးကို ကျေနပ်ပြုံးနှင့် ထေ့ကြည့်ကာ···

"ဒီနှစ်···တရိန်နှင်ပေးရတဲ့ ကလေးတွေက အခြေအနေ အများကြီးကောင်းတာပဲ၊ ကဲ သိတဲ့သူက ဖြေပါဦး၊ ကမ္ဘောဒီးယားရဲ့ နှစ်စဉ် ကမ္ဘာလှည့်ခရီးသည်ဦးရေ"

"သုံးသန်းလောက်ရှိပါတယ် ဆရာ"

မိုက်နောက်ဘက်မှ လက်ခုပ်သံတွေ ဝေါခနဲထွက်လာသည်။

မိုက်က ဖြေပြီး တစ်ဖက်မိန်းကလေးထံ ငဲ့ကြည့်သည်။ အကြည့်ထဲမှာ ဘယ့်နှယ်ရှိစလို့ စိန်ခေါ်ဟန်တောင်ပါဝင်သွားသလို မိုက်က ဒီဟိုတယ်လုပ်ငန်းကို စိတ်ဝင်စား၍ တကူးတက လာရောက်တက်တာမျိုးပါ။ ထို့ကြောင့်လည်း သိလိုသမျှ ရှာဖွေထားတာရှိသလို မှတ်စုမှတ်ရာနှင့် မှတ်ထားတာမျိုးတွေ အများကြီး။ တစ်ဖက်မိန်းကလေးက မိုက် မြင်သာအောင် နှုတ်ခမ်းကိုကွေးပြီး ပြုံးတော့ ဘယ်ဘက်ပါးပြင်ဘက်မှာ ပါးချိုင့်ရာရှည်ရှည်လေးက ထင်းနေအောင်ပေါ်လာပေမဲ့ မိုက်နှင့် အကြည့်ချင်းတော့မဆုံပေ။

မိုက်က မျက်နှာကို ရှေ့ဘက်ပြန်လှည့်ကာ ပီကေကို ပါးစောင်မှာ ကပ်ထားပြီးမှ···





"ကမ္ဘာလှည့်ခရီးသည်တွေ စိတ်ဝင်စားအောင် အဓိက ဆွဲဆောင်တာက အန်ကောဝပ်အပြင် တခြားစိတ်ဝင်စားစရာတွေလည်း အများကြီးရှိပါတယ် ဆရာ"

ကျော်ပြောသောစကားကို သူက တစ်ဆင့်တက်၍ သိကြောင်း ကြေငြာတာမျိုး။ ဒါမျိုးတော့ ကျော်တို့က သည်းမခံတတ်ချေ။ ကိုယ်လေ့လာသမျှက လူအများသိအောင် ဖွင့်ချရန် မဟုတ်ပေမဲ့ ပြိုင်ရင်နိုင်ရမှ ကျေနပ်သော အတွဲလေးနှင့်မို့ ကျော်က ဆရာ့မျက်နှာကိုပဲ မမိုတ်မသုန်ကြည့်ကာ···

"ကမ္ဘာလှည့်ခရီးသွားတွေ နောက်ထပ်အများဆုံး စိတ်ဝင်စားတဲ့အရာက ခမာယဉ်ကျေးမှုပါ ဆရာ၊ နောက်ပြီး အရှေ့တောင်အာရှရဲ့ အကြီးဆုံးရေအိုင်ကြီး တုန်လီဆပ်လည်း ရှိနေသေးတာကိုး ဆရာရဲ့၊ မြို့တွင်းမှာပဲ မိချောင်းကန်တို့ ဘာတို့ ပြထားတာကလည်း နိုင်ငံခြားသားတွေရဲ့စိတ်ကို ဆွဲဆောင်တာပဲလေ၊ အထူးသဖြင့် ဂျိုလီရဲ့ နာမည်ကြီး Tom Rider ကားရိုက်ခဲ့တဲ့ Taprom ကျောင်းတော် လည်းရှိသေးတော့ ကမ္ဘောဒီးယားက ခရီးသွားဝင်ရောက်မှု သန်းချီ တာ မဆန်းတော့ပါဘူး ဆရာ"

"အိုး···ဂေါ့(ဒ်) သိပ်ကောင်းတဲ့ ဖြည့်စွက်မှုတွေပါပဲ"

ဆရာကိုယ်တိုင်က ကျေနပ်အားရမှုရှိသလို ခေါင်းတညိတ်

ညိတ်နှင့်ဖြစ်ပြီး ကျော်နောက်က မိန်းကလေးအုပ်စုကတော့ တဟေး ဟေးတဟားဟားနှင့် အောင်ပွဲခံလေပြီ။ ဆရာက အသံတွေငြိမ်သွား အောင် လက်တစ်ချက်မြှောက်ပြပြီးမှ…

"ဖြေသွားတဲ့ အဖြေတွေအတွက်ရော၊ လေ့လာနိုင်တဲ့စွမ်းပ ကားအတွက်ရော ဆရာချီးကျူးပါတယ်၊ ဟိုတယ်လုပ်ငန်းခွင်ထဲ ဝင်မဲ့သူတိုင်းဟာ ကမ္ဘာလှည့်ခရီးသည်တွေရဲ့ သဘောထား၊ ကြိုက်နှစ်သက်မှု၊ တခြားသောနိုင်ငံတွေရဲ့ ဆွဲဆောင်မှုတွေကို နားလည်ထားမှ ကိုယ်ပေးနိုင်မဲ့ဝန်ဆောင်မှုကို အကောင်းဆုံးဖြစ် အောင် ပံ့ပိုးနိုင်မှာပေါ့၊ ကဲ ဒီနေ့သင်တန်းက ဒီလောက်ပါပဲ၊ ဒါနဲ့ မောင်ရင့်နာမည်က"

ဆရာက သူ့ကို လက်ညှိုးထိုးမေး၍ မိုက်က ခါးဆန့်ကာ လက်ပိုက်ဖြည်ချရင်း…

"လမိုက်ပါ ဆရာ"

"လ…မိုက်"

မျက်ခုံးကျုံ့ပြီး ဆရာက ရေရွတ်ပြီးမှ…

"သမီးနာမည်ကရော"

မိုက်က နားစွင့်လိုဟန်နှင့် နောက်နားဘက် မျက်နှာဝင့်ကာ





နားထောင်သည်။ သူမ ဖျတ်ခနဲ ထရပ်ကာ မျက်ဝန်းထောင့်ကမြင် ရပြီးနောက်…

"ဆရာ့ဆီက Roll call မှာ ပထမဆုံးလက်မှတ်ထိုးထား တာ ကျွန်မပါပဲဆရာ"

တဲ့။ ဘယ်လောက်လက်ပေါက်ကပ်တဲ့ အဖြေလဲဆိုတာ။ ဆရာက နာမည်စာရင်းကို ငုံ့ဖတ်ပြီးမှ ပြုံးကာ အခန်းထဲမှထွက် သွားသည်။ သူကတော့ Recorder ကိုပိတ်ပြီး ထရပ်တော့ မျက်ဝန်းထောင့်မှ အဝါရောင်ရိပ်ကလေး ဖြတ်သွားတာ တွေ့ရ သည်။ လည်ပင်းပြဲပြဲ တီရှပ်ကအဝါပုပ်ပုပ်ကို ဂျင်း(န်)ပင်(န်) တစ်ထည်နှင့် ခပ်ရိုးရိုးတွဲဝတ်ထားသော သူမက ဆံပင်တွေကို အားလုံးသိမ်း၍ ဆံထုံးမြင့်မြင့်လေးထုံးထားသည်။ ဆံထုံး၌ စိုက်ထားသော ဆံထိုးက တွဲလောင်းကျနေသည်။ ခရစ်စတယ် ကျောက်တန်းလေးတွေက လမ်းလျှောက်သွားတိုင်း လှုပ်လှုပ် ရှားရှား။ ပခုံးထက်မှာ လည်သာအိတ်ကြီးနှင့် စာအုပ်ကို ရင်ဝယ် ပိုက်ပြီး လျှောက်သွားပုံက လည်တိုင်ကျော့မှာ မျက်နှာပါမော့ထား သည်ဖြစ်ရာ မိုက်က မျက်စိတဆုံး လိုက်ကြည့်ပြီးမှ မျက်နှာလွှဲ၍ သွားတန်းတွေပေါ်အောင် အသံတိတ်ရယ်မိသည်။ သူတွေ့ရသော

တစ်ယောက်ဟာ စိုင်းစိုင်းခမ်းလှိုင်သီချင်းထဲကလို ခင်ကြီးကျယ် ဆိုတာမျိုးလား။

◆ ◆ ◆

ဝိုး : ဝိုး : ၈၁၆၀

## အခန်း (၃)

"ဟိုတယ်ရဲ့ စည်းမျဉ်းတွေထဲမှာ ဧည့်သည်တောင်းဆိုတာကို ဝန်ဆောင်မှု မငြီးစတမ်း ပေးရတာမျိုးပဲရှိတယ်၊ ဆရာတို့ ဝန်ဆောင်မှုပေးတဲ့လုပ်ငန်းမှာ ဘယ်တော့မှ မ ,အက္ခရာမသုံးရပါဘူး၊ ဥပမာ မဖြစ်နိုင်ပါဘူးတို့၊ မရနိုင်ပါဘူးတို့ပေါ့၊ ဧည့်သည်ဘက်က ဖြစ်နိုင်တာကို တောင်းဆိုတာတောင် ကိုယ့်ဘက်က အတတ်နိုင်ဆုံး မဖြစ်နိုင်ဘူးဆိုတဲ့စကားမျိုး မပါဘဲ ရှင်းပြရမယ်၊ သဘောကတော့ သူ့အမြင်ကို မပြောင်းလဲဘဲ ကိုယ့်အယူအဆကို သူလက်ခံနိုင်ဖို့အတွက် ကိုယ်က ဆွေးနွေးရမှာမျိုး"

ဆရာက ငြိမ်သက်စွာ နားထောင်နေသော သင်တန်းသားသင်တန်းသူတွေကို တစ်ချက်အကဲခတ်ပြီးမှ…

ဝိုး : ဝိုး : ၈၁၆၀

"ဒီနေ့ သင်ခန်းစာအတွက် လက်တွေ့ခေါင်းစဉ်တစ်ခု အနေနဲ့ ညှိသည်အမျိုးသမီးနဲ့ ဟိုတယ်ဝန်ထမ်းရဲ့ အပြန်အလှန် ဆွေးနွေးမှုအတွက်၊ ကဲ အားလုံးကိုယ်စား ဝန်ထမ်းအဖြစ် ယောကျ်ား လေးဘက်က ဘယ်သူထွက်မလဲ"

ဆရာက ဝဋ္ဋရားရှိ၍ မေးရတာမျိုးပါ။ အကြည့်က မိုက်ထံရောက်ပြီးသား။ သင်တန်းကာလ တစ်ပတ်ခန့်ရှိပြီ။ မေးသမျှ မေးခွန်းတိုင်း မိုက်က ယောကျ်ားလေးဘက်က ဦးဆောင်ဖြေပြီး ဟိုခင်ကြီးကျယ်ကတော့ မိန်းကလေးဘက်က လီဒါ။

"လမိုက်ပါဆရာ၊ လမိုက်ကွ"

"လမိုက်ရေ နိုင်အောင်သရုပ်ဆောင်နော်"

ဘာဘာညာညာတွေနှင့် ထုံးစံအတိုင်း မြှောက်ပင့်အားပေး သံတွေ ထွက်ပေါ်လာသည်။

"ဒါဆို မိန်းကလေးဘက်က"

"ကျော်ပေါ့ ဆရာရဲ့"

"အဟီး…ဒီသင်တန်းမှာ ယောကျ်ားလေးတွေကို ချေမှုန်း နိုင်တဲ့သူဆိုလို့ ကျော်ပဲရှိတာ"

"အောင်မာ…ဘာချေမှုန်းနိုင်တာလဲ၊ နင်တို့မိန်းမတွေက ငါတို့ယောကျ်ားတွေရဲ့ နောက်လိုက်"

ဦး ဦး ၀ ၁ ၀ ပ



"ဘယ်မှာနောက်လိုက်လို့လဲ၊ နင်တို့နဲ့ ဘေးချင်းယှဉ် ထိုင်နေတာ"

"ဘာပဲဖြစ်ဖြစ် ငါတို့မပါဘဲနဲ့ နင်တို့ဘာဝ ထူထောင်လို့မရ ဘူးလေ"

"အောင်မလေး…ထူထောင်လို့ရလို့ပဲ အပျိုကြီးတွေ တစ်ပုံကြီးဖြစ်နေတာ၊ နင်မသိဘူးလား၊ ဟွန်း…နင်တို့ယောကျ်ား လေးတွေသာ ငါတို့မိန်းကလေးတွေမရှိရင် လူတောင်ဖြစ်လာမှာ မဟုတ်ဘူး"

"ဟား…ဟား ကြီးကျယ်လို့၊ လူဖြစ်ဖို့ နင်တို့မိန်းမတွေ တစ်ဦးတည်း လုပ်လို့ရသလား ပြော"

"ဟယ်…နင် ညစ်စုတ်လှချည်လား၊ မိုက်ရိုင်းလှချည် လား"

"အောင်မာ…နင်တို့ပဲ အရင်စပြောပြီးတော့"

တစ်ယောက်တစ်ပေါက်နှင့် စကားနိုင်လုကာ ဆူညံနေ သမျှကို ဆရာက လွှတ်ထားပြီးမှ….

"ကဲ…တော်ကြတော့၊ သင်ခန်းစာအတွက် လေ့ကျင့်ရ အောင်၊ သမီးက ညှိသည်နော်၊ လမိုက်က ဟိုတယ်ဝန်ထမ်း၊ သမီးတောင်းဆိုတာကို လမိုက်က ဖြည့်ဆည်းပေးရမှာ၊ ဒါပေမဲ့

ဦး ဦး ၀ ၁ ၀ ပ

သမီးက မဖြစ်နိုင်တာ တောင်းဆို လမိုက်က ရှင်းပြဖို့စဉ်းစားထား၊ အိုကေနော်"

ကျော်တို့နှစ်ယောက်စလုံး ပြိုင်တူခေါင်းညိတ်ပြလိုက်သည်။ သူကလည်း သူနေရာတွင်ထိုင်ကာ ကျော့်ဘက်မလှည့်။ ကျော်ကလည်း သူ့ကိုမကြည့်ဘဲ ရှေ့တည့်တည့်ပဲကြည့်ကာ မဖြစ်နိုင်တာကို စဉ်းစားထားပြီးသား။ အမြင်ကတ်ကတ်နှင့် သင်းအား ညစ်ရန်အကြံက အတူးဖျစ်ညှစ်ထုတ်စရာ မလိုအောင် ခေါင်းထဲ ရောက်ပြီးသား။ ဆရာက အချိန်ရှစ်နာရီလေးကိုပြကာ…

"အချိန်…နှစ်မိနစ်အတွင်း"

ဟုဆိုကာ အချိန်စမှတ်ပြီ။ ကျော်က လည်ချောင်းတစ်ချက်ရှင်းကာ…

"မင်းက တို့စိတ်ကြိုက် ဝန်ဆောင်မှုပေးနိုင်ပါ့မလား၊ မပေးနိုင်ရင်တော့ မင်းကို ဒီဟိုတယ်က ထုတ်ပစ်ဖို့ ကိုယ်ကွန်ပလိန်းတက်မှာနော်"

"မစ္စစ်ကို ကျေနပ်အောင် ဝန်ဆောင်မှုပေးနိုင်ရင် ဘာဆုလာဘ်ပြန်ပေးမှာလဲခင်ဗျာ၊ အလျော့်အစားက ညီမျှမှ စိတ်ဝင်စားဖို့ ကောင်းတာမျိုးပါ"

"WO! …လမိုက်ကွ"





ထုံးစံအတိုင်း ယောကျ်ားလေးတွေဘက်မှ အသံတွေ ထွက်လာ၏။ ကျော်က ဖျတ်ခနဲပြုံးကာ…

"ထားပါ…မင်းအတွက် လခတစ်လစာညီမျှတဲ့ ဘောနပ်(စ်)ပေးပါ့မယ်၊ ကိုယ် တောင်းဆိုချင်တာက စူပါမင်း(န်)လို"

"စူပါမင်း(န်)ကား ကြည့်ချင်တာလား၊ ရှိပါတယ်၊ ကျွန်တော် အခွေယူပြီးပြ"

"No …မဟုတ်ဘူး၊ စူပါမင်း(န်)လို ကိုယ်တိုင်သရုပ်ဆောင်စေချင်တာ"

"ဗျာ"

"အဟွန်း…မလုပ်ပြနိုင်ဘူးလား၊ ဒီဟိုတယ်ရဲ့ ခေါင်မိုးအထွာကနေ စူပါမင်း(န်)လို ပျံပြတာမျိုးလေ"

ဆရာ့မျက်နှာက ပြုံးစေ့စေ့ဖြစ်သွားသည်။ မိန်းကလေးတွေဘက်မှ

"မဖြစ်နိုင်ဘူး မပြောရဘူးနော်"

"ပြောပါစေဟယ်…ပြောရင် သင်းတို့ရှုံးပြီပဲ"

"အရှုံးမခံချင်ရင် တကယ်ခုန်ချပြ"

"ယောကျ်ားဆိုတာ အပြောနဲ့မဟုတ် အလုပ်နဲ့သက်သေ

ပြ''

မိန်းကလေးတွေ အသံထွက်သလောက် ယောက်ျားလေးအုပ်စုဘက်က ငြိမ်ကျသွားသည်။ ဆရာက အချိန်မှတ်နာရီကို တစ်ချက်ငုံ့ကြည့်ရင်း…

''တစ်မိနစ်နဲ့ စက္ကန့်သုံးဆယ်''

လို့ သတိပေးသလိုအော်သည်။ ကျော်က အနိုင်ရတော့မည့်သူလို မိန့်မိန့်ကြီးပြုံးလို့မဆုံးခင် သူက ဖျတ်ခနဲ မတ်တပ်ရပ်ကာ ကျော့်ခုံနားထိ လျှောက်လာပြီး…

''မစ္စစ်က…ကြည့်ချင်တယ်ဆိုလည်း ဖြစ်အောင်လုပ်ရတော့မှာပေါ့၊ မစ္စစ်ကို ပွေ့ချီခွင့်ပြုပါ''

''ဘာဆိုင်လို့လဲ''

ကျော်က အလန့်တကြားထအော်သည်။ တစ်ခန်းလုံး ငြိမ်ကျသွားပြီး သူ့ကို အထူးအဆန်းသဖွယ် ငေးနေ၏။ မိုက်က အားလုံးကို မျက်လွှာပင့်ကြည့်ရင်း…

''ရူပါမင်း(န်)က မင်းသမီးကိုပွေ့ချီပြီး ပွဲပြတာမျိုး လုပ်ပြချင်လို့ပါ၊ ရူပါမင်း(န်)ကိုလည်း တွေ့ရမယ်၊ ပျံသန်းတဲ့အရသာပါ ခံစားရမယ်၊ ဒါ ကျွန်တော်ပေးနိုင်တဲ့ အကောင်းဆုံးဝန်ဆောင်မှုပါ''





''အိုကေ…နှစ်မိနစ်အတိပဲ လမိုက်''

ဆရာက အချက်ပေးပြီးတာနှင့် တစ်တန်းလုံးရဲ့ ဩဘာသံတွေက စီစီညံထွက်လာသည်။ ယောက်ျားလေးတွေက…

''လမိုက်…လ‥မိုက်၊ လ‥မိုက်''

ဆိုပြီး သံပြိုင်ဟစ်ကြွေးသလောက် မိန်းကလေးတွေက မျက်စောင်းတရှုယ်ရှုယ်။ ထိုကြားထဲမှာ သူမက မိုက်ထံ ဖျတ်ခနဲအကြည့်ဝေ့သည်။ မိုက်က စားလက်စပီကေကို ပူဖောင်းအကြီးကြီး မှုတ်ပြရင်း မျက်ခုံးတစ်ဖက် ဆတ်ခနဲပင့်ပြတော့…

ထူပိတ်မည်းနက်နေသော မျက်တောင်တွေ ဖျတ်ခနဲ ပိတ်ကျတဲ့အထိ ထိုးပစ်လိုက်တဲ့ မျက်စောင်းကြောင့် မိုက်က ပြာမကျသွားပေမဲ့ ယနေ့ရင်ခုန်သံတိုင်းထွာချက်အရ ထိုမျက်စောင်းတစ်ခုကို ဗဟိုပြု၍…။

◆ ◆ ◆

## အခန်း (၄)

"တိ…ဒိ…တွိ…ဒွိ"

သံစုံမြည်လာသော လူခေါ်ဘဲ(လ်)ကြောင့် မိုက်က မျက်နှာသုတ်ပဝါကို ပခုံးပေါ်မှာ ဖြစ်သလိုတင်ရင်း တံခါးကို အတွင်းမှ ဆွဲဖွင့်ပေးလိုက်သည်။ သံဘာဂျာရှေ့၌ ရပ်နေသော နှစ်ယောက်က ထက်ကောင်းနှင့်ချမ်း။

"မင်း…မျက်နှာမသစ်ရသေးဘူး မဟုတ်လား"

ထက်ကောင်းက လှမ်းပြောသည်။ ချမ်းကတော့ ဘေး နှစ်ဖက်ကို အပြောင်ရိတ်ထိုးကာ အရှေ့အနောက် တညီတည်း အရှည်ထားသော ဆံပင်ထောင်ထောင်တွေက ဂျဲ(လ်)အကူအညီ ကြောင့် တောက်ပြောင်စိုလက်နေသည်။ ဘယ်အချိန်ကြည့်ကြည့်





ကြည်လင်ရှင်းသန့်သောသွင်ပြင်မှာ ရှပ်အင်္ကျီအပြာနုကို လက်ကောက်ဝတ်နားအထိပဲ လက်ခေါက်တင်ထားကာ စတိုင် ပင်(န်)အကျပ်နှင့်မို့ ဂကကယ့်ဂျင်း(န်)တဲ(လ်)မင်း(န်)။ ချမ်းက သူတံခါးသော့ဖွင့်နေတာကို စောင့်ရင်း…

"အထူးအဆန်းလုပ်နေပြန်ပါပြီ ထက်ကောင်းရာ၊ ဒီကောင်က မိုးလင်းလင်းချင်း ဘယ်တုံးကမျှား မျက်နှာသစ်၊ သွားတိုက်တာတွေလုပ်လို့လဲ၊ မင်းဂိမ်းဆော့နေတာမဟုတ်လား ဟေ့ကောင်"

ဖွင့်သွားသော တံခါးမှ အထဲသို့ဝင်လာရင်း သူ့လက် မောင်းကို ဖွဖွထိုးပြီး ချမ်းကမေးသည်။

"မဆော့ပါဘူး၊ Game Over ဖြစ်သွားပြီ၊ နောက်တစ်ဆင့်တက်ဖို့ စဉ်းစားနေတာ"

"အသံဖမ်းစက်ကို မင်းကလိနေတာမဟုတ်လား"

ထက်ကောင်းက မှန်စားပွဲပေါ် တွေ့ရသည့် အသံဖမ်း စက်ကို လှမ်းယူရန် လက်အပြင်…

"မဟုတ်ဘူး"

ဆိုပြီး မိုက်က ဆွဲယူကာ အိပ်ခန်းဆီ တောက်လျှောက် ဝင်သွား၏။ ဒါကို တွေ့ဖြစ်အောင်တွေ့သွားသော ချမ်းက

"ဟော့ကောင် မိုက်၊ မင်းဒိုင်လှို့ထားတာတွေရှိပြီပေါ့၊ ထက်ကောင်း ဒီကောင့်မှာ လှို့ဝှက်ချက်တွေရှိနေပြီ၊ သေချာမေးစမ်း"

"မရှိဘူး"

"မရှိဘဲ မင်းဘာလို့ အသံဖမ်းစက်ကို ဝှက်တာလဲ၊ ဒါ ဟိုတယ် Basic သင်တန်းတက်တုံးက မင်းယူသွားတဲ့စက် မဟုတ်လား"

ချမ်းက အခန်းဝမှာ တံခါးဘောင်ကို ကိုယ်တစောင်းမှီရင်း လက်ပိုက်ကာ တကယ့်ဆရာကြီးအထာနှင့် မေးသည်။ မိုက်က အသံဖမ်းစက်ကို ဝှက်ထားပြီး အခန်းထဲကပြန်ထွက်တော့ ပခုံးတစ်ဖက်ဖြင့် တွန်းချိတ်ခေါ်လာတာက ချမ်းပခုံးတစ်ဖက်ကို။ မီးဖိုခန်းထဲရောက်နေပြီဖြစ်တဲ့ ထက်ကောင်းက…

"ချမ်း မေးမနေနဲ့၊ ဒီကောင့်အကြောင်း မင်းသိချင်ရင် ဒီကိုလာခဲ့၊ ဒီကောင့်အကြောင်း အချက်အလက်အစုံ ငါ့မှာရှိတယ်"

စီးတီးမတ်(ထ်)က ဝယ်လာသော အသီးအနှံတွေ ရေခဲသေတ္တာထဲ ထည့်တန်တာထည့်၊ ဒီနေ့ချက်စားမည့် ပုစွန်နှင့် ဂဏန်းတွေကို ဇလုံထဲလှယ်ထည့်ရင်း ထက်ကောင်းကအော်သည်။ မကြာမီ ထမင်းစားစားပွဲရှိရာသို့ ချမ်းက အရင်ရောက်လာပြီး…





"ပြောစမ်းပါဦး…ဒီကောင့်ရဲ့ ထူးခြားဖြစ်စဉ်"

"ငါ့ဟိုတယ်ကိုကွာ နောက်မှလာပြီး ငါ့ကိုဒိုင်လှို့ထားလို့ ရမလားကွ၊ ဒီကောင် သင်တန်းမှာ ခပ်မိမိကောင်မလေးနဲ့ ငြိခဲ့တယ်ကွ"

ထက်ကောင်းက ချမ်းအနားသို့ ကပ်ပြီးပြောပုံက တစ်ဖက်လူမကြားစေရန် အတင်းတုတ်သလိုလိုနှင့်။ အသံကျတော့ အကျယ်ကြီး။ မိုက်က ကော်ဖီကိုင်းခွက်ကြီး သုံးခွက်ဆွဲပြီး ကော်ဖီမစ်တွေ တစ်ခွက်တစ်ထုပ်စီ ဖောက်ထည့်ရင်းက…

"မင်းသိတာဒါပဲလား ထက်ကောင်း"

ချမ်းက ကျောမှီပါသောခုံကို နောက်ပြန်ခွထိုင်ရင်း ထက်ကောင်းနှင့် မိုက်ကို တစ်လှည့်စီကြည့်သည်။ ထက်ကောင်းက အညီတွေကိုင်ထားသော လက်ကို ဆပ်ပြာနှင့် သေချာအထပ်ထပ်ဆေးရင်း…

"မင်းက ကောင်မလေးကို ပွေ့ချီမယ်တောင်လုပ်ခဲ့တာဆို"

မိုက်က ရယ်ဟာဟာနှင့် နှစ်ယောက်စလုံးဘက် လှည့်ကြည့်ပြီး…

"သူက မဖြစ်နိုင်တာ တောင်းဆိုတာကိုး"

"ဘာတောင်းဆိုတာလဲ"

မေးခွန်းဝင်ထုတ်ရင်း ချမ်းက ကော်ဖီခွက်တွေ သွားသယ်တာ စားပွဲမှာချသည်။

"ငါ…ညက ချိ(စ်)ကိတ်တစ်လုံး စမ်းဖုတ်ထားတာ ရေခဲသေတ္တာထဲမှာရှိတယ်၊ ထက်ကောင်း ထုတ်ခဲ့"

"သူက လက်ဗလာနဲ့"

ရွှယ်တတ်ရှယ်တတ်နှင့် ထက်ကောင်းက မျက်စောင်းရှယ်တော့ မိုက်မှာ အမည်မသိသော ကောင်မလေးကို ဖျတ်ခနဲ သတိရသွားသည်။ သူတို့မဆုံဖြစ်တာ ကြာပြီ။ သင်တန်းကာလ ပြီးဆုံး၍ ဆိုင်ရာဌာနတွေမှာ အလုပ်စဝင်တဲ့အထိ ဒီကောင်မလေးရဲ့ အမည်လည်း မသိခဲ့ရ။ ဒါပေမဲ့ တိုက်ဆိုင်မှုရှိတိုင်း ပြုံးဖြစ်တာ ဝန်ခံရပါမည်။ ဥပမာ မျက်စောင်းကိုမြင်တာမျိုး။ စူပါမင်း(န်)ကားကြည့်မိတဲ့အခါမျိုး။

"အောင်မာ…တစ်ကိုယ်တည်းပြုံးစိစိနဲ့"

ပြောရင်း ချမ်းက စွပ်ကျယ်အနီဝတ်ထားသော မိုက်လက်မောင်းကို ပိတ်ထိုးသောအခါ ကြွက်သားမာတွေကြောင့် သူ့လက်နာသွားတာပဲ အဖတ်တင်သည်။

"မှတ်ထား ချမ်း၊ မမြင်ဖူးရင် သေချာကြည့်၊ အဲဒါ





နွားစမြုံ့ပြန်တဲ့ရုပ်"

"လုပ်မနေနဲ့၊ ဘဝတူချင်းပဲ အပေါင်းအသင်းလုပ်တာ၊ ငါက နွားဆို မင်းက ခွေးအဆင့်လောက်ရှိတယ်"

မိုက်က ပြုံးစိစိနှင့် ပြန်ချေပသည်။ ချမ်းက ထက်ကောင်းချပေးသော ချိ(စ်)ကိတ်အား သာသာဖွဲ့မြည်းရင်း…

"ဟား…အရသာကတော့ ခွေးမျိုးတောင်မေ့ဖို့ကောင်းပြီ"

"မင်းဟာမင်း ခွေးမျိုးမေ့ချင်တာ ငါ့ကိတ်ကို တရားခံမရှာနဲ့"

"အေး…မင်း အဲဒီလို လေပေါက်တွေကြောင့် ရည်းစားမရတာ"

"တော်ပါကွာ…ငါက မိန်းကလေးတွေရဲ့ နိုင်းဖတ်အဖြစ်မခံချင်လို့ ထက်ကောင်းရ၊ မင်းလိုနွားပြာကြီး အောက်သွားမရှိုက်ပဲနဲ့ ဟိုကနိုင်းသမျှ တဟဲဟဲလုပ်နေရတာ၊ အားမကျဘူး၊ စိတ်ညစ်ရောကြီး"

"အေးလေ…ဟိုတစ်ခါ ဘီယာဆိုင်လေး ထိုင်မိပါတယ်တာကတည်း ဌာနချုပ်ကို သတင်းပြန်ပို့နေရတာ အကြိမ်ကြိမ်အခါ"

ဒီအခါမျိုး၌ ချမ်းနှင့်မိုက်က တက်ညီလက်ညီ။ သုံးယောက်ထဲမှာ ထက်ကောင်းက မိဘလည်းသဘောတူ ကိုယ်တိုင်လည်း တက္ကသိုလ်ကတည်းက ချစ်ရေးဆိုခဲ့သော စုစုဝေ နှင့် ဖယားငြိမ်ပြီးသား။ ချမ်းစကားကို ထောက်ခံသည့်အနေဖြင့် မိုက်က ခေါင်းညိတ်ရင်း…

"ထားလိုက်ပါ၊ ဒီကောင်က နိုင်ငံတော်ကို တစ်ဖက် တစ်လမ်းက အကျိုးပြုနေတာ"

"အောင်မာ…သူကဘာလုပ်လို့လဲ"

"ဟာ…ချမ်းရ၊ ဒီကောင်နဲ့ စုဝေကောင်းမှုကြောင့် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှာ ဘယ်လောက်ဝင်ငွေတိုးတယ်ထင်လဲ"

"လဒနစ်ကောင်…ခွီးထဲမှပဲ"

ထက်ကောင်းက ဦးအောင်ထဆဲရင်း…

"တော်ပြီ၊ ဒီနေ့ ဆီးဖု(ထ်)နဲ့ မင်းတို့ကို ပီဇာလုပ်ကျွေး မလို့၊ စုဝေက ရုပ်ရှင်ကြည့်မယ်ဆိုတာတောင် ငါငြင်းခဲ့တာ တင်းတယ်ကွာ လစ်မယ်"

ပြောရင်း တကယ်ထရပ်တော့ ချမ်းက အတင်းလက်ပြ ဆွဲကာ…

"စတာပါ ယောက်ဖရယ်"





"ဟိတ်ကောင်"

ထက်ကောင်းက မျက်နှာနီနီနှင့် ထအော်ပြန်သည်။ ကောင်း၌ ညီမရှိမှန်းသိ၍ သူတို့ကစသည်။ စတိုင်း ကောင်းက အဲဒီလိုအော်ဆဲ။ အော်သာအော် စသာစရသည်။ ကောင်းညီမက အခုမှ ရှစ်တန်းကျောင်းသူ။ ထက်ကောင်း အသက်ကြီးမှ ကံစမ်းမဲပေါက်သောညီမမို့ အသက်ချင်းက ကြီးကွာသည်။ မိုက်က ထိုနှစ်ယောက် ဆွဲလားရမ်းလား ဖြစ်နေ ကို ကြည့်ကာရယ်ရင်း…

"ချမ်း…မင်းက သူငယ်ချင်းယောက်ဖဆိုတော့ တွက်က ဒီကောင် သမီးမွေးမှပဲ သူငယ်ချင်းယောက္ခမတော် "

"အေး…မဆိုးဘူး မင်းအကြံ၊ သမီးကြီးရင်း မအေပါ ရတယ်"

"ခွေးကောင်တွေ"

ထက်ကောင်းက မီရာလိုက်ထိုးသည်။ ချမ်းနှင့်မိုက်က ရှေ့ခန်းဆီ ဝရန်းသုန်းကား ထွက်ပြေး၏။ ဒါ သူတို့သုံးယောက် ဖြတ်သန်းနေကျ တနင်္ဂနွေနေ့ပင်။ ဘယ်လောက်အလုပ်များများ ကောင်းကလည်း တခြားလူနှင့် ဂျူတီချိန်းကာ တနင်္ဂနွေတော့

မိုက်အိမ်ကို ရောက်အောင်လာ၏။ မိုက်က ကွန်ဒိုတစ်ခန်းလုံး
တစ်ယောက်တည်းနေတာမို့ သူတို့လိုလည်း ငှဲစရာမိသားစု မရှိ
သုံးယောက်ထဲမှာ ချမ်းကတော့ ဆေးကျောင်းသားမို့ တချို့တနင်္
တွေမှာ ဒီကောင်မပါတာလည်းရှိပေမဲ့ ဒါ ခြွင်းချက်။ ပြေးလို့
လို့မောမှ မိုက်က ဆိုဖာပေါ်ပစ်လှဲကာ…

"ပြောဦး…ချမ်း၊ မင်းတနင်္ဂနွေလေးပတ်ပျောက်ရ
အကြောင်းအရင်း"

"ငါ…ဆပ်ပလီထိတယ်ကွ၊ အဲဒါ ပြန်ဖြေဖို့လုံးနေရ
နဲ့"

"မင်းစကားမလွှဲစမ်းပါနဲ့ မိုက်ရာ၊ ကောင်မလေးနဲ့ မ
အခြေအနေ စုံစမ်းဖို့ ငါနဲ့ချမ်း တိုင်ပင်ပြီးသား"

ထက်ကောင်း လက်ထဲက ရေဗူးကို မိုက်ကထလု
အငမ်းမရသောက်ချပြီးမှ နှုတ်ခမ်းဘေးပေနေသော ရေကို လက်
နှင့် ပွတ်ဆွဲကာ…

"ဘာမှစုံစမ်းစရာမရှိဘူး၊ ဒီလိုပါပဲ၊ သူနိုင်ကိုယ်
ကြိုးရင်း ငြိကုန်တာ ဒါပဲ"

"အခုရော"

"မတွေ့တော့ဘူး"

နိုး : နိုး : ၈ ၁ ၈ ပ



"သူ ဘယ်ဌာနမှာလဲ"

"ဟ…သိမလား၊ ငါကလိုက်ကြည့်နေတာမှ မဟုတ်တာ"

ထက်ကောင်းအမေးကို မိုက်က ဘုတောသည်။ အိမ်နေရင်းမို့ ခွပ်ကျယ်အနီက ဘော်ဒီဖစ်(ထ်)။ ဘောင်းဘီရှည်အဖြူက ကြိုးစည်းပွပွနှင့်ပေမဲ့ မိုက်က ကြည့်ကောင်းပါသည်။ ထက်ကောင်းတို့ ချမ်းတို့လို တော်ရိရော်ရိခန္ဓာကိုယ် အချိုးအစားမျိုးမဟုတ်။ ဘော်ဒီက တမင်လေ့ကျင့်ထားသောကြောင့် လုံးဝအမိုက်စားမို့ မိုက်က တီရှပ်ဝတ်လည်း စတိုင်ကျသည်။ အော်တာရှပ်ဆိုလည်း အထာကျသည်။ တစ်ခုပဲ ပြောစရာရှိတာက ဂျစ်တစ်တစ်၊ မှုန်တေတေရုပ်ကို မပြုပြင်ခြင်းပါ။ ပြောပြန်တော့….

"ပြုပြင်ရအောင် ငါက ပျက်စီးနေတာမှမဟုတ်တာ"

"မိန်းကလေးတွေကျတော့ ချိုချိုသာသာနေမှ ပြောမှ ကြိုက်တာမျိုး"

လို့ ဆိုမိတော့…

"မကြိုက်လည်းနေကွာ၊ တစ်ယောက်တည်းလည်း ဖြစ်တယ်"

တဲ့။ ကျောင်းတုံးက ကိုယ်ရည်းစားထားတော့ အဖော်ရ

နိုး : နိုး : ၈ ၁ ၈ ပ

အောင် မိုက်ကို ဆွယ်တရားဟောတုံးက···

"တော်ပါကွာ···မင်းကြည့်ပြီး စိတ်ညစ်လို့၊ အဖြေလေး တစ်ခါရဖို့ ခယလိုက်ရတာ၊ ခြေသလုံးဖက်ရတော့မဲ့အတိုင်းပဲ"

"သြော်···ဒါကတော့ ငါက သူပေးမှရမှာကိုးကွ၊ ကိုယ် လိုချင်တာရှိတော့လဲ"

"ဟ···မင်းပစ္စည်းတစ်ခုခုလိုချင်လို့ ဝယ်ရင်ရော ဈေးသည်ကို အဲဒီလို ခခယယပြောသလား"

"ဒါတော့မတူဘူးလေကွာ၊ ပိုက်ဆံပေးဝယ်ရတာနဲ့ အချစ် နဲ့က"

ထက်ကောင်းက မျက်နှာအပျက်ပျက်နှင့် ရှင်းမယ်ကြံတိုင်း မိုက်ကတော့ တယူသန်ပင်။

"အတူတူပါပဲကွာ၊ လာနဲ့ဆွဲ့မနေပါနဲ့၊ သူ့ကို မင်းအချစ် လည်းပေးထားရတာပဲ၊ သူ့ဆီက အချစ်ပြန်တောင်းတာ မှုတပြီး သား"

"ဒါပေမဲ့···သူက မိန်းကလေးဆိုတော့ ပေးချင်လာ အောင်"

"အဓိပ္ပာယ်ကိုမရှိဘူး၊ သူပေးရင်ယူမယ်၊ မပေးရင် မယူဘူးပေါ့"





တဲ့။ နှလုံးသားမရှိတဲ့သူအတိုင်း။ အချစ်ရေးနှင့် ပတ်သက် လာလျှင် ဆွေးနွေးလို့မရ။ ချမ်းကျတော့····

"ငါက ချစ်တတ်တယ်၊ ကြင်နာတတ်တယ်၊ ဒါပေမဲ့ လှတာမြင်ရင် မနေနိုင်ဘူးကွ၊ အဟီး ငါ့စိတ်ငါမနိုင်မှာ ကြောက်လို့ ရည်းစားမထားတာ၊ အလှဆုံးထင်ပြီး ရွေးထားတဲ့ ကိုယ့်ရည်းစား ထက် ပိုလှတဲ့ ကောင်မလေးတွေ့ရင် ငါတော့သေပြီဆရာပဲ၊ ဒီတိုင်း ပဲကောင်းပါတယ်၊ လှတာတွေ့ရင် ကြည့်လိုက်၊ ခံစားချင်ရင် သူငယ်ချင်းဖွဲ့ပြီး အိကြာဆွဲလိုက်နဲ့ ပြီးတာပဲ"

ချမ်းရဲ့ဒဿနကို ကြားတုံးက မိုက်က အကျယ်ကြီးထရယ် ရင်း···

"ဒီကောင်က ဝယ်စားမဲ့အကောင်၊ စားတာတောင် ရယ်ဒီ မိတ်မှ၊ သိမ်းထားစရာမလိုဘူးလေ၊ စားပြီးရင် လွှင့်ပစ်ရုံပဲ"

တဲ့။ ထက်ကောင်းကိုကျတော့···

"မင်းကတော့ တစ်သက်လုံး အိမ်ထမင်း အိမ်ဟင်းနဲ့ ပြီးမဲ့ကောင်"

တဲ့။ သူနှင့်ချမ်းက···

"ဒါဆို မင်းကဘာကောင်လဲ"

လို့ ဝိုင်းမေးတော့···

"မင်းတို့ရဲ့ နေထိုင်စားသောက်ပုံကို လေ့လာပြီးမှပဲ ငါ့ဘဝအတွက် ရွေးတော့မယ်"

လို့ဆိုထားသူ။ ထို့ကြောင့် လမိုက်နှင့် မိန်းကလေး တစ်ယောက် သင်တန်းခန်းမှာ ဘာညာသတင်းကြားတာနှင့် ထက်ကောင်းတို့ ချမ်းတို့က စုံစမ်းစစ်ဆေးရန် အားခဲလာကြပေမဲ့

ထုံးစံအတိုင်း လမိုက်ထံက တိကျသော အဖြေတစ်ခု ထွက်ဖို့ဆိုတာ…

ဒီကောင်က သိပ်သည်းဆများသော လျှို့ဝှက်အေးဂျင့် တစ်ယောက်လို။

• • •



## အခန်း (၅)

"ဟေ့ကောင်တွေ…အချိန်ဖြုန်းနေလို့မရဘူးနော်၊ အချိန်က [illegible]စ်နှစ်ဆယ်ပဲရတာ"

"မင်းဟာမင်းပဲ သံပတ်ပေးထားစမ်းပါကွာ၊ ပြီးရင် [illegible]လှတောထဲမှာ မင်းပဲမျောပြီး မင်းပဲအချိန်ပိုထပ်ယူမှာ"

မြတ်သူက ချမ်းကိုလှမ်းပြောသည်။ ချမ်းက အားလုံးရှေ့ [illegible] အင်လျားရဲ့လှေကားကို ဦးအောင်ပြေးတက်ရင်း…

"ဒီအလှတောက ပိုင်ရှင်ကြီးတွေနဲ့ပါကွာ"

လို့ပြောရင်း လှေကားပေါ်မှဆင်းလာသော မိနီစကဒ်တို [illegible]လေးတွေဝတ်ထားသည့် ကောင်မလေးနှစ်ယောက်အား လည်ပြန် [illegible]အောင်လှည့်ငေးသည်။ သို့ပေမဲ့ မျက်နှာကြီးသာ နောက်ဘက်ပါ

သွားတာ လေ့ကားတွေ ပြေးတက်သော ခြေလှမ်းက မလျှော့… မို့ နောက်မှပါလာသည့် အာကာက…

"တွေ့လား…ပြောလို့တောင်မဆုံးဘူး၊ ဒီ… ငမ်းကြောထူပြီ"

"ကောင်မလေးတွေက ချောတာကိုး"

"မဖိန့်နဲ့…ချမ်း၊ မင်းကြည့်တာ ကောင်မလေးတွေမျက်… မှ မဟုတ်တာ"

"ရော်…ခက်ပြီ၊ ငါပြောတာက ပေါင်တံလေးတွေ… တာလို့"

"ဟော့ကောင်…အရှိန်လျှော့ ရှေ့မှာ"

အာကာက အော်ပြီးတားသည်။ ထို့ကြောင့် ရှေ့ဘက်… မျက်နှာလှည့်တော့ လူတစ်ယောက်ရဲ့ ကျောပြင်ကို နီးနီးကပ်… တွေ့ရပြီးနောက် အရှိန်မထိန်းနိုင်သော သူ့ရင်ဘတ်နှင့် ထိုကျော… တို့သည်

"အင့်"

"အို…ကျပြီ"

ကျော်က ရှေ့သို့ငိုက်ထွက်သွားပြီး ရင်ဘတ်၌ ပွေ့ပို… ထားသော ဖိုင်တွဲတွေ ဖုန်းတွေက လမ်းဘေးမြက်တောစပ်…





ပက်ကြဲချလိုက်သလို မီးဝင်းဝင်းတောက်နေသော ဒေါသဖြင့် သူ့ကို နောက်လှည့်ကြည့်ကာ ရန်စွာမယ်ပြင်ဆဲမှာပဲ ကျော့်ထက် ထိုလူက အကြီးဦးကာ…

"ဆောရီးပါဗျာ…ကျွန်တော် အငေးလွန်သွားလို့ပါ၊ ကျွန်တော့်ကြောင့် ကျတာတွေ ပြန်ကောက်ပေးပါ့မယ်"

"ရှင့်ကြောင့်ကျတာတော့ ရှင်ပြန်ကောက်ရမှာပေါ့"

မှန်းထားတာထက် လေသံက အားပျော့သွားပေမဲ့ ရန်ကတော့ မဖြစ်မနေ စွာလိုက်ရမှ ကျော်က နေသာထိုင်သာရှိသွားသည်။ ကျော့်ပစ္စည်းတွေကို ထိုလူ၏ အပေါင်းအသင်းများ ဖြစ်ဟန်တူသူနှစ်ယောက်ကပါ ဝိုင်းကူကောက်ပေးတာမို့ ခဏချင်းပင် ပြန်ရပါသည်။

"ကျွန်တော် ထပ်တောင်းပန်တယ်နော်"

တီရှပ်အဖြူရောင်နှင့် ပြောက်ကျားဘောင်းဘီတိုပွပွဝတ်ထားသော ဝင်တိုက်သူက ကျော့်ကို ခေါင်းညွတ်ပြီး အလေးအနက်ထပ်ပြောသည်။ ထိုသူသည် အသားအရေကအစ အရောင်အဝါတစ်မျိုး လျှံထွက်နေသလိုရှိကာ သူ့ရဲ့ယဉ်ကျေးပျူငှာခြင်းနှင့် ပေါင်းစပ်လိုက်သောအခါ လူရည်သန့်ရုပ်ကလေးနှင့် တန်းထွက်လာ၏။ ကျော်က ကိုယ့်ပစ္စည်းတွေကို သေချာအောင် ပြန်စစ်ကြည့်

ပြီးမှ···

"ရပါတယ်၊ ရှင် ပြန်ကောက်ပေးပြီးပြီပဲ"

အပြုံးတစ်ချက်နှင့် မေးဆတ်နှုတ်ဆက်ရင်း လေကား နောက်တဆစ်ကို လှမ်းအတက်···

"အယ်···ဒုက္ခပဲ"

ကျော့်နှုတ်ဖျားမှ အလိုအလျောက် ထွက်ကျသွားရသည်။ ကျော်စီးလာသော ကြိုးသိုင်းခေါက်မြင့်လေး ခြေသန်းထောင့်သိုင်း ကြိုးလေးက ထောက်ခနဲ ပြုတ်ထွက်သွားခြင်းပင်။

"ခင်ဗျားဖိနပ် ပြုတ်သွားပြီ"

အသံက ဝင်တိုက်သူထံမှ ထွက်ပေါ်လာတာဖြစ်ပြီး သူက ရုတ်ခနဲ ကျော့်ခြေထောက်နား ထိုင်ချပြီး···

"ကြိုးသိုင်းဖိနပ်တွေက ဒီလိုပြုတ်ထွက်သွားရင် ဘာမှ ဆက်လုပ်လို့မရတော့ဘူးဗျ"

"ဟုတ်ပါရဲ့···ဒီဖိနပ်ကလဲ"

"ဒီလိုလုပ်လေ···ကျွန်တော် လှည်းတန်းဈေးမှာ ဖိနပ် သွားဝယ်ပေးမယ်၊ ဈေးနဲ့နီးတာပဲ"

"အို···မဟုတ်တာ"

ကျော်က အသည်းအသန်ငြင်းသည်။ စိတ်ထဲမှာလည်း





အသိနှယ် အခုမြင် အခုတွေ့ လူကို ဖိနပ်အထိ သွားဝယ်နိုင်းလို့ ကောင်းဟု အတွေးကဝင်လာသည်။ ထိုလူကတော့ အားတုံ့အားနာ ဖြစ်နေသော ကျော့်မျက်နှာကို မော့ကြည့်ရင်း···

"ဟုတ်လိုက်ပါဗျာ···ခင်ဗျားဖိနပ်အပြတ်ကြီးနဲ့ ဘယ်လို ဖြစ်မှာလဲ"

"ကျွန်မ သူငယ်ချင်းနဲ့ ဒီမှာချိန်းထားတာရှင့်၊ သူလာရင် တော့"

"သူလာတဲ့အထိ ခင်ဗျား ခြေဗလာကြီးနဲ့ ထိုင်စောင့်နေရ မှာပေါ့၊ ကျွန်တော် သွားဝယ်လိုက်ရင် ခင်ဗျား ဆယ့်ငါးမိနစ်အတွင်း ဖိနပ်ပြန်ရပြီ"

"ဟို···အဲဒါက"

ကျော်က သူငယ်ချင်းလာရာလမ်းဆီ လည်ပင်းရှည်ပြီး လှမ်းမျှော်ကြည့်သည်။ ချိန်းထားသူက အခုထိ အရိပ်အယောင် တောင် မမြင်ရသေး။ ဒီနေ့မှ ကျော့်ကားကလည်း အသေးစားပြင် ဆင်မှုရှိ၍ ဝပ်ရှော့ပို့ထားရတာမို့ ကားကပါမလာ။ ခေါင်းထဲ အတွေးတွေက တောင်စဉ်ရေမရဖြစ်နေတုံးမှာပဲ ကျော့်ခြေထောက်က ဖိနပ်ကို ဖျတ်ခနဲ ဆွဲအလုခံလိုက်ရပြီး···

"ကဲ···တွေဝေမနေနဲ့၊ အချိန်ကုန်တယ်၊ ခင်ဗျား ဒီနားက

ပဲထိုင်စောင့်၊ ကျွန်တော် သွားဝယ်လိုက်မယ်၊ ဒီဇိုင်းနဲ့အရောင်က ဒါမျိုးပဲယူမှာလား"

ကြိုးတစ်စက ကိုင်ပြီး ဖိနပ်ကို တွဲလောင်းချမေးတာကြောင့် ကျော်က ခေါင်းယမ်းပြရင်း…

"ရှင်…အဆင်ပြေတာပဲဝယ်ခဲ့ပါ၊ စလစ်ပါတော့ ကျွန်မ မစီးတတ်ဘူးနော်"

"အိုကေ…သုံးမိနစ်ပဲစောင့်"

ချမ်းက တီဗီထဲက ကြော်ငြာအတိုင်း မြူးမြူးလေးရွှတ်ပြီး လေှကားထစ်တွေဆီ အပြေးဆင်းတော့ ဘေးနားမှာ မြတ်သူနှင့် အာကာပါ ကပ်ပါလာကြကာ…

"မင်းပြောတော့ အချိန်မရဘူးဆို"

"မိနစ်နှစ်ဆယ်ဆို အခုရပ်စကားပြောတာတင် နှစ်ဆယ့်ငါးမိနစ်ဖြစ်နေပြီ"

"ထွက်းထွက်းသီချင်းခေါင်းစဉ်တွေ လာရွတ်ပြမနေနဲ့ မြတ်သူ"

သူက ရပ်တည်နှင့်ဖိနဲ့တော့ အာကာက မျက်ထောင့်နီကြီးနှင့် ကြည့်ရင်း…

"လမ်းကြောင်းတွေ လွှဲမနေနဲ့၊ မင်းချောလို့ ဝင်ရောမှန်း

နိုး၊နိုး၊၈၁၈၀



သိတယ်"

"သိရင်ပြီးတာပဲ၊ တစ်နေ့တစ်နေ့ကွာ ကျောင်းစာအုပ်အထူကြီးတွေ ဖော်မလင်နံ့တွေနဲ့ လူရိုးခေါင်းတွေပဲ ကမ္ဘာ့ဌာန်းရှုနေရတာ၊ ဒါမျိုးလေးတွေ့တုံး ကူညီတာ အမောပြေတယ်၊ ဦးနှောက်ကြည်တယ်၊ ဖုန်းနံပါတ်တောင်းပြီး ညဘက်ဖုန်းပြောခွင့်သာရရင် ကော်ဖီတွေ တီးမစ်တွေမလိုဘူးကွ၊ အဲဒါ မအိပ်ချင်ဆေး"

"ဟွန်း…မင်းက တတ်လည်းတတ်နိုင်တဲ့ကောင်"

"တတ်နိုင်ဆို ရှုပါကလည်း လန်းတာကိုး"

"တော်ပါ"

ပြောမဲ့သာပြောကြတာ ဖိနပ်ဝင်ဝယ်တော့လည်း ဒီနှစ်ယောက်က အားကိုးရသား။ သင့်တော်မယ်ထင်တာတွေ ရွေးပေးကြပြီး သူစိတ်တိုင်းအကျဆုံး အညိုနုရောင်ဖိနပ်လေးတစ်ရံ ရွေးဝယ်လာခဲ့သည်။ သူတို့ပြန်လာတဲ့အထိ သူမက လေှကားထစ်တွေမှ ငုတ်တုတ်ထိုင်စောင့်ဆဲ။ ချမ်းက ဖိနပ်ဗူးကို သူမဆီ ကမ်းပေးရင်း…

"ကြိုက်ရဲ့လားမသိဘူး၊ လှမယ်ထင်တာတော့ ရွေးလာတာပဲ"

"အမှန်အတိုင်းပြောရရင်တော့ သူများရွေးတာဆိုတော့

နိုး၊နိုး၊၈၁၈၀

ကိုယ့်အကြိုဂေါ်နဲ့ ဘယ်ထပ်တူညီပါ့မလဲ''

ကျော်က ခပ်ပြုံးပြုံးပြောရင်း အညိုရောင် ကြိုးသိုင်းဖိနပ်ကို စီးပြီးမှ...

''ဖိနပ်ဖိုး''

''နေပါစေ''

''မဟုတ်တာပဲရှင်...ရှင်က ကူညီလည်းကူညီရသေး ဖိနပ်ပါ ဝယ်ပေးရတာမျိုးကတော့''

''ကျွန်တော့်မှာ ရောဂါတစ်ခုရှိတယ်''

သူက ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်ထားရင်းက ကျော့်ကို ပြုံးယောင်သမ်းသော မျက်ဝန်းများနှင့် ငေးရင်း...

''မိန်းကလေးလှလှမြင်ရင် လက်ဆောင်ပေးချင်နေတဲ့ ရောဂါပဲ''

''ဩော်''

အခုမှ သဘောပေါက်သွားသလို ကျော်က ဟက်ဟက်ပက်ပက်ရယ်ပြသော နီထွေးသောနှုတ်ခမ်းတွေက ဆွဲဆန့်သလိုဖြစ်သွားကာ ပိုရှုံအရောင်ရင့်လာပြီး သွားတန်းစီစီတွေကို တွေ့ရသည်။

''အဲဒါကြောင့် ဒီဖိနပ်ကို ကျွန်တော့်လက်ဆောင်လို့ သတ်မှတ်ပေးပါ၊ ကျွန်တော် ကြည်သာချမ်းပါ၊ ဟိုဘက်က မြတ်သူ





တဲ့၊ ဒီတစ်ယောက်က အာကာပါ၊ ကျွန်တော်တို့က Final Part I တက်နေကြတဲ့သူတွေပါ''

''ကောင်းပါပြီရှင်၊ ကျွန်မ မှတ်ထားပါ့မယ်''

ကျော်က ခေါင်းလေးညွှတ်ပြီး တလေးတစားပြောတော့ ချမ်းက...

''မှတ်ထားရုံနဲ့ မရဘူးလေ''

''ဘာဖြစ်လို့လဲ''

''အမိန့်မှာမည်လည်း ကျွန်တော်တို့ကို ပြန်ပြောခဲ့ဦးလေ၊ မိတ်ဆက်ကြတဲ့ဝတ္တရားအရ အပြန်အလှန်ပေါ့''

သူမက ချမ်းစကားအဆုံးမှာ မျက်ခုံးကလေးပင့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ...

''ကျွန်မမှာလည်း ကြည်သာချမ်းလိုပဲ ရောဂါဆန်းတစ်ခု ရှိတယ်ရှင့်''

''ဘာများပါလိမ့်''

''တခြားတော့မဟုတ်ပါဘူး၊ ကျွန်မက ခုမြင်ခုတွေ့လူကို ကိုယ့်နာမည်ပြောပြီး မိတ်မဆက်တတ်တဲ့ရောဂါပါ''

ချမ်းမှာ ကိုယ့်စကားနှင့်ကိုယ် ပြန်အရှုံခံရတာမို့ ခေါင်းငုံ့ကာ ရယ်ကျဲကျဲလုပ်ရင်း...

"သေပြီဆရာပေါ့"

သူမပုံစံက ချမ်းဖြစ်အင်ကို သဘောကျပြီး အသံထွက်အောင်ရယ်ပုံက အစမခံသော ကလေးအား မငိုငိုအောင် ကျီစယ်နေပုံနှင့်တူကာ…

"နောက်ကြုံဦးမှာပေါ့၊ ဖိနပ်အတွက် သင့်(ခ်)ယူ၊ ကျွန်မကို ခွင့်ပြုဦး"

"သူငယ်ချင်းစောင့်ရဦးမှာဆို"

"မလာနိုင်တော့ဘူးတဲ့၊ ရှင်တို့သွားတုံး ဖုန်းဝင်လာလို့ သွားပြီနော် ဘိုင့်"

သူမက လက်ချောင်းလေးတွေ လှုပ်ရုံနှုတ်ဆက်ပြီး လှေကားထစ်တွေကို ဆင်းချသွားသည်။ ချမ်းက သူမနောက်ကျောကို ဒီအတိုင်းရပ်ပြီး တွေဝေစွာငေးနေရာမှ ဖျတ်ခနဲ သတိဝင်လာသလို လှေကားအောက်ခြေထိ ရောက်နေပြီဖြစ်သော သူမနားသို့ အလစ်တွေကျော်ဆင်းပြီး ပြေးလိုက်သွားကာ ဖျတ်ခနဲ သူမရှေ့ပိတ်ရပ်ပစ်လိုက်သည်။ သူမက ချမ်းကို စူးစမ်းသလို မျက်ခုံးလေးချီပြီး ကြည့်ရင်း…

"ဘာပြောစရာ ကျန်သေးလို့လဲ"

"ပြောစရာမဟုတ်ပါဘူး၊ တောင်းစရာ"

ဝိုး၊ဝိုး၊ ၀၁၉ပ



"အပွန်း…ဖိနပ်ဖိုးမဟုတ်လား၊ အစောကြီးကတည်းက …လို့ပြောထားတဲ့ဥစ္စာ"

အပြုံးတစ်ဝက်နှင့်ပြောရင်း သူမက အညိုရောင်ဘေးလွယ် …တ်ကြိုးဆီ လက်လှမ်းသည်။ ချမ်းက ရှုတည်တည်နှင့် သူမကို …ကြည့်ရင်း…

"မဟုတ်ပါဘူး၊ အခုပေး အခုပြန်ယူစိတ်ပေါက်ရအောင် …တော်က သူငယ်နှပ်စားမဟုတ်ဘူး"

"ဒါဆို ဘာကိတ်"

"အဓိ…ဖုန်းနံပါတ်"

"သြော်…ဟော် ဒါလား"

သူမက ခေါင်းငုံ့ကာရယ်ရင်း…

"ရှင့်ဖုန်းနံပါတ် အရင်ပြော"

ချမ်းက အတွန့်အဆုတ်မရှိဘဲ…

"0951…."

ချမ်းရွတ်ပြသော နံပါတ်ကို သူမက ဖုန်းထဲထည့်မှတ်ပြီး

"အိုကေလေ…ကျွန်မအားတဲ့အချိန် ဖုန်းခေါ်လိုက်ပါ့ …"

ဝိုး၊ဝိုး၊ ၀၁၉ပ

ပြောပြီး ချမ်းကို ကွေ့ရှောင်ဆင်းသွားတော့ သူ့မှာ အ...

တကောနှင့်…

"ဟော့…ဒီမှာ ကျွန်တော်က ခင်ဗျားဖုန်းနံပါတ်တော...

တာလေ"

"စိတ်စောလှချည်လား၊ ရှင့်ဆီဆက်ရင် ကျွန်မနံပါ...

ရှင်သိရမှာပဲကို၊ ဆီးယူ…ဘိုင့်"

ဒီတစ်ကြိမ်တော့ သူပြေးလိုက်၍မရ။ သူမက ပ...

ဖောင်းပေါ်မှ တက္ကစီတစ်စင်းကိုတားပြီး ကားပေါ်ပါသွားချေ...

ချမ်းက ခါးထောက်ကာ မကျေမနပ်နှင့် ခြေဦးထိပ်ရှိ မြင်မြင်...

လွဲကန်မိတာ ဒေါသတော့မပါ။ အပွဲပွဲနွှဲလာသမျှ သူမနှင့်...

ဆိုတဲ့ အတွေးကြောင့် မခံချိမခံသာဖြစ်ရုံသာ။

"မဆိုးဘူးကွ…ဖိနပ်ဖိုး သောင်းချီအဆုံးခံလိုက်ရ...

တန်တယ်"

မြတ်သူက အနားရောက်လာကာ သူ့ပခုံးကိုဖက်...

ပြောသည်။

"အချိန်ရှားပါးတဲ့ ဆေးကျောင်းသားတွေ တစ်...

လောက် အချိန်ဖြုန်းလိုက်တာလဲ တန်တယ်"

အာကာကလည်း ဝင်နောက်၏။







"တန်တယ်ပြောရအောင် ငါ့ကောင်ကြီး ဘာပြန်ရလဲ"

"သူ့ဖုန်းနံပါတ်ပါ အဆစ်ပေးလိုက်ရတယ်လေ"

ပိုးလာသောစကားက အဆုံးသတ်ကျမှ သူ့ကိုနှိပ်ကွပ်ခြင်း

ဖြစ်လေရာ…

"ခွေးသူခိုးတွေ"

ပျစ်ပျစ်နှစ်နှစ်ဆဲပြီးမှ သူ့နှုတ်ခမ်းတွေ ပြုံးကျသွားကာ

...က်ဝန်းထဲ ရယ်မြူးရိပ်သန်းနေ၏။ သူမနှင့်တွေ့ပြီးမှ ရှိပြီးသား

...ရောဂါက တစ်ဆင့်ထပ်တိုးသည်။ မိန်းကလေး ချောချောတွေထဲ

...မှ သူမကိုသာ ရွေး၍ ရင်ခုန်ခြင်းနှင့် နောက်တစ်ကြိမ်တွေ့ဆုံလို

...ခြင်းဟုဆိုလျှင်…

အချစ်က သူနှင့်သူစိမ်းပြင်ပြင်လို ဖြစ်နေရာမှ အခုတော့

သူ့အနားရောက်လာပြီထင်၏။

◆ ◆ ◆

## အခန်း (၆)

"မိုက်…ငါဒီမှာ"

"အေး"

မိုက်က ကင်း(န်)တင်းထဲမှ လက်လှမ်းပြသော

ထက်ကောင်းအား ခေါင်းတစ်ချက် ဆတ်ကာ လက်ပြန်ပြတော့…

"ထက်ကောင်းလား"

"အင်း"

ဖုန်းထဲမှ ချမ်းကမေးပြီးမှ…

"လဒက…ငါဖုန်းခေါ်တာမကိုင်ဘူးကွ"

"မင်းမဟုတ်တရုတ်တွေ ပြောမှန်းသိလို့နေမှာ"

"ဟော့ကောင်…တကယ်ပြောတာကွာ၊ အဲဒီတစ်ယော





သူပုံက တကယ်ရင်ကိုထိကာ၊ မျက်နှာ၊ ကိုယ်လုံးကိုယ်ပေါက်ဘာမှအပြစ်ပြောစရာမရှိတဲ့အပြင် ဝတ်စားဆင်ယင်မှုလည်း အမှတ်ပြည့်ပဲကွ၊ အစိမ်းရောင်ကော်လံအထောင်နဲ့ အင်္ကျီက လက်မောင်းလေးကို ဒူးဖုံးစကဒ်အနက်ရောင်နဲ့ တွဲဝတ်ထားတာကွ၊ လုံးဝမေတ်(ထ်)ဖြစ်တယ်ကွာ၊ ပြီးတော့ ထူးခြားတာက သူ့ဆံပင်ကွ"

"ဘာလဲ…အသက်ငယ်ငယ်နဲ့ ဆံပင်တွေဖြူနေလို့လား"

"ဟော့ကောင်"

ဗီလင်လာနေတုံး မိုက်က ထဖောက်လိုက်သဖြင့် ဖုန်းထဲမှ ဘာသာကွဲဆဲဆိုသံတွေ ထွက်လာသည်။ မိုက်က ဝါးလက်စဝီကောကို အမှိုက်ပုံးထဲ ထွေးထုတ်ရင်း ကင်(န်)တင်းထောင့်၌ စီထပ်ထားသော စတီးဗန်းလေးတွေ တင်ထားသည့် စင်ဆီ လျှောက်လာခဲ့၏။ ဒီဟိုတယ်မှာ ဂျူတီအလိုက် စားသောက်ချိန်ကိုပါ ထည့်သွင်းပြီး အချိန်ဇယားရေးဆွဲပေးထားတာမို့ ဝန်ထမ်းတွေအတွက် အဆင်ပြေသည်။ သို့ပေမဲ့ ဂျူတီချိန်ကတော့ ပုံသေမဟုတ်။ တစ်လတစ်ခါရှိဂျူပြောင်းလဲလေ့ရှိသည်။ ဒီလတော့ သူနှင့်ထက်ကောင်းက နေ့က်ကိုးနာရီမှ ညကိုးနာရီအထိ အတူတူကျတာကြောင့် ဌာနချင်းတူပေမဲ့ ထမင်းစားချိန်ဆိုရင်တော့ ကင်(န်)တင်းမှာ အမြဲဆုံလေ့ရှိသည်။ ထမင်းစားပန်းကန်ကလည်း ရိုးရိုးပန်းကန်ပြားမဟုတ်ဘဲ

စတီးဇွန်းလေးမှာ အကန့်လေးတွေ ခွဲပေးထားသည့်ဇွန်းမျိုး
ဒါလည်း တစ်မျိုးကောင်းတာပါပဲ။ ဇွန်းတစ်ခုထဲ သူ့အကန့်နှင့်သူ
ထမင်းဟင်းတွေ ထည့်ပေးကာ ဖွန်းခက်ရင်းတွေဆွဲပြီး စားရုံပင်
ပြီးလျှင် ကော်ဖီနှစ်သက်သူက ကော်ဖီ၊ အအေးကြိုက်သူက အအေး
နှင့် ဝါသနာပါရာ အချိုတည်းခွင့်ရှိသေးသည်။ မိုက်က ဖုန်းကို
တစ်ဖက်ကကိုင်ရင်း စတီးဇွန်းတွေ ဆွဲယူနေသည့်လူအုပ်စုကို ရှောင်
ကာ…

"လာဆဲမနေနဲ့ ဟကောင်၊ မင်းဟာက လှတာတော့ထား
ပါ၊ ဟိုကနိုင်းသမျှ လုပ်ပေးလာရတာကြီးကတော့ မမိုက်ဘူး
ကြားရတာ နားကလောတယ်"

"မိုက်ရ…မင်း ဒါတွေနားမလည်သေးပါဘူး၊ မိန်းမချော
ချောဆိုတာ"

"ခံလာရတာကို မင်း လှတကာဖုန်းဆက်ကြွားစရာလား
သူဟာသူ ပပဝတီဖြစ်နေပလေ့စေ ရုက်စရာကြီး၊ ထပ်မကြွားနဲ့တော့
ပါးစပ်ပိတ် ငြိမ်ငြိမ်နေ၊ ယောကျ်ားသိက္ခာကျတယ်ကွ"

မိုက်က ဖုန်းပြောရင်း လက်တစ်ဖက်က ဖွန်းနှင့်ခက်ရင်း
လှမ်းယူကာ ဖုန်းကို မေးရိုးနှင့်ပခုံးကြားညှပ်ပြီး အားသွားသော
လက်နှင့် စတီးလင်ဗန်း လှမ်းအယူ…

ဝိုး ဝိုး ၈၁၈၄



"အို…ဘယ်လိုဖြစ်တာလဲ"

နွေးထွေးအိစက်သော လက်ဖမိုးအထိအတွေ့နှင့် ခပ်ကျိတ်
တ်အသံကြောင့် ဒီဘက်လှည့်ကြည့်မိတော့ မိုက် မျက်ခုံးအစုံ
ဘက်သွားသည်။ နှုတ်မှလည်း မနေနိုင်မထိုင်နိုင်။

"သြော်…မင်းကိုး"

လို့ နှုတ်ဆက်သလို မှတ်မိသလို အသံထွက်သွား၏။
ကတော့ အခုချိန်အထိ အုပ်မိုးအကိုင်ခံထားရသည့် ကိုယ့်လက်
ဖက်ကို လွတ်အောင်ရုန်းထွက်ရင်း ဇွန်းနှင့်ဖွန်းခက်ရင်းကို ဆောင့်
ဆောင့်ယူသည်။ ကျော်အမြင်ကတ်သော ထိုတစ်ယောက်သည်
လောက်စရာရယ်သံသဲ့သဲ့ကို အသံပြုရင်း…

"ဒါပဲဟေ့ကောင်…ငါ ဖုန်းချတော့မယ်"

လို့ပြောကာ ဇွန်းယူရင်း ထမင်းဟင်းယူသည့် ကောင်တာ
သို့ ကျော့နောက်မှ ကပ်ပါလာကာ…

"ဆောရီးပဲ…ခုနကကိစ္စအတွက်"

လက်ချင်းထိမိငြိမိသည့် အကြောင်း တောင်းပန်ပုံက
ရင်းနှင့်မဟုတ်ဘဲ လူကိုလှောင်သလိုပြောင်သလိုနှင့်မို့ ကျော်
မျက်နှာကို အတင်းဆုံးတည်ပစ်ရင်း…

"မလိုပါဘူး"

ဝိုး ဝိုး ၈၁၈၀

ပြောကာ ကိုယ်လိုတာ ထမင်းဟင်းရတာနှင့် သူ့ရှေ
ထွက်ခဲ့ပြီး စေးရာစားပွဲဝိုင်းဆီ။ ဒီလူက ကျော့်အတွက်တော့ မျက်
မြင် မုန်းမိပါစေဆိုသည့် ကျိန်စာများမိလေသလားမသိ။ ဒီလူ
ဒီလူ့မျက်နှာကို မြင်တာနှင့် ဒေါသပွားရတာမို့…

ဒီလိုလူနှင့် ကျော်က လေတင်လေအောက်တောင် မ
ချင်။

◆ ◆ ◆



## အခန်း (၇)

"အဲဒီ့တစ်ယောက်လား"

"အင်း"

မိုက်က ထမင်းတစ်ဇွန်းလုံးကို ပါးစပ်ထဲသွင်းရင်း ဇွန်းကို ပြန်မထုတ်သေးဘဲ အင်းလိုက်သည်။ ထက်ကောင်းနှင့် သူထိုင်နေသော စားပွဲက သူမနှင့် မနီးပေမဲ့ သူမရဲ့ ဘေးတစ်စောင်းပုံရိပ်ကို ထင်ထင်ရှားရှားတွေ့ရသည့်နေရာ။ ထက်ကောင်းက ဒီဟိုတယ်မှာ လုပ်သက်က ဝါရင့်သမ္မာရင့်။ ဟဲလေးသီချင်းအရဆို အိုး(လ်)ဆားဗစ်ဖြစ်နေတဲ့ကောင်ဆိုတော့…

"သူက ဘန်းကွင့်ဌာနကကွ"

"အဲဒီမှာဘာလုပ်ရတာလဲ"

"ပွဲစီစဉ်ပေးတဲ့ဌာနကွာ၊ သူ့ယူနီဖောင်းက အဖြူနဲ့ကြက်သွေးရင့်ဆိုတော့ ဟုတ်ပါတယ်၊ ဘန်းကွင့်ပါ၊ မင်း အခုထိ သူ့နာမည် မသိသေးဘူးလား"

"ဘာလုပ်ဖို့လဲ"

ကြက်ရိုးနှင့်ပဲ ရောချက်ထားသော အရည်ဟင်းကို မိုက်က တစ်ဇွန်းခပ်သောက်ရင်း မေးသည်။ မေးပုံက အူတူတူမို့ ထက်ကောင်းတောင် ကြောင်သွားပြီးမှ…

"အကြောင်းပြချက်တော့ ရေရေရာရာမရှိဘူးလေ၊ ဒါပေမဲ့ နမြောစရာကွ"

"ဘာကိုလဲ"

"ဒီလောက်လှပြီး ဒီလောက်စမတ်(ထ်)ဖြစ်နေတဲ့ တစ်ယောက်က မင်းနဲ့မှ ရန်ဘက်ဖြစ်ရတယ်လို့"

ထက်ကောင်းက တရားကျသလိုပြောသည်။ မိုက်က ထက်ကောင်းရဲ့စကားကိုတော့ အသိအမှတ်ပြုရပါမည်။ သူမက သိပ်လှပါ၏။ ခပ်ဝေးဝေးကတောင် ထင်းနေအောင် မြင်ရသည့် မျက်ခုံးတန်းသည် စိမ်းညို့မှောင်နေကာ သူနှင့်တွေ့သမျှတော့ ထိုမျက်ခုံးလေးတွေမှော အမြဲစုကျုံ့နေတာ သနားစရာ။ ထူထဲကော့ ရှော့နေသော မျက်တောင်တွေနှင့် နှာတံစင်းစင်းတွေက အပြစ်ပြော





စရာမရှိ။ ရှာကြံပြီး ဝေဖန်လျှင်တော့ ထောင့်ချိုးညီသော နှုတ်ခမ်းပါးတို့မှာ အပေါ်နှုတ်ခမ်းလေး ခပ်ထော်ထော်ဖြစ်နေတာကတော့ ဒါ ရန်စွာမည့်သူဟု သတ်မှတ်နိုင်သည်။ ပြုံးခဲရယ်ခဲသော သူမမှာ ပါးချိုင့်ရာထင်းထင်းလေးက ရှားပါးပစ္စည်းတစ်ခုဖြစ်သည်။ ဆံပင်အားလုံးကို အပြောင်သိမ်းပြီး ဆံထုံးဖွဖွလေးထုံးထားသည်။ ဟိုတယ်ယူနီဖောင်းဖြစ်သော အဖြူရောင်ကော်လံပါ အင်္ကျီလက်ရှည်ပေါ် ကြက်သွေးရောင်မိနီစကဒ်။ ကြက်သွေးရောင် ဗေ့(စ်)ကုတ်နှင့်မို့ ထက်ကောင်းပြောသလို ရန်ဘက်ဖြစ်ရတာ နမြောစရာတော့ အကောင်းသားပင်။

"မင်းနေရာမှာ ချမ်းသာဆို သေချာတယ်၊ ဝင်လုံးပြီးသား ဖြစ်မှာ"

"ငါက ချမ်းမှမဟုတ်တာ"

"ဒါပေမဲ့ ငါကတော့ ချမ်းလို့သဘောထားပြီး အကျိုးဆောင်ပေးပါ့မယ်၊ ဘန်းကွင့်မှာ ငါလူတွေရှိတယ်၊ နာမည်သိအောင် စုံစမ်းခိုင်းမယ်လေ"

ထက်ကောင်းက သွားနားနားကပ်ပြီးပြောကာ…

"ဘယ်လိုလဲ ဟောကောင်"

"ထားလိုက်ပါ၊ အခြေကြီးမဲ့ရုပ်ကြီးနဲ့"

ကော်ဖီသောက်ကာ အင်္ဂလိပ်သတင်းစာအား စိတ်ဝင်တစား ဖတ်နေသော သူမအား မိုက်ကကြည့်ရင်း ပီကေတစ်ခုပါးစပ်ထဲထည့်ဝါးသည်။ ထို့နောက် မေးဖျားလှုပ်ရုံဝါးနေရာမှ ရုပ်ကပြုံးစေ့စေ့ဖြစ်လာပြီး…

"ထက်ကောင်း"

"ဟင်"

နှုတ်ခမ်းမဖွင့်ဘဲ ထက်ကောင်းကထူးသည်။

"သူ့မှာ ငါတို့လိုပဲ နိမ်းကဒ်ရှိတယ်မဟုတ်လား"

"အေး…ရှိတာပေါ့၊ ဘယ်ဘက်ရင်အုံမှာ ထိုးထားတယ်လေကွာ"

ပြောပြီးမှ မိုက်ရဲ့ပြုံးနေသော နှုတ်ခမ်းတွေကိုကြည့်ကာ

"မင်းပြုံးရင် ငါကြောက်တယ်နော် မိုက်၊ ငါ့နည်းနဲ့ငါလုပ်ပေးပါ့မယ်၊ ကင်(န်)တင်းထဲ ဗရုတ်သုတ်ခတွေ"

"မင်း ငါ့နောက်ကလိုက်ခဲ့"

တောင်းပန်စကားမဆုံးခင် မိုက်က ထသွားတာမို့…

"ဒီကောင် အမြဲတမ်းအဲဒီလိုပဲ"

ထက်ကောင်းက မကြားတကြားရေရွတ်ရင်း နောက်ကပါသွားသည်။ မိုက်ဦးတည်ရာက သူမထိုင်နေသော စားပွဲဆီဖြစ်ပြီး





သူမကတော့ သတင်းစာမှ အကြည့်ကို မလွှဲသေးဘဲ စားပွဲပေါ်မှ ကော်ဖီခွက်ကို လှမ်းအယူ မိုက်က အချိန်ကိုက်ထားသလို အစွန်းထွက်နေသော သူမတံတောင်ဆစ်အား ခပ်သာသာလေး ဝင်တိုးပစ်လိုက်တာ ဖြစ်သည်။ ကော်ဖီခွက်က စားပွဲရေိယာနားဘစ်ပိုက်၌ရှိသေးတာမို့ ကော်ဖီတွေ လွင့်စင်ကျကုန်တာက စားပွဲပေါ်မှာတင်။ ထင်သည့်အတိုင်းပင် သူမက မီးတောက်သောအကြည့်တွေနှင့် မိုက်အား ဝင့်ခနဲကြည့်ကာ…

"တောက်…ရှင် ဘယ်လိုလုပ်လိုက်တာလဲ၊ ဒီမှာ မှောက်ကုန်တာ မမြင်ဘူးလား"

"မြင်သားပဲ၊ တမင်မှမဟုတ်တာ၊ ဒါ မတော်တဆ"

"ရှင့်မတော်တဆတွေက များလွန်းမနေဘူးလား၊ စားပွဲပေါ်မို့လို့ပေါ့၊ ယူနီဖောင်းပေါ်ကျရင် ဘယ်လိုလုပ်မလဲ"

ကျော်က ဒေါသနှင့် ဒီမျက်နှာကို နာကြည်းမုန်းတီးစွာ စိုက်ကြည့်သည်။ သူ့နောက်က အဖော်အဖြစ်ပါလာသူကတော့…

"တောင်းပန်ပါတယ်ဗျာ၊ ဒီမှာ ကျွန်တော် ပြန်သုတ်ပေးပြီးပါပြီ၊ မိုက် မင်းကလည်းကွာ လုပ်ပဲလိုက်ရင် ဟိုမလွှတ်ဒီမလွှတ်နဲ့"

"သူတို့က မလွှတ်မလပ်ထိုင်နေတာကိုး၊ လူသွားလမ်း

ပေါ် သူ့တံတောင်ကြီး ထိုးထွက်နေတာ မတွေ့ဘူးလား''

''ရှင်''

ဆိုပြီး အခဲမကျေပုံနှင့် သူမက ဝုန်းခနဲထရပ်သည်။ အခြေအနေတွေက ထပ်ပြောလျှင် မချေမငံတွေဖြစ်လာမှာ ရာနှုန်းပြည့်မို့ ထက်ကောင်းကပဲ..

''တောင်းပန်ပါတယ်ဗျာ''

စကားကို တွင်တွင်သုံးပြီး မိုက်ကို ဆွဲခေါ်ခဲ့သည်။ ဒါတောင် မချောက မကျေမနပ်နှင့်...

''တောက်...လူပါးဝလိုက်တာ၊ ဒင်းကြောင့်ဖြစ်တာကို ဆောရီးတစ်ခွန်းတောင်မပြောဘူး''

''ပြောရင်ရော မင်းကမလိုဘူးပြောမှာလေ၊ မလိုတဲ့လူကို ပေးစရာမလိုဘူး''

''ကဲပါကွာ...မင်းကလဲ''

ထက်ကောင်းမှာ မိုက်ကျောပြင်ကိုတွန်းရင်း ကင်(န်)တင်းထဲကထွက်လာခဲ့သည်။ မမြင်ကွယ်ရာရောက်မှ မိုက်က ရှေ့ကနေ တဟားဟားအော်ရယ်၏။ ထက်ကောင်းက ရယ်သံကြောင့် တသိမ့်သိမ့်လှုပ်ခါနေသော မိုက်ကျောပြင်ကို ဒေါသကြောင့် ပိတ်တွန်းရင်း

''မင်း...အဲဒါ ဘာလုပ်တာလဲဟင်၊ ငါ့မှာ တောင်းပန်





လိုက်ရတာ ဖတ်ဖတ်ကိုမောရော၊ မနက်ကတည်းက မျက်ခုံးမွှေးဒါကြောင့်လှုပ်နေတာဖြစ်မယ်၊ မိုက် မင်း စွတ်စွတ်မလုပ်နဲ့ကွ''

''မင်းပါးရောမလှုပ်ဘူးလား၊ ဒါ မတော်ရင် ပါးရိုက်ခံရမဲ့ကိန်းကွ''

ပြောရင်း မိုက်က အူလှိုက်သည်းလှိုက်ရယ်ကာ...

''မေနီကျော်တဲ့၊ နာမည်က အသေနီးပဲ''

''ကြည့်စမ်း မင်းနာမည်သိရဖို့ သက်သက်ခွင်ဆင်တာပေါ့ ဟုတ်လား မိုက်''

ထက်ကောင်းက ဖက်ပိုးအုပ်ရန် လက်ရွယ်တော့ မိုက်က လွတ်အောင်ရှောင်ရင်း...

''ငါ ဆောရီးလို့ပြောတိုင်း လက်မခံတတ်တဲ့သူအတွက် သင်ခန်းစာပါးပါးလေး ပြန်ပေးတာ၊ မဆိုးဘူးပဲ၊ နာမည်ပါသိရတယ်''

အခုမှ ထက်ကောင်းပါ ရယ်နိုင်မောနိုင်ဖြစ်လာကာ...

''မေနီကျော်...ဟုတ်လား မိုက်၊ နာမည်ထဲမှာကိုကရန့်စွာမဲ့အတိတ်နိမိတ်တွေပြထားသလိုပဲကွ နော်''

မိုက်က နှုတ်ခမ်းမဖွင့်ဘဲ ပီကေကို မေးရိုးတွေကားထွက်လာအောင် ဝါးရင်း ရယ်မြူးရိပ်တွေ မျက်ဝန်းထဲ သန်းလာကာ...

"မေနီကျော်တဲ့၊ နာမည်ကြီးကလဲ"

"လှပါတယ် မိုက်ရ"

"မလှပါဘူး၊ မေကတော့ထားပါတော့၊ မိန်းကလေးကိုယ်စားပြုတာ၊ နီကျော်ကျတော့"

"မင်းကလည်းမိုက်ရာ ငါတို့ကို ဖားသားနိမ်း(စ်)နေမှာပေါ့ကွ၊ ငါက ထက်ကောင်းမြတ် ငါ့အဖေက ဦးကောင်းမြတ်လေ၊ ကြည်သာချမ်း ဒီကောင့်အဖေက ဦးချမ်းသာလေ"

မိုက်က ဟွန့်ခနဲ အသံထွက်အောင် မဲ့တဲ့တဲ့ရယ်ရင်း…

"ဒါဆို ငါ့အဖေက ဦးမိုက်ခဲပေါ့၊ ငါက လမိုက်လေ"

"မင်းကတော့ လုပ်ပြီ"

ထက်ကောင်းက ငြီးငြူတော့ မိုက်က ခါးစောင်းအမြင့်ရှိသည့် ကော်ရစ်ဒါအုတ်ပေါင်ပေါ် လက်နှစ်ဖက်နောက်ပြန်ထောက်၍ ခုန်တက်ထိုင်ကာ…

"ဟုတ်တယ်လေ…မင်းပြောပုံက"

"ယေဘုယျဆန်တာကို ပြောတာကွ"

"ဒါဆို ငါက ယေဘုယျမဆန်တဲ့ကောင်ပေါ့"

"မရစ်စမ်းပါနဲ့မိုက်ရာ"

"ငါက ပီကေစားပြီးမမူးဘူး၊ မင်းသာ အအေးသောက်





[illegible]ပြီး ပေါက်ကရလာပြောနေတာ"

"ဟော့ကောင်…တော်ပြီ၊ ငါလစ်တော့မယ်၊ မင်းနဲ့ထပ်နေ[illegible] ငါ့ဦးနှောက်တွေ ချောင်လာကိန်းရှိတယ်"

"နဝိုကတည်းက ခပ်ချောင်ချောင်ပါ"

"အဲဒါ မင်းနဲ့ပေါင်းလို့"

ထက်ကောင်းက သူ့အနားမှခွာရင်း အားကျမခံ ပြန်အော်[illegible]ည်။

"လာလာသေး၊ အရူးက တမူးသာသွားပြန်ပြီ"

မိုက်ကလည်း ပြန်ချေပကာ နှုတ်ဆိတ်ပြီး လက်ထောင်ပြ[illegible] အမူအရာနှင့် ဆဲသွားသော ထက်ကောင်းပုံစံကိုကြည့်ပြီး [illegible]တိတ် ပြုံးစိစိဖြစ်လာသည်။ ဒီလို သူက ဦးအောင်ရစ်မှ။ [illegible]မေနီကျော်နာမည်ကို ဘာလို့သိချင်တာလဲ။ မင်းမရိုးတော့ဘူး [illegible] ဘာတွေနှင့် ခေါင်းစဉ်တပ်လာနိုင်သည်။ မိုက်က တွေးရင်း [illegible]င်းအကြီးကြီး မှုတ်ကာပြီးမှ ပီကေကို လျှာနှင့်ပြန်သိမ်းရင်း…

"မေနီကျော်"

ဖွဖွရေရွတ်မိသည်။

"လမိုက်ညမှာမွေးလို့ လမိုက်လို့ နာမည်ပေးခဲ့တုံးက [illegible]ကြီးတော်နဲ့ ဖေဖေ အကြီးအကျယ် စကားများရတာ"

တဲ့။ သူ့ရာဇဝင်က မွေးကတည်းက ရန်ကြောင်းများခဲ့သူ

လားမသိ။ ဖေဖေ့အစ်မကြီးက အခုတွေ့အခုထိ ထိုနာမည်ကို မ
နပ်ကြောင်းပြောပုံက အိုစမာဘင်လာဒင်အား အမေရိကန်
အခဲမကျေသည့်အတိုင်း။

"ပေးစရာရှားလို့တော်...လမိုက်တဲ့၊ သူများဖအေ
များ ကိုယ့်သားသမီးအဦးအဖျားကို ပေးသမျှ တကယ့်နာမည်အ
အညွန့် ဒိတ်ဒိတ်ကြဲကြီးပဲ၊ သင်းကျမှ နာမည်က နိမိတ်မရှိနမာမ

"အဲဒါတွေက အစွဲအလမ်းပါ၊ ဒီခေတ်က အိုင်တီခေတ်
အရှိအရှိအတိုင်းပေးတာ ဘာဖြစ်လဲ"

ဖေဖေက ပြန်ချေပတော့ ကြီးကြီးမှာ အပြစ်ရှာသေ
မျက်လုံးတွေနှင့် ဖေဖေ့ကို စေ့စေ့စပ်စပ်ကြည့်ကာ...

"အဲဒါကြောင့် ငါ့ညီမ ဆုံးတာပေါ့၊ ခမျာ ငယ်ငယ်ရွယ်
ရွယ်နဲ့"

"အသက်လေးဆယ်လေ၊ ဒါမငယ်တော့ဘူး မမ
ပြီးတော့ အက်ဆီးဒင့်ကြောင့်မှမဟုတ်တာ၊ နာတာရှည်ရောဂါနဲ့

မေမေဆုံးတာ အသည်းကင်ဆာနှင့်ပါ။ စိတ်တိုင်း
ဆေးကုခွင့်ရသလို ဒီနိုင်ငံတင်မက နိုင်ငံရပ်ခြားမှာ ဆေးရုံတင်
ရက်ရှည် ဖေဖေနှင့်သူ အနီးကပ်ပြုစုခဲ့တာပင်။ ဒီလိုပြောပြန်တော့



ကြီးက...

"ဟယ်...ကိုယ့်ညီမတစ်ယောက်လုံး သေတာလေ၊
ကိ်ရှစ်ဆယ်ပဲဖြစ်ဖြစ် နှမြောမှာပေါ့၊ ဒါ သဘာဝပဲ"

"ဒါကတော့ မမ တရားမရှိတာပါ"

ပြန်ပက်တော့ လက်ကောက်ဝတ်မှာ ပုတီးကြိုးပတ်ထား
ကြီးကြီးက ဘုရားဟောတရားတွေမေ့ပြီး...

"ဟုတ်ပါ့တော်၊ မင်းကမှ တရားရှိတာပါ၊ မယားဆုံးတာ
ပတ် မင်းက ခေါင်းလိမ်းဆီအစွဲသား၊ ဘောင်းဘီမချွတ်တမ်း
ပြီ ဂေါ့(ဖ်)လေးရိုက်လိုက်၊ ဘီယာကလေးမြို့လိုက်နဲ့ ဟွန်း
ဟာဖအေ ဘယ်ဟာသားမှန်းတောင် ကွဲကွဲပြားပြားသိကြမှာ
တ်ဘူး"

"အဲဒီလိုတော့မပြောပါနဲ့ ကြီးကြီးရာ၊ ကြီးကြီးကျတော့
ကိုချစ်တယ်၊ ချစ်တယ်နဲ့ ပါးစပ်ဖျားလေးက"

အဖေကိုထိတော့ မိုက်က မခံနိုင်။ မှန်တောတောနှင့် ဝင်ပြော
ကြီးကြီးဒေါသက သူ့ဘက်လှည့်လာကာ...

"ဘာပါးစပ်ဖျားကလည်း ငါ့ညီမ ဆေးရုံတက်တုံးက
ကိတဲ့အစားအစာဆို အိမ်ကမိသေးတို့တောင် မလုပ်နိုင်ဘူး၊
ယ်တိုင်လုပ်ပြီး"

"ကိုယ်တိုင်တော့ လာမပို့ဘူးလေ"

"ဟဲ့…ငါက ဆေးရုံဆေးခန်းဆို ကြောက်တာကို [illegible]

"စင်ကာပူဆေးရုံမှာ မေမေအသည်းအသန်ဖြစ်တော့ [illegible] လာလို့လား"

"ငါမှလေယာဉ်ပျံ မစီးရဲတာ"

ကြီးကြီးက မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် ငြင်း[illegible] ဖေဖေက တဟားဟားအော်ရယ်သည်။

"အဲဒါပဲ ကြီးကြီးက ဟိုကာတွန်းစာသားထဲကလို [illegible] ပြီ၊ အချစ်အတွက် သမုဒ္ဒရာပဲကူးရကူးရ၊ မြင့်မိုရ်တောင်ပဲ [illegible] ရတက်ပြရရဲ့ ဒီညလာခဲ့ပါမောင်ရယ်ဆိုတော့ ဟင့်အင်း မိုး[illegible] နေလို့တဲ့"

မိုက်စကားဆုံးတာနှင့် ကြီးကြီးက မျက်စောင်းကြီး[illegible] ရွယ်နှင့်…

"သင်းက ဖအေ့ဘက်တော်သား"

တဲ့။ ဖေဖေကတော့ သူ့ပခုံးကို အားပါးတရဖက်[illegible]

"ပါးစပ်ကချစ်တယ်ပြောတာ ဘာအသုံးကျ[illegible] တကယ်တော့ ကိုယ်ချစ်ရတဲ့သူအတွက် ကိုယ့်ရဲ့ပြုမူနေထိုင်[illegible] ပဲ အဓိကကျတာ"





ဒီနေ့ ဒီအချိန်အထိ ဖေဖေက နိုင်ငံရပ်ခြားမှာ တစ်ကိုယ်[illegible] အလုပ်တွေနှင့် ရှိနေပေမဲ့ နောက်အိမ်ထောင်မပြုခဲ့။ ဖေဖေ [illegible]ကျန်နေမှာပေါ့လို့ သူက ဖေးဖေးမမပြောတော့…

"မင်းအမေက ဖေဖေ့အတွက် သားတစ်ယောက် [illegible]ဆောင်ပေးသွားတယ်၊ အဲဒီကောင် လူလားမြောက်ပေမဲ့ [illegible]မှာဖြစ်ဖို့ ဖေဖေကြိုးစားရဦးမှာ၊ အထီးကျန်တာ ချိုပါလားလို့ [illegible]းရမဲ့အဖြစ်၊ မင်းက မလိမ္မာတတ်တဲ့ရာဇဝင်နဲ့ကောင်လေ"

တဲ့။ မိုက်ကတော့ သူ့မှာ ဖေဖေ့သွေးအပြည့်ပါတယ်ဟု [illegible]သည်။ ထို့ကြောင့်လည်း ရန်စကားတွေ ခဏခဏပြောနေပေ [illegible]ကိုက ပခုံးစွန်းနားအထိ မေးဖျားကပ်ကာ ကင်(န်)တင်းဆီ [illegible]ခဲ့ကြည့်သည်။ ဘရိတ်(ခ်)တိုင်းကုန်သွား၍ ကိုယ့်လုပ်ငန်းခွင် [illegible]ပြန်ဝင်မည့်သူများထဲ မေနီကျော်ရဲ့ လှုပ်ရှားမှုပုံရိပ်ကိုငေးရင်း [illegible]လှုပ်ရှားတိုင်း ကိုယ့်ရင်ထဲက တစ်စုံတစ်ခု လှုပ်ရှားသွားတာ [illegible]ယ်လိုထိန်းမလဲ။

• • •

## အခန်း (၈)

"သီးစုံ…အချိုပွဲရပါပြီ"

"ငါ့သမီးက ဖိုက်စတားဟိုတယ်ကြီးမှာ သင်တန်းဆ…
ပြီး အလုပ်ဝင်နေလို့လားမသိဘူးဟေ့"

"ဘာဖြစ်လို့လဲ ဖေဖေ"

"သြော်…အသီးအနှံတွေကို ခွဲစိတ်စီရီထည့်ထား…
လှတပတလေးဖြစ်နေလို့"

ဖေဖေက စပျစ်သီးတစ်လုံး ခြွေစားရင်း ပြော…
မေမေကတော့ ကျော့်လက်ကိုဆွဲကာ အနားသို့ထိုင်စေရင်း…

"ရှင်ကသာ သဘောကျနေ၊ ကျွန်မကတော့ သမီး…
ဟိုတယ်မှာ ဝင်တာကို မကြိုက်တော့ပါဘူး"





"ဟင်…ဘာဖြစ်လို့လဲ မေမေရဲ့"

"သြော်…ဒီအိမ်မှာရှိတာမှ မိသားစုသုံးယောက်၊ မိုးလင်း
…တာနဲ့ သမီးအဖေကထွက်ပြီ၊ သူ့ပါတနာတွေနဲ့ ဂေါ့(ဖ်)ရိုက်ရတာနဲ့၊
…ကုမ္ပဏီအစည်းအဝေးရှိလို့ နေ့လည်စာတောင် ပြန်မစားနိုင်ရတာနဲ့
…ခွန်း ဒီကြားထဲ နိုင်ငံခြားသား ဧည့်သည်လာလို့ ဒင်နာစားတာ
…နဲ့ အိမ်ပြန်နောက်ကျတာက ရှိသေး"

"ကြေနွ…ဖေဖေ့အပေါ် မကျေနပ်တာ ကျော့်ကို မေမေ
…က တိုင်နေတာနဲ့တူတယ်"

"မတိုင်ပါဘူး၊ မကျေနပ်တဲ့အထဲမှာ ညည်းလည်းပါ
…တယ်"

မနာအောင် ကျော့်ပေါင်ကို ဖျတ်ခနဲရိုက်ရင်း မေမေက
…ပြောသည်။ ကျော်က ကိုယ့်ကိုယ်ကို လက်မနှင့်ကော့ညွှန်ကာ…

"ကျော်လည်းပါတယ်"

ဆိုပြီး ဖေဖေ့ကို စစ်ကူလာတောင်းသလို လှမ်းကြည့်
…သည်။ ဖေဖေကတော့ မေမေ့သဘောကျ လွှတ်ထားလိုက်ဆိုသည့်
…အပြုံးမျိုးနှင့် မေးဆတ်ပြ၏။

"ဟုတ်ပ…ညည်းလည်း ဒီဟိုတယ်အလုပ်ဝင်ပြီးမှ
…အလုပ်ချိန်ချည်းပဲ၊ မိုးလင်းက ထွက်သွားသမျှ မိုးချုပ်မှ ပြန်ရောက်

တယ်၊ အိမ်မှာ မိသားစုထမင်းဝိုင်းဆိုတာ စိုစိုပြည်ပြည်မရှိ ဘယ်လောက်ကြာပြီလဲ၊ ဒီကြားထဲ တစ်ပတ်မှာ နှစ်ရက်လောက် ဟိုတယ်မှာအိပ်ရတာရှိသေး''

''ဒါက ပွင့်လင်းရာသီမို့ပါ မေမေရဲ့၊ ခရီးသွားရာ လေ၊ ကမ္ဘာလှည့်ခရီးသွားတွေက တစ်နှစ်မှာ ဒီလိုလမျိုး ခရီးသွားကြတာဆိုတော့ ကျော်တို့ဟိုတယ်လုပ်ငန်းတွေ အလုပ် တာပေါ့''

''ဝါတွက်တော့ မင်္ဂလာဆောင်တွေလည်း ရှိသေး ကိုး သမီးရဲ့''

''အေးလေ…အဲဒီလိုအလုပ်တွေ ရှုပ်နေတော့ ဒီ မိသားစုစုံစုံညီညီ ခြံထဲဆင်းမထိုင်ဖြစ်တာ ဘယ်လောက်ကြာ လဲ''

မေမေက ဖေဖေနှင့်ကျော့်ကို သိမ်းကျုံးမျက်စောင်းနှင့်ရှု ရင်း ပြောသည်။ ဖေဖေကတော့ တဟားဟားထရယ်ကာ…

''ငါ့မိန်းမနယ်…ခြံထဲဆင်းမထိုင်ရတာနဲ့ ဒေါသ ပေါက်ကွဲနေလိုက်တာ၊ တခြားလူတွေရဲ့ မိန်းမတွေလို ပြောစမ်း ကွ၊ ဘန်ကောက်ကို ရှော့ပင်(နဲ့)ထွက်ချင်တာတို့၊ စင်ကာပူ Medical Check up လုပ်ချင်တာတို့''





''အို…အဲဒါတွေ စိတ်မဝင်စားပါဘူး၊ ကျွန်မက ကိုယ့်မိသားစုနဲ့ကိုယ်ပဲ ပျော်ပျော်ပါးပါးနေချင်တာမျိုး''

''ကဲ…ဒါဆိုလည်း နေစေဗျား၊ နောက်ဆို ကိုယ်လည်း စောပြန်ရောက်တဲ့နေ့၊ သမီးလည်းရှိတဲ့နေ့ ခြံထဲမှာဆင်းထိုင်ကြတာ ပေါ့ ဟုတ်လား''

''ဒါပေါ့ ဖေဖေရဲ့၊ ဒါပေမဲ့ အခုလာမဲ့သောကြာညတော့ ကျော် ဟိုတယ်မှာ ညအိပ်ရလိမ့်မယ်၊ သိလား မေမေ''

မေမေ့ခါးကိုဖက်ရင်း ကျော်ဏ လက်မောင်းမှာပါးအပ် ကာ ပြောသည်။ ဒေါ်ခင်မာက သမီးဖြစ်သူကို ခပ်စွေစွေလှမ်း ကြည့်ရင်း…

''ပြောပါ…ဘာပွဲလဲ''

''ဟွန်း…မေမေတို့ ဒိတ်အောက်သွားပြီ''

''ဖေဖေသိတယ် ကျော်၊ မင်းသားရဲ့မင်္ဂလာပွဲ မဟုတ် လား''

''တွေ့လား ဖေဖေတောင်သိနေတာ''

ကျော်က ပြုံးစစနှင့် မေမေ့ကိုနောက်တော့ ဖေဖေ့ထံ လှမ်းကြည့်ရင်း…

''ရှင်ကဘာယ်လိုလုပ်သိလဲ''

"ကိုယ်တို့ကုမ္ပဏီရဲ့ ပင်တိုင်မင်းသားလေကွာ၊ ဒါကြောင့် သိတာပေါ့၊ ဗီကာစာတွေတောင် မနက်ဖြန်လာပေးမယ်ပြောတာ၊ ဒါနဲ့ သမီး ပွဲချိန်ကနှစ်ချိန်ဆို"

"ဟုတ်တယ်ဖေဖေ၊ ကျော်တို့က စနေနေ့မနက်ပိုင်းပွဲကို တာဝန်ယူရမှာ၊ အဲဒါကြောင့် သောကြာနေ့အိပ်ရမှာလေ"

"မနက်ပိုင်းပဲဥစ္စာ၊ မနက်မှသွားလို့မရဘူးလား သမီးရဲ့"

မေမေက တွန့်တိုစွာဝင်ပြောတော့ ကျော်က မေမေ့ရဲ့ နှစ်ထပ်ဖြစ်နေသော မေးဖျားကိုဆွဲခါရင်း…

"ဘယ်ဖြစ်မလဲ မေမေရဲ့၊ ကျော်တို့က ပွဲပြင်ဆင်ရေးဆိုတာ သောကြာနေ့တစ်နေ့လုံး ကြိုးကြပ်ပြင်ဆင်ပေးရမှာ"

"ဒါဆို တနင်္ဂနွေနေ့ သမီး အော့(ဖ်)ယူလိုက်နော်"

"ရတော့ရပါတယ်၊ ဒါပေမဲ့ ကျော်က မန်းဒေးမှနားမလားလို့"

တစ်ပတ်မှာတစ်ရက် နားခွင့်ရှိသော ဝန်ထမ်းစည်းကမ်းတွေထဲမှာ ကိုယ်နှစ်သက်ရာတစ်ရက် ရွေးခွင့်ရှိသည်။ ထို့ကြောင့် ကျော်က မေမေ့တောင်းဆိုချက်ကို ခေါင်းညိတ်ရင်း…

"မေမေက တနင်္ဂနွေနေ့ ဘာကိစ္စရှိလို့လဲ"

"အလှူတစ်ခုသွားစရာရှိလို့၊ တက္ကသိုလ်တုံးက





ကလပ်(စ်)မိတ်လေ၊ အိမ်ထောင်တွေကျမှ ကွဲသွားကြတာ၊ အခုမှ ပြန်တွေ့ကြလို့၊ သမီးဖေဖေပါလိုက်မှာ"

"ဪ…ဖေဖေနဲ့ရောသိတာပဲလား"

ကျော်က ကိုယ့်အတွက် သီးသန့်ဖျော်ကာ လာချပေးထားသော ကော်ဖီကို တငုံငုံရင်းမေးသည်။

"မျက်မှန်းတန်းမိရုံပါ၊ သမီးမေမေ့အဆောင်ကိုသွားရင်းနဲ့ သူတို့က တစ်ဆောင်တည်း၊ တစ်ခန်းတည်းနေကြတာလေ"

"သူက မိဘလက်ထပ်ပေးတဲ့သူနဲ့ယူတာ သမီးရဲ့၊ အိမ်ထောင်ရေးက သာသာယာယာပါ၊ သူ့အမျိုးသားဘက်က ချမ်းသာတဲ့ပုံ ကိုရဲ့"

"အခု အမျိုးသားက ဆုံးသွားပြီဆို"

"အင်း…သားလေးကျန်တယ်တဲ့၊ ခင့်ကိုမေးနေတာ၊ ခင်က သမီးမွေးတယ်ဆိုတော့ တစ်ခါတည်း ခမည်းခမက်တော်နေတာ ကြည့်ပါလား၊ သူ့သားဖြင့် ခင်က မမြင်ဖူးသေးဘဲနဲ့"

ကျော်က မိဘတွေပြောသမျှ နားထောင်နေပြီးမှ…

"မေမေက ကျော့်ကို အကြံနဲ့အလှူခေါ်တာလေ၊ မေမေနော် စပ်မယ်ဟပ်မယ်ဆို ကျော်က ကြေးများတာ မေမေသိသားနဲ့"

ဖေဖေနှင့် ကျော်က သားအဖချင်း နားလည်သော

ဘာသာဗေဒဖြင့် မျက်လုံးချင်း စကားပြောသည်။ ဖေဖေက ခေါင်းတညိတ်ညိတ်နှင့်…

"ခင်ရေ…သားမက်ရွေးမယ်ဆိုရင် ဟာသဉာဏ်ပါတဲ့လူကိုတော့ ရွေးကွာ"

"ဒါပေမဲ့ လူရွှင်တော်မဖြစ်စေရဘူးနော် မေမေ"

"ရုပ်လည်းချောပါစေ"

"ယောကျ်ားဆန်မှဖြစ်မှာ ဖေဖေရ"

"သိပ်တော့ အလှမကြိုက်စေနဲ့သမီးရေ၊ ကြားလားမိန်းမ"

"ဒါပေမဲ့ ဖြစ်ကတတ်ဆန်း ယောကျ်ားမျိုးတော့ မလိုချင်ဘူး ဖေဖေ"

"အေး…ဒါတော့ဟုတ်တယ်"

"ကဲ…တော်ပါပြီ"

ဒီသားအဖ တမင်ညစ်နေမှန်းသိသိကြီးနှင့်မို့ ဒေါ်ခင်မှာက ဖြတ်အော်ပစ်သည်။ ထိုအခါမှ ကျော်က ဇက်ကလေးပုပြီး ဖအေဖြစ်သူက ပြုံးစိစိနှင့်။ ဒေါ်ခင်မာက ဟွန်းခနဲမဲ့ရွဲ့ရင်း ထိုင်ရာမှထကာ…

"ဟိုက ဖြူသလားမဲသလားမသိဘဲ တော်တို့က ဒီမှာ





ရွေးနေသီလား၊ ဟွန်း လိုက်လည်းလိုက်တဲ့ သားအဖ"

ကောင်းချီးပေးပြီး မေမေက ထသွားမှ ကျော်နှင့် ဖေဖေက ပြိုင်တူရယ်ချသည်။ ကျော်ကရယ်ရင်းမှ ခေါင်းမော့ပြီး ကောင်းကင်ဆီ အကြည့်ရောက်သည်။ အမှောင်ထုသိပ်သိပ်သည်းသည်းရှိသော ကောင်းကင်သည် ကျော့်အား မဲမဲသဲသဲ ငုံ့ကြည့်နေသလို ထင်ရတာမို့…

"ဖေဖေ"

"ဟေ"

"မင်းလူရဲ့စာအုပ်ထဲကအတိုင်း ပြောတော့မယ်၊ ညကအာဆင်နယ်နောက်တန်းက အင်္ဂလန်ဘောလုံးသမား ဆိုး(လ်)ကင်းဘဲလို မည်းနက်နေပါလား"

"အေး…ဖေဖေကလည်း ဦးစံရှားလေသံနဲ့ ပြန်ပြောမှပဲ၊ နက်ဆို ဒီညက လမိုက်ညကိုး ဒေါ်မေနီကျော်ရဲ့"

အတိုင်အဖောက်ညီစွာ စာသံပေသံနှင့် ပြောပြီး ဒီတစ်ခါ အူလှိုက်သည်းလှိုက်ရယ်သော အသံတွင် ကျော့်အသံက နည်းနည်းတိုးလျှနေသည်ဟုထင်သည်။ လမိုက်ဆိုသော အသံကြားတာနှင့် လူတစ်ယောက်ရဲ့မျက်နှာကို ပြေးမြင်မိတာ။ မြင်ပြီးတာနှင့် ရယ်ချင်စိတ်ကုန်ခန်းသွားတာတွေက တစ်ဆက်တည်း ဖြစ်ပေါ်စေလျက်။

ဒီလူဟာ ကျော့်အတွေးထဲမှာတောင် သာယာကြည်နူးမှု မပေးနိုင်တာ အသေအချာ။

◆ ◆ ◆



## အခန်း (၉)

ဂျူတီဝင်ရန် အချိန်ကလိုသေးသည်။ ထို့ပြင် ဒီညဟိုတယ်မှာ အိပ်ရမှာမို့ ကျော် စီးတီးမတ်(ထ်)ထဲ ဝင်ခဲ့ခြင်းဖြစ်သည်။ ညပိုင်းဂျူတီအတွက် မုန့်ပဲသားရေစာစားရန်အတွက် ဝယ်သွားချင်တာရယ်၊ နောက်ပြီး လစဉ်ထုတ် စာအုပ်တစ်ခုခုလောက် ဖတ်ချင်တာရယ်ကြောင့် စာအုပ်တန်းဘက်သို့ လျှောက်ခဲ့သည်။ ကျော်က တစ်ခါတစ်ရံတော့ ပန်းဆိုးတန်းလမ်းမတလျှောက်ရှိ စာအုပ်အဟောင်းတန်းတွေဆီ ခြေညောင်းအောင် လျှောက်ရင်း ဟိုးတခေတ်က နာမည်ကျော်ကြားသော စာအုပ်များ။ နာမည်မကျော်ကြားပေမဲ့ ကိုယ်နှစ်သက်သော စာရေးဆရာများတွေ့လျှင် ဝယ်စုကာ ထိုစာအုပ်

မပြီးမချင်း အခန်းတွင်းအောင်း၍ စာဖတ်လေ့ရှိတာ ကျော့်အကျင့်။ ထို့ကြောင့် ကျော် ညီမဝမ်းကွဲတွေဆုံတုန်းက ပြောဖူးသည်။

"နင် စာအုပ်တွေအရမ်းဖတ်လို့ ရည်းစားမရတာ"

"အမယ်…ဘာဆိုင်လို့လဲ"

"စာအုပ်တွေပေါင်းစုံ စာရေးဆရာတွေပေါင်းစုံက ယောကျ်ားတွေရဲ့စရိုက်မျိုးစုံ၊ အသည်းကွဲတတ်တဲ့ အကြောင်းအရာမျိုးစုံတွေ ရေးထားတာ ဖတ်ရတော့ မသိစိတ်မှာ ရည်းစားထားချင်စိတ်ကုန်ခမ်းသွားတာဖြစ်မယ်"

"ဒါပေမဲ့ သူ့အချစ်ကို စိတ်ကုန်တာတွေ မဖြစ်နိုင်ဘူးဟဲ့"

နောက်တစ်ယောက်က ဝင်နောက်တော့ ကျော်က ခေါင်းလှန်ချကာ ခပ်လောင်လောင်ရယ်ပြီး…

"ဟာ…ဟာ၊ အပိုင်အနိုင်ကြီးပါလား"

"ဟုတ်တယ်လေ၊ စာဖတ်နာတဲ့သူက အချစ်ကို ပိုယုံကြည်တယ်၊ ပိုကိုးကွယ်တယ်၊ စာအုပ်တွေထဲမှာ အချစ်အကြောင်း သူကပိုပြီး သုတေသနလုပ်ခွင့်ရှိတာကိုး"

"ကျော်က မင်းလူရဲ့စာတွေဖတ်တာများတယ်"

ဝန်ခံမိတော့ တစ်ယောက်က…





"ဘာလဲ…ရယ်ချင်လို့လား"

"အဲဒါလည်းပါတယ်၊ ပြီးတော့ သူက လှတာ၊ လှစရိုက် … ထင်းခနဲလင်းခနဲဖြစ်အောင် ရေးပြတတ်တာမျိုးလေ၊ သူ့စာတွေ …ပြီးရင် ရင်ထဲငြိမ်းချမ်းသွားအောင်"

ရှင်မြူးသွားအောင်လည်း နိဂုံးချုပ်တတ်သေးတာဆိုတော့။

"အေး…အဲဒါဆိုရင်တော့ နင်က အချစ်ကို သရော်ပြီးမှ …ချစ်ရဲ့သဘောထားကို သရုပ်မှန်မြင်တဲ့သူမျိုး"

ကျော့်အစ်မက မှတ်ချက်တစ်ခါတည်းချသည်။ ကျော် … ထူးဆန်းသွားပုံနှင့်…

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ ဆရာ့စာတွေထဲမှာ အချစ်ကို အရွှတ် …ောက်နဲ့ ပုံဖော်ပြီးမှ တကယ်နားလည်မှုရသွားတာမျိုးလေ၊ ငါ …ွမ်းသစ်ဆိုတဲ့ တစ်အုပ်ဖတ်ဖူးတယ်"

"ကျော်…သိပ်ကြိုက်တဲ့ စာအုပ်ပေါ့"

"အဲဒီမှာကြည့်ပါလား…အချစ်စစ်တို့မှန်ရင် ဘယ်အခါ … ပြောင့်ဖြူးမှုမရှိဘူးဆိုတာ ရေးထားတာ၊ ဆရာက ဝတ္ထုပေမဲ့ …ကူးယဉ်မဆန်ဘူး၊ ဖြစ်လေ့ဖြစ်ထရှိတာကို တကယ်ဖြစ်နေတဲ့

အတိုင်းထည့်ရေးတာ''

တဲ့။ အစ်မဖြစ်သူနှင့် ကျော် ဆွေးနွေးပြီးကတည်းက အလွမ်းသစ်ကို နောက်တစ်ကြိမ် ပြန်ဖတ်သည်။ အစ်မပြောတာ မှန်သားလို့ ခေါင်းညိတ်ရတဲ့အထိ။ အခုလည်း စာအုပ်တန်းဘက် ရောက်တော့ ကျော်က မင်းလူရဲ့စာအုပ်ကို ဦးစားပေးရှာသည်။ တစ်ခါတစ်ရံ ဒုတိယအကြိမ်၊ တတိယအကြိမ် ထုတ်တာတွေနှင့် တိုးနိုင်သည်။ တစ်ခါတစ်ရံတော့ ကိုယ်မဖတ်ဖူးသေးသော နှစ်ကျော်လုံးချင်းလေးဘာလေး တွေ့နိုင်သည်။ ကျော် စာအုပ်တန်း နားရောက်တော့ 'မင်းလူ...အောင်ဘာလေ'ကို သွားတွေ့သည်။ စာအုပ်အဖုံးနှင့် နာမည်ကြားရုံဖြင့် ဒါ မဖတ်ရသေးကြောင်း သေချာ သည်။ ဒီည ဂျူတီထွက်ရင်တော့ မင်းလူနှင့် ငြိမ့်မည်ဟု တွေးပြီး စာအုပ်ကို လှမ်းယူပေမဲ့ ကျော့်ထက် လျင်မြန်သော လက်တစ်ဖက် ကြောင့်...

''ဟင်''

ဆတ်ခနဲ လှည့်အကြည့်မှာ မျက်နှာဝရှိ အကြောပေါင်းမှာ စွာက ဖျတ်ခနဲ တည်တင်းခြင်းအဖြစ်သို့ ရောက်လေသည်။ ခပ်ထုံထုံ မွှေးရနံ့နှင့် ပရုတ်ပါသော ပီကေရနံ့တို့က ကျော့်အနားတွင်





...ည့်ပတ်နေကာ ကျော့်ခေါသစိတ်ကို နှိုးဆွနေသယောင်။

''တောက်''

ဇေ့ဇေ့ကြည့်ပြီး တောက်ခေါက်တာတောင် လုံးဝ အကြည့် ...င်းမဆုံလာဘဲ စာအုပ်ကို သည်းကြီးမည်းကြီး ဖတ်ပြနေပုံက ...င်လုပ်နေမှန်း အသိသာကြီးပင်။ မြင်လိုက်တိုင်း ရှပ်သပ်ရပ်ရပ် ...သော ဒင်းသည် ဇေ့(မ်)ပါသော ဆံပင်အုပ်အုပ်တွေနှင့် စွပ်ကျယ် ...၊ တီရှပ်လား မသေချာသည့် အင်္ကျီဖြူပေါ် အနက်ရောင် ...င်းစွပ်ဂျာကင်တစ်ထည် ထပ်ဝတ်ထားသည်။ သူ့ရှိုးရာအတိုင်း ...ည်ပင်းမှာ 925 ဆွဲကြိုးပြားကြီးနှင့် နာရီအကြီးကြီး ပတ်ထားကာ

''အိုကေ...ဒါပဲယူလိုက်တော့မယ်''

တစ်ကိုယ်တည်းပြောရုံနှင့် စာအုပ်မှ မျက်နှာမလွှဲဘဲ ...င်းစွပ်ကို ဆံပင်ပေါ်အုပ်ဆောင်းကာ...

''ဒီနားမှာ ထုပ်တွေ စက်ကွင်းရှိသလားမသိဘူး၊ ကျောရိုး ... စိမ့်ပြီးချမ်းလာသလိုပဲ''

တွေ့လား။ စကားပြောတာ အနှောင့်အသွားမလွတ်။ ...ကို စောင်းမြောင်းပြောတာ သိသိကြီးနှင့် ဘာဘာညာညာ ...သွားတွေ့လို့ကတော့ သင်းက မသိချင်ဟန်ဆောင်ကာ တအံ့

တညြနှင့် မေးခွန်းပြန်ထုတ်လျှင် ကျော်ပဲ အရှက်ကွဲပါလိမ့်မည် အကောင်းဆုံးက ကျော် ဒီနားမှ ထွက်သွားရန်ပင်။

သို့ပေမဲ့ သူ့လက်ထဲရှိ မင်းလူရဲ့စာအုပ်အား သံယော မပြတ်ဖြစ်ရကာ တစ်ချက်စိုက်ကြည့်ရင်း…

"အို…ဒီတစ်အုပ်တည်းရှိတာမှတ်လို့၊ ဝန်ထမ်း မေးကြည့်မှပဲ ရှိဦးမှာပါ"

အားတင်းပြီး ကျောခိုင်းအထွက်…

"မေနီကျော်"

ကိုယ့်အမည်ကို နောက်နားက ခေါ်လိုက်တာ တိတိကျ မို့ ဖျတ်ခနဲခြေစုံရပ်ကာ နောက်လှည့်အကြည့်…

"အဟွန်း…မေနီကျော် အာဘာလေတဲ့၊ မင်းသာ မင်းသမီးက ဘာမှလည်းမဆိုင်ဘူး၊ ဧကန္တ မင်းသားက အာ လေဆိုတော့ ဒီဇာတ်က မင်းသားဇာတ်ပေါ့၊ မဆိုးပါဘူး၊ မင်းသ ဇာတ်ဆို ဖတ်ပျော်ပါတယ်"

ကြည့်စမ်း။ ဒါ သက်သက် ဒေါသနှင့်စိုက်ကြည့်ရသ ကျော့်မျက်လုံးတွေလည်း အောင့်လှပြီ။ မခံချင်စိတ်ကြောင့် ဖိ ထားရသော နှုတ်ခမ်းတွေမှ နာကျင်ခြင်းကြောင့် သည်းမခံနိုင်သ





ဆုံး။

"ဒီမှာ"

"သွားမှပဲ၊ အချိန်မရှိတော့ဘူး"

ကျော့်ခေါ်သံကြားမှ သင်းက အနားမှ ဦးအောင်လှည့် ထွက်သွားတာ။ အိုး ဖြစ်လိုက်သော ဒေါသကြောင့် ရင်ထဲမှာ င်ရှိုင်းတစ်ကောင် ဝင်မွေသွားတာမျိုးလို။ ကလီစာတွေ အသည်း လုံးတွေ ကပြောင်းကပြန်ဖြစ်ကုန်ပြီလား မသိ။ လူအုပ်ကြားထဲ နေပျောက်သွားသော သင်းကျောပြင်ကိုကြည့်ပြီး လက်သီး ဖက် ကျစ်ကျစ်ဆုပ်ကာ အတွေးထဲ ဖျတ်ခနဲဝင်လာတာက င်းလူရဲ့ ဇာတ်ဆောင်မင်းသမီးက တကယ်ပဲ ကိုယ့်နာမည်နှင့် နေနိုင်သည် လားဆိုတာပဲ။ ဆရာမင်းလူရဲ့ ထုံးစံအရ တ်ကောင်တွေရဲ့အမည်နှင့် သူ့ဇာတ်ကောင်ကာရိုက်တာက အမြဲ ပ်တူပြုသည်။ ဆန်းဆန်း ပြားပြားတွေမပါ။ အလွမ်းသစ်ထဲမှာ င်းသမီးအမည်က တင်မေထွေး။ ဒါကို အညာအခေါ်အဝေါ်အရ င်မေမဟုခေါ်သည်။ ဆန်းလည်းမဆန်းဘဲ ဒေသစရိုက်က မည်မှာ ထင်ဟပ်နေတာမျိုး။ အခုလည်း ကျော့်အမည်က ဘယ်လို ရိုက်မှာ ထင်ဟပ်သလဲ။ ကျော် သိချင်သည်။ ကျော့်စိတ်၊ ကျော့်

မာနကို ကျော်လေးစားသော ဆရာကြီးက ပုံဖော်ယောက်ျားထုတ်မျ မျိုး ကျော် စိတ်ဝင်စားသည်။ ထို့ကြောင့် ပျော့အနီး ဖြတ်သွား သော ဝန်ထမ်းကောင်လေးအား

"ဟိတ်…ရှတ်…ရှတ် မောင်လေး ဒီမှာ"

"ဗျာ…အစ်မ"

"ဆရာမင်းလူရဲ့ အောင်ဘာလေစာအုပ်မရှိတော့ဘူး လား"

"ဪ…ခဏနော် အစ်မ၊ ကျွန်တော်မေးပေးမယ်"

ကောင်လေးက ကတ်ရှာကောင်မလေးထံ သွားမေးသည်။ ကတ်ရှာမလေးက…

"ကာဝန်ခံဆီ မေးကြည့်မှရမယ်"

လမ်းညွှန်သဖြင့် ကာဝန်ခံဆိုသူဆီ သွားရသည်။ တာဝန်ခံ ဆိုသူနှင့် တွေ့မဲ့တွေ့တော့ စတိုခန်းအဝင်ပင်တွေ့ကာ တစ်ခါထပ် မေးတော့…

"မရှိတော့ဘူး၊ ဟိုတစ်ပတ်ကမှ လက်ကျန်တွေတင်တာ စင်ပေါ်တင်ထားတာတွေမရှိရင် ကုန်ပြီ"

လိုက်မေးပေးသော ဝန်ထမ်းကောင်လေးက အားနာသလို





…င် ကျော့်ကို လှည့်ကြည့်ပြီး…

"အစ်မ…ကုန်ပြီတဲ့"

ကျော်က ဝန်ထမ်းကောင်လေးအား ဝတ်ကျေတန်းကျေ …ါင်းညိတ်ပြပြီး နေရာမှ လှည့်ထွက်သည်။ လက်မှနာရီကို …ကြည့်တော့ ဂျူတီဝင်ရန် အချိန်ကပ်နေပြီ။ ပန်းဆိုးတန်း …အုပ်ဆိုင်တွေသွားလျှင် သေချာပေါက်ရနိုင်ပေမဲ့ အချိန်ကမရှိတော့။ …ော်က မင်းလူပရိသတ်ပေမဲ့ အခါတိုင်းဆို ဒီလောက်ကဲကဲဆတ် …တ်ချင်လှန်းလှတာယ်မရှိ။ တစ်ခါတလေ စာအုပ်ဝယ်ပြီး အလုပ်ရှုပ် …ဖြင့် တစ်ရက်နှစ်ရက်နေမှ ဖတ်ဖြစ်တာမျိုးတောင် ရှိသည်။ …တော့ စာအုပ်က ဟိုလူ့လက်ထဲ ရောက်သွားတာရော။ အတွင်း … စာတ်ဆောင်မင်းသမီးက မေနီကျော်ဖြစ်နေတာတို့ကြောင့် ပိုဖတ် …င်သွားတာဆိုလျှင် ကျော်က နာရီကြည့်ပြီး ကျန်သောအချိန်နှင့် …းလာချိန်နှုတ်ကြည့်ကာ တစ်ယောက်တည်း အလုပ်ရှုပ်နေဆဲမှာ …င်…

"ဟော့"

နီးနီးကပ်ကပ် မျက်နှာချင်းဆိုင်မှ ခေါ်သောအသံကြောင့် …ျော် ဖျတ်ခနဲမော့ကြည့်တော့…

"ရှင်"

ကျော်က ချက်ချင်းမျက်ခုံးကိုပင့်ပြီး အံ့သြသွားပြီး
နှစ်နှစ်လိုလိုကြီးပြုံးပြကာ…

"ကြည်သာချမ်း"

"တော်သေးတာပေါ့၊ မှတ်မိသေးလို့"

ချမ်းက သူ့ရင်ဘတ်ကို လက်ဝါးနှင့်ဖိပြီး စိတ်အေးသွ
သလို ခေါင်းမော့ပြီးပြောသည်။ ဘယ်အချိန့်ဖြစ်ဖြစ် တွေ့လိုက်လျှ
သပ်ရပ်ကျော့မော့နေသော ကြည်သာချမ်းသည် ခရော်ကိုဒိုင်းတံ
ပါသည့် စပို့ရှပ်အစိမ်းရင့်ရောင်နှင့် ဂျင်း(န်)အနက်တစ်ထည်
တွဲဝတ်ထားကာ မျက်မှန်ကို ကုပ်ပိုးမှာ နောက်ပြန်ချိတ်ထားသေ
သည်။ ကျော်က ထိုလူရည်သန့် ဆေးကျောင်းသားကို စေ့စေ့
စပ် ကြည့်ရင်း…

"မမှတ်မိဘဲနေမလားဂျှင့်၊ ကိုယ့်ကျေးဇူးရှင်ကို"

"ပိုး…အပြောက ရှိသမျှနားကြောတွေ စိမ့်သွားတာ
ဒါတောင် နာမည်နဲ့ ဖုန်းနံပါတ်က တွန့်တိုနေတုံး"

"အဟွန်း…ရှင်ကလည်း လူတွေ့တာနဲ့ ဒါပဲအကြေ
တောင်းသလို"





"ဒီလောက်တောင်းတာတောင် အမိက အသိအမှတ်ပြု
လို့လား၊ လူချင်းတွေ့တောင် နာမည်နဲ့တကွ နှုတ်ဆက်ခွင့်မရတဲ့
အဖြစ်လေ၊ စဉ်းစားကြည့်ဦး"

"ဒီလိုနှုတ်ဆက်လည်း ဖြစ်တာပဲကိုး"

ဘာကြောင့်ရယ် ခေါင်းစဉ်တပ်လို့မရဘဲ ကျော်က
ဒီတစ်ယောက်ကို ကတ်သပ်ချင်နေတာဖြစ်သည်။ ပြီးတော့ သူဝယ်
ပေးထားသော တန်ဖိုးကြီးဖိနပ်လေးကြောင့် ကျော်တို့ကြားက
ရေစက်မကုန်လောက်ဘူးလို့ ထင်ထားတာလည်း ပါသည်။ သူက
တော့ အားမလျှော့ဘဲ ကျော့်ဘေးနားရပ်နေရင်းက…

"ဒါဆိုလည်း ကော်ဖီလိုက်သောက်၊ ကျွန်တော့်သူငယ်
ချင်းတွေပါ ပါတယ်၊ မိတ်ဆက်ပေးမယ်"

"ခက်တာပဲ"

"ဘာဖြစ်ပြန်ပြီလဲ"

မျှန်ကုပ်ကုပ်နှင့် သူကမေးသည်။ ကျော်က လက်ပိုက်ကာ
သူ့ကို စေ့စေ့ကြည့်ကာ နှုတ်ခမ်းတွေ ကော့တက်အောင် ပြုံးပြတော့
ပါးချိုင့်ရာလေး ထင်းခနဲဖြစ်သွားတာကို ချမ်းမှာ အငိုက်မိပြီး ငေးနေ
ဆဲမှာပဲ…

"ကျွန်မ တကယ်ငြင်းဖို့ ဆန္ဒမရှိဘူးရှင့်၊ ဒါပေမဲ့ ငြင်းရ တော့မယ်၊ အလုပ်ချိန်က အရမ်းနီးနေပြီ၊ နောက်တစ်ခါပေါ့"

"ဟင်း…ခင်ဗျားက လုပ်ချလိုက်ပြန်ပြီ"

ချမ်းက ခါးထောက်ရင်း စိတ်ပျက်လက်ပျက် ညည်းတော့ သူမက နှစ်သိမ့်သလို ထပ်ပြုံးပြရင်း ပါးချိုင့်လေးနှင့်ပြုံးကာ…

"တကယ်ပါ၊ ကတိပေးတယ်၊ နောက်တစ်ကြိမ်ဆုံဖြစ် ရင် ကျွန်မ ရှင့်ကို အချိန်ပေးပါ့မယ်၊ ကဲ အခုတော့ခွင့်ပြုဦး ဘိုင့်"

အနီရောင်လည်ပင်းပြဲပြဲ ဂါဝန်က ဒူးဖုံးအထိ။ အပေါ်က အနက်ရောင် ဝေ့(စ်)ကုတ်ခါးရှည်လေးကို ရင်ခွဲဝတ်ထားသည်။ ချာခနဲ နှုတ်ဆက်လှည့်ထွက်သွားသောအခါ ဝေ့(စ်)ကုတ်အနားစ တွေ ခါယမ်းသွားပုံက သူ့ကို သခင်မအလိုကျ နှုတ်ဆက်သွားတဲ့ အတိုင်း။ ချမ်းက ဆံထုံးဖုံဖုံလေးမှာ ခရစ်စတယ်ကျောက်နီလေး တွေ တွဲလောင်းကျနေသည့် ဆံထိုးလေးကို သတိလက်လွတ် ငေးကြည့်နေပြီးမှ…

"ဟော့…ဒီမှာ"

ကျော်က ခြေလှမ်းရပ်ရင်း လည်ပင်းလိမ်ကာ ပြန်ငဲ့ကြည့်





သည်။

"ဒီ…တနင်္ဂနွေအားလား"

တွေသွားတာလား။ စဉ်းစားတာလား။ ချမ်းမသိ။ တခဏ ဗျူ မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် လုပ်ပြီးမှ…

"မအားဘူး၊ သွားစရာရှိတယ်"

ချမ်းက မဲ့ရွဲ့ကာခေါင်းညိတ်ရင်း…

"လုပ်ထားပေါ့၊ ခင်ဗျားက အိုဘားမားထက်တောင် အလုပ်ရှုပ်တဲ့သူဆိုတော့"

ခနဲ့တဲ့တဲ့ပြောပေမဲ့ သူမက ထုံးစံအတိုင်း ရှုးလောက်သော အပြုံးတစ်ခုနှင့် ထားခဲ့လေသောအခါ။ တကယ်ဆို သူ့အဖြစ်က နိုတ်ပြောသလို တစ်ဖက်သတ်ကြီးများလား။

• • •

## အခန်း (၁၀)

"အားလုံးဂျူတီအော့(ဖ်)ပြီ မဟုတ်လား"

ကင်(န်)တင်းထဲ လူစုံသည်နှင့် သူတို့ ဆေးခရီ(မှန့်ဖုတ်ဌာန) ရဲ့ ဌာနမှူး ကိုဇေယျာကမေးသည်။

"အော့(ဖ်)ပြီ"

တညီတညာတည်း ဝိုင်းဖြေသူများထဲမှာ မိုက်အသံတော့ မပါ။ မိုက်က ထုံးစံအတိုင်း ပီကေဝါးရင်း ညနေက အနိုင်လုဝယ် ခဲ့သော ဆရာမင်းလူရဲ့ အောင်ဘာလေကို ရျာန်ဝင်နေခြင်းကြောင့် ဖြစ်သည်။ ထိုအခိုက် သူ့ဘေးနားသို့ ခပ်ထုံထုံမွေးရနံ့က ရုပ်ခနဲ ဖြတ်ပြေးသွားသည်။ မိုက်က ကင်(န်)တင်းအဝင်ဝ ထောင့်ကျကျ





...၌ ထိုင်နေသည်ဖြစ်ရာ အားလုံးသောသူတို့သည် သူ့ကို ဖြတ်သန်း သွားရသည်သာ။ မိုက်က ဖျတ်ခနဲ မော့ကြည့်တော့ သူ့ရဲ့ရန့်သူ ...တော် မေနီကျော်။ အမြဲတစေ ထုံးဖွဲ့ထားသော ဆံနွယ်တွေက ညှပ်းရောင်အောက်မှာ မဟော်ဂနီရောင်တောက်ကာ ကျောလယ် ...ထိ စင်းကျနေသည်။ အရုပ်မျိုးစုံပါသော အဖြူရောင်ခံဘောင်းဘီ ...ည်က ခြေဖျားအထိ ဖုံးထားသော ခပ်ပွပွကို ကော်ရုပ်အနက်ရောင် ...နှင့် တွဲဝတ်ထားသည်။ ဆံဖျားတွေက ရေမခြောက်တခြောက်မို့ ...အခုမှ ရေမိုးချိုး ခေါင်းလျှော်ထားမှန်း အသိသာကြီး။ သူမက ကင်(န်)တင်းထဲ ရောက်တာနှင့် ကော်ဖီစက်နားတန်းသွားပြီး ကော်ဖီ တစ်ခွက်ယူကာ ဂျာနယ်တစ်စောင်နှင့် လူရှင်းရာစားပွဲဆီ ရွေးသွား သည်။ မိုက်က မှောင်ရိပ်ထဲမှာမို့ မိုက်ကို တော်ရုံမမြင်နိုင်။ ခုံမှာ နေရာတကျဝင်ထိုင်ပြီးမှ ဆူညံနေသော လူအုပ်ဆီ လှည့်ပင်းရှည် ကြည့်သည်။

"ကိုဇေ…ဘာအစီအစဉ်ရှိလို့လဲ"

"ကုလားကားရိုက်မလား"

"အင်းလေ…ဂျူတီကအစောကြီး ပြီးသွားတော့ အိပ်မှော် မှာမဟုတ်ဘူး၊ ပျင်းစရာကြီး"

"ပျင်းရင် အမြီးခွေအိပ်"

"ဟိတ်…ငါ့ကိုဘယ်သူပြောတာလဲ"

ယောက်ျားလေး မိန်းကလေးအသံတွေက ဆူညံစွာ ထွက်ပေါ်လာတာ ကင်(န်)တင်းအနံ့က။

"အမယ်…နင်ဟုတ်ရင်နာပေါ့၊ ခွေသိမ်းစရာအမြီးမရှိတဲ့လူက မနာဘူး"

"အေးပါ နီနီရယ်၊ ငါက အမြီးခွေအိပ်တာတော်သေး၊ နင်သာ ခေါင်းကသိပ်မကာနဲ့၊ နောက်ပိုင်းကကြည့်ရတာ သိပ်ပြောင်တာပဲ"

"ကောင်စုတ်…နင့်စကားပြောရင် မညစ်နဲ့"

"ညစ်နေသလား၊ လန်းသွားအောင် လီမွန်တီးသောက်"

"မဟုတ်သေးဘူး"

အရေးထဲ တစ်ယောက်က အသံပြဲကြီးနှင့် ထအော်သည်။ အားလုံးက အော်တဲ့သူကို ဝိုင်းကြည့်တော့…

"ပြောင်းသွားပြီ၊ Hi TEA"

ဆိုပြီး ဗေလုဝအိုက်တင်နှင့် ကြော်ငြာဝင်တော့ ဆဲသံဆိုသံတွေက ရယ်သံတွေကြားထဲ လုံးထွေးလျက်။ ကျော်က ဗရုတ်ကျသော သူတွေကိုကြည့်ကာ သွားတန်းတွေပေါ်အောင်ရယ်သည်။ ရယ်ရင်းမှ ဖျတ်ခနဲနှိုးဆော်သော မသိစိတ်ကြောင့် စိတ်ထဲ မလုံ





လဲဖြစ်ကာတာ ပတ်ဝန်းကျင်ကိုလှည့်ပြီး စူးစမ်းတော့…

"အောင်မာ"

ခေါ်ပြီး မြန်သောလက်က ဆတ်ခနဲခါးထောက်ပြီးသား။ ဟိုဗရုတ်ကောင်က။ ကြည့်စမ်း မှောင်ရိပ်ထောင့်ကွယ်ကနေ ကျော့်ကို အကျအနရှုစားနေတာကိုး။ ကျော်သည် ခေါသကြောင့် ဒိုင်းခနဲ ခင်းအား မျက်စောင်းပိတ်ထိုးပြီး နေရာပြောင်းပစ်သည်က ကျောခိုင်းရက်အနေအထားသို့။ ရှေ့ကအုပ်စုကတော့ ကျော်တို့ ဘာဖြစ်နေသည်ကိုမသိဘဲ တဟေးဟေးတဟားဟား ရှိနေတာကို။ ကိုဇေယျက လက်ခုပ်တီးကာ ငြိမ်သက်စေရင်း…

"ကန်ပေါင်ပေါ်သွားမယ်၊ ဘောခရီရယ်ဘန်းကွင့်ရယ်၊ နှစ်ဌာနပေါင်းပြီး သီဟင်းကျွတ်ကို ကြိုဆိုသောအားဖြင့် မီးရှူးမီးခန်းလွှတ်မယ်"

"ဝေး…ဟေး…ဟေး"

အားလုံးက ဝမ်းသာအားရအော်ပြီး တစ်ယောက်က ထရပ်တာ…

"ကိုဇေ…ဘယ်မှာလဲ မီးပန်းက"

"မပူပါနဲ့၊ ငါစီစဉ်လာပါတယ်၊ မနေ့ကညက တရုတ်တန်းကငါ ဖောက်သည်ဈေးနဲ့ သိမ်းလာတာ"

ကိုဇေက အထုပ်ကြီးတစ်ထုပ် မြှောက်ပြကာ...

"ငါက မီးပန်းချည်းရှိတာ၊ ဗြောက်ထုပ်က လမိုက်ည...
မှာ"

အားလုံးအကြည့်က လမိုက်ထံ စုပြုလာသည်။ လမိုက်က ထိုင်ရာမှထတော့ အားလုံးက ရှဲခနဲ လူခွဲရပ်ကာ မိန်းကလေးတွေဆီ ပိုဆိုးသည်။ တစ်ယောက်နဲ့တစ်ယောက် ကွယ်ရင်း မိုက်ကို မျက်တောင်မခတ် အကဲခတ်သည်။ မိုက်က ပီကေကို ပူဖောင်းအကြီးကြီးမှုတ်ရင်း...

"လူစုံရင် ရွေးမယ်"

"သူ့ကို ရှေ့ကသွားခိုင်း ကိုဇေ"

"ဟုတ်တယ်၊ ဗြောက်အိုးဆို အသံကြားတာနဲ့ ကြောက်တယ်"

မိန်းကလေးတွေက တညီတညွတ်တည်း ထောက်ခံသည်။ မိုက်က အားလုံးကိုပြုံးပြရင်း...

"မကြောက်ပါနဲ့၊ ငါနဲ့ပြေလည်ရင် မှဲ့တစ်ပေါက်တောင် မစွန်းစေရဘူး၊ မပြေလည်ရင်တော့"

ခြိမ်းခြောက်သောအကြည့်က ကျော့်ထံ ရောက်လာသည်။ ကျော်က ဆတ်ခနဲထရပ်ကာ...





"ကျွန်မ မလိုက်ဘူး ကိုဇေ"

"ရတယ်လေ၊ မှိုင်းဝအောင်သွင်းပြီး လွှတ်တင်ပေးလိုက်မယ်"

"ဘာပြောတယ်"

"ကြားတဲ့အတိုင်းပဲ"

မိုက်ကလည်း ဂျစ်တိဂျစ်ကန် ပြန်ဖြေသည်။ ကိုဇေက ...န်းကတည်းက ဒီနှစ်ယောက်ရဲ့ ရာဇဝင်ကို သိသူမို့ မိုက်ကို ...ဖက်ရင်းက...

"စတာပါဟာ...မေနီကျော်ကလည်း၊ မင်းကလည်း သူ ...တာမစနဲ့၊ လိုက်ခဲ့ပါဟ၊ အားလုံးစုံစုံညီညီဖြစ်ရအောင်"

"သူပါရင် ကျော် ပျော်မှာမဟုတ်ဘူး"

"သူမပါရင်လည်း ကျွန်တော်မပျော်ဘူး ကိုဇေ"

ပြောပုံက အချိုးမပြေစွာ။ ကိုဇေကတော့ ကောင်းရာ...င်းကြောင်း ပြောသည်အမှတ်နှင့်...

"ကဲ...တွေ့လား မိုက်က ခင်ဖို့ကောင်းပါတယ်"

"အဟွန်း...မုန်းလောက်အောင် နောက်တာကလွဲရင်"

တဲ့။ အခန်းဖော်တွေကရော တစ်ဌာနတည်းအတူကျသည့် ...င်တို့တွေက ကျော့်အား လက်ဆွဲရင်း...

"လာပါ ကျော်ရ၊ ငါတို့ပါတာပဲ"

"အေးလေ…လူအများကြီးဥစ္စာ၊ မိုက် နှင် ငါတို့ကိုဖေ

ဖြောက်မဖောက်နဲ့ဟာ"

"အချင်းချင်းတွေကို"

"ဟုတ်သားပဲမိုက်ရာ၊ အားလုံးပျော်ရအောင်ပါ"

ထက်ကောင်းကပါ ဝင်ပြောမှ သူက ပြုံးစိစိနှင့်…

"ခင်ကြီးကျယ်လာလုပ်ရင်တော့ အာမမခံနိုင်ဘူး"

တဲ့လေ။ ကျော်ဟာ စိတ်ရှိတိုင်း ဒင်းကို မျက်စောင်း

ပိတ်ထိုးနေရလျှင် မျက်လုံးတောင်ဖွင့်ရတော့မှာမဟုတ်။

ဒီလိုနှင့် အားလုံးက ဆွဲလွဲခေါ်ရင်း ဟိုတယ်ရှေ့

ကန်ပေါင်ပေါ် ည လရိပ်အောက်မှာ ကျော်ရောက်ခဲ့ရလေသည်

◆ ◆ ◆



# အခန်း (၁၁)

"ဟာ…ဟေ့ မလုပ်ပါနဲ့ကွာ"

"မှတ်လောက်သားလောက်ပါပဲ"

"မိုက်…မင်းက ပြောမကောင်းဆိုမကောင်း"

"မသိဘူးလား၊ အဲဒါ ငါ့ဗီဇ"

တားနေသည့်ကြားထဲမှ လိပ်ပြာလိုဟာလေးရဲ့ အမြီးပိုင်း

မီးခြစ်နှင့် ရှို့ဖို့ပြင်တော့ ထက်ကောင်းက ဆေးရာကိုပြေးရင်း…

"တော်ပြီ၊ မင်းနားဆက်နေရင် အမှုပတ်ကိန်းတွေရှိ

တယ်"

ဆိုပြီး အော်ကာထွက်သွားပြီ။ ဆယ်ယောက်ခန့်ရှိသော

အုပ်ဟာ ကိုဇေခွဲပေးသော မီးရှူးမီးပန်းတွေ တဖောင်းဖောင်း

ဖောက်ရင်း ကိုယ့်အာရုံနှင့်ကိုယ်။ ထိုထဲမှာ တမူကွဲထွက်နေသော သူမက ဆရာကြီးလိုလိုအထာနှင့် သူများတွေ လွှတ်တင်သ မီးပန်းတွေကို လက်ပိုက်ခေါင်းမော့ကာ ကြည့်နေခဲ့တာမို့။ မိုက်က လိပ်ပြာသုံးလေးခု လက်ထဲစုကိုင်ပြီး စနက်တံကို မီးရှို့ပေးပြီးမှ···

"ဟော့···ဒီမှာ"

ခေါ်သံကြောင့် ဖျတ်ခနဲလှည့်အကြည့် မြေပြင်က ကိုယ့်ဆီပြေးလာသော မီးရောင်စုံတွေပဲ ကျော်က မြင်လိုက်တာ ကြောက်စိတ်ကြောင့် မျက်လုံးတွေ ပြာခနဲဖြစ်သွားသည်။ မီး မီးပန်းဆို အန္တရာယ်မရှိမှန်း သိသိကြီးနှင့် အသည်းငယ်တတ် ကျော်က ကိုဇေယျပေးသော မီးပန်းတိုင်ကြီးတောင် မဖောက် တခြားလူပေးပစ်ခဲ့ရာမှ အခုကိုယ့်ဆီဦးတည်လာနေသော ဖြောက် မီးပန်းတွေကြောင့် နောက်သို့ခြေလှမ်းရွှေ့ရောင်ရင်း···

"အမယ်လေး···အို···အမေ့"

ကိုယ့်ခြေထောက်အချင်းချင်း ပြန်ချိတ်ပြီး လဲကျ ပစ်စလက်ခတ်။

"ဟာ···ဟော့ သွားပြီ"

ဒီလောက်ဖြစ်မယ် မရည်ရွယ်ထားသော မိုက်ကလည်း အလန့်တကြားနှင့် သူမနား ပြေးသွားမိသည်။ လိပ်ပြာမီးပန်းတွေ





သူမခြေရင်းအနီး ကွေ့ဝိုက်ကာ ပျံသန်းရင်း တရှူးရှူးအသံတွေ ပေးကာ နောက်ဆုံး မီးသေသွားသည့်အဖြစ်ကို သူမက မကြည့်ရဲ သလို မျက်လုံးမှိတ်ကာ ပခုံးကျုံ့ထားသည်။ ဒီလိုဆိုတော့လည်း သနားစရာလို့ မိုက်ကတွေးရင်း မီးမငြိမ်းသေးသော လိပ်ပြာ တစ်ကောင်အား ခြေထောက်နှင့် ဖိနင်းပစ်ရင်း···

"မရှိတော့ပါဘူး၊ ဟော့ မင်းဘာဖြစ်သွားတာလဲ"

မိုက်က ဒူးထောက်ပြီး သူမအနားထိုင်ချမေးသည်။ ဖျတ်ခနဲ ပွင့်လာသော မျက်တောင်ဖျားတွေက လှုပ်လီလှုပ်လဲ့ရှိရာ သူနှင့်အကြည့်ချင်းဆုံသောအခါ အားကောင်းသော နေမှုန်တိုင်း အဖြစ် ပူလောင်စူးရှလာကာ···

"ရှင် ဘယ်လိုလုပ်တာလဲ၊ မိန်းကလေးတစ်ယောက် ဘူခြေ့ဖျက်တာကြည့်ပြီး ရယ်ချင်တာလား၊ အဲဒါဆိုလည်း အူနှိပ် ပြီး သေအောင်ရယ်"

"ငါ မရည်ရွယ်ဘူး၊ မင်းကို သတ္တိကောင်းမယ်လို့ထင် ထားတာလည်းပါမှာပေါ့"

"ကန်ထဲခုန်ချပြီး တစ်ခါတည်းသေလိုက်၊ တောက် အလကား အကုသိုလ်ကောင်"

ကျော်ကပြောရင်း တင်းခနဲဖြစ်သွားသော သူ့မျက်နှာကို

လရိပ်မှာ ကြည့်ကာ မတ်တပ်ထရပ်ရန် အားယူပေမဲ့…

"အ"

အသည်းနိုက်မတတ် ခြေကျင်းဝတ်က ဒဏ်ရာကြော

လူကလဲပြိုလုလုတွင်…

"ဆောရီး…အဲဒီလောက်ဖြစ်မယ်မထင်လို့"

လက်မောင်းရင်းကနေ ဖေးကူထိန်းပေးသည်။ ထို့ကြော

ကျော်က ပြိုလဲမကျပေမဲ့ သူ့ရင်ခွင်တစ်ခြမ်းထဲ ရောက်နေသည

နီးနီးကပ်ကပ်အဖြစ်မို့…

"ဖယ်စမ်းပါ"

အကောင်းပကတိရှိသောလက်က မိုက်လက်

ပုတ်ထုတ်ပစ်တာ ရှုံရှာသလို။ မသတီသလို။ မိုက်က မာန

ဒေါသ ထောင်းခနဲခေါင်းပြူထွက်လာရင်း…

"မင်း…စေတနာကို နားမလည်ပါလား"

"ဟွန်း"

လရိပ်ကြောင့် လင်းနေသည့်မျက်နှာတစ်ခြမ်းက အကျည်

တန်စွာမဲ့ရွဲ့ပစ်ရင်း…

"ယောကျ်ားဆန်ဆန် စိတ်ဓာတ်မရှိတဲ့လူက စေတ

မေတ္တာတွေ လျှာဖျားပေါ်တင်ရဲတာ မရှက်ဘူးလား"





"မင်း"

ဆိုပြီး နောက်ဆက်တွဲစကား မပြောတော့ဘဲ တွဲကိုင်ထား

သောလက်ကို ဖြုတ်ချပစ်လိုက်သည့်အခါ

"အ"

သူမသည် ကြိုးတစ်စလို ကန်ပေါင်ပေါ် ခွေခေါက်ပုံကျ

သွားတာတောင် မျက်ဝန်းတွေက ရူးရဲတောက်ပတုံး။ မိုက်က

ခါသဖြင့် အရောင်ထွက်နေသော ထိုမျက်နှာအား အပေါ်စီးက

မိုးကြည့်ရင်း…

"ကြိုးစားပေါ့၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တဲ့

အထိ"

"တောက်"

နာကြည်းခြင်း သိပ်သည်းဆများသော တက်ခေါက်သံ

ဘ ဒင်းကို အခဲမကျေနိုင်တာကို လူတကာသိအောင် ကြော်ငြာ

နေသလို။

မွေးမြူထားပါရစေ ဒီအမုန်းတွေအား ဒီထက်ပို ရင့်သန်

အောင်။

• • •

## အခန်း (၁၂)

"ခင်တို့လာပြီ၊ ကြည့်စမ်း ကြိုင်ကမလာတော့ဘူးတော
ထင်နေတာ"

"ဝါးကြောပဲဥစ္စာ၊ ဘယ်မလာလို့ဖြစ်ပါ့မလဲ"

မေမေက ကားပေါ်ကဆင်းရင်း လက်ကိုင်အိတ် တံတောင်ဆစ်ကွေး၌ချိတ်ကာ ဟန်ပါပါပြောသည်။ ကျော်ကေ ဆင်ဝင်အောက်မှ တကူးတက လာရပ်ကြိုနေသော သခွားရောင် ပါတိတ်ဝမ်းဆက်နှင့် ခပ်သွယ်သွယ်အမျိုးသမီးကြီးကို ကြည့် "မေမေ့သူငယ်ချင်းက ချောသား"။ စိတ်ထဲက မှတ်ချက်ချသည် ကားသော့ဆွဲဖြုတ်ပြီး ကားပေါ်ကဆင်းတော့မှ…





"ယူ့အမျိုးသားကို ဘာလို့ခေါ်မလာတာလဲ"

"အမလေး…သူ့အလုပ်က နေ့မအား ညရှုပ်နဲ့လေ၊ လိုက်မယ်ပြောပြီး အလုပ်မပြီးသေးတာ ခဏစောင့်တဲ့၊ ခင့်အကြောင်းလည်းသိသားနဲ့ကြိုင်ရယ်၊ စောင့်ရတာဆို ဝါသနာကို မပါတာ"

"ဟုတ်ပ…ဒါကြောင့် ကျောင်းကတည်းက ယူက အမြဲတမ်းနောက်ကျခဲ့တာလေ၊ ကိုသွင်အောင်နဲ့ပဲ ချိန်းချိန်း၊ သူငယ်ချင်းတွေနဲ့ပဲချိန်းချိန်း"

ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြရင်းက ကားတစ်ဖက်မှ ကွေ့လျှောက်လာသည့် ကျော်ထံ အကြည့်ရောက်တော့ ကျော်က ဖျတ်ခနဲ ပြုံးပြနှုတ်ဆက်သည်။ အမျိုးသမီးကြီးက ကျော့်အပြုံးကို တလှိုက်တလှဲ တုံ့ပြန်ရုံမကဘဲ အနားရောက်လာသော ကျော့်လက်ဖျားကို ဖျတ်ခနဲလှမ်းဆွဲကာ…

"ခင် ဒါက ယူ့သမီး"

"ဟုတ်တယ် မေနီကျော်တဲ့၊ အင်္ဂလိပ်စာနဲ့ ကျောင်းပြီးထားပြီးပြီ၊ (….)ဟိုတယ်မှာ အလုပ်ဝင်နေတယ်၊ သမီးက ဟိုတယ်လုပ်ငန်းကို ဝါသနာပါတော့ အတွေ့အကြုံယူတဲ့သဘောနဲ့ပေါ့ဟယ်"

"မေနီကျော် ကြည့်စမ်း ချောလိုက်တာ၊ ချစ်စရာကောင်းလိုက်တာ၊ ခင် နင်တို့နဲ့တော့ လုံးဝမတူရေးချမတူပဲ"

အမျိုးသမီးကြီးသည် ကျော်လက်ဖဝါးနှစ်ဖက်ကို ဆွဲကိုင်ထားရင်း လူကို စေ့စေ့စပ်စပ်ကြည့်ကာ ချီးမွမ်းတာမို့ ကျော်က ပါးချိုင့်လေးထင်းနေအောင်သာ ပြုံးပြဖြစ်သည်။

"ခင်ရေ…သမီးကို မတွေ့ခင်ကတည်းက ငါပြောထားတဲ့စကားက အခုအတည်ဖြစ်သွားပြီနော်"

မေမေ့ကို တိုးတိုးကပ်ပြောရင်း…

"လာ…သမီး လာ အထဲဝင်၊ ဒီနေ့ ဘုရားကိုးဆူကကြက်သားပလာတာကျွေးတာ၊ သမီးကြိုက်ပါ့မလား"

"ကြိုက်ပါတယ် အန်တီ"

"ကြိုင်တို့ကတော့ ငါ့သမီးကို ဖားနေပြီ"

ညှိခန်းထဲဝင်လိုက်တာနှင့် ခန်းလုံးပြည့်ခင်းထားသောကော်ဇောနီပေါ်မှာ စားပွဲဝိုင်းတွေရှိဆဲ။ သို့ပေမဲ့ ညှိသည်ကတော့ အနည်းငယ်ပဲရှိတော့သည်ထင်သည်။ ဝိုင်းတွေမှာ လူတွေရှိပေမဲ့ အားလုံးက ကျိုးတို့ကျဲတဲ။ အန်တီကြိုင်ဆိုသူက ကျော်တို့သားအမိကို လူရှင်းသောစားပွဲ၌ နေရာချပေးရင်း မုန့်ပွဲပြင်ပေးသော ကလေးမလေးအား…





"အဝါ…နင့်အစ်ကိုလေးရော"

"ခြံထဲမှာ ကြီးကြီး၊ သူ့သူငယ်ချင်းတွေနဲ့"

"ဟဲ့…ဟိုနှစ်ကောင်ရောက်နေတာလား"

"ဟင့်အင်း…မဟုတ်ဘူး ကြီးကြီး၊ ဆေးကျောင်းကသူငယ်ချင်းတွေနဲ့"

"သွားခေါ်စမ်း အခု၊ ငါ့ မိတ်ဆက်ပေးမဲ့ညှိသည်တွေရောက်နေပြီလို့"

ကောင်မလေးက လှစ်ခနဲထပြေးထွက်သွားသည်။ မေမေနှင့်ကျော်က မုန့်ပွဲတွေကိုယ်စီရှေ့ချရင်း မျက်လုံးချင်းစကားပြောတာအသံတိတ်။

"ကြိုင့်…ခင်ပွန်းက ဆုံးသွားပြီတဲ့သမီးရဲ့၊ သူ့ခင်ပွန်းကချမ်းသာသလောက် ကြိုင်တို့မျိုးရိုးက ဂုဏ်မြင့်တယ်၊ အားလုံးကပညာတတ်တွေချည်းပဲ၊ အခု ကြိုင့်မှာ သားလေးတစ်ယောက်ကျန်ရစ်တယ်တဲ့၊ ပညာတတ်မယ်၊ ချမ်းသာမယ်၊ ပြီးတော့ မျိုးကောင်းရိုးကောင်း၊ ဒါ အပေါ်ယံအမြင်ဆိုပေမဲ့ အဲဒီအမြင်တွေက ခေါင်းခါစရာမရှိတဲ့ အချက်တွေပဲ"

ပြောခဲ့သောစကားတွေက အိမ်ကအထွက် ကားပေါ်မှာဖြစ်ပေမဲ့ ကျော်က အခုထိ ကြားယောင်ဆဲ။ ဘာကိုရည်ရွယ်သလဲ

ဆိုတာ ကျော်သိပါသည်။ ကျော့်မှ မေမေပြောသလို ငြင်းဆန်စ

အကြောင်းပြက မည်မည်ရရ မရှိခဲ့တာကြောင့်…

"ဟော…သားလာပြီ"

ကျော် ဖျတ်ခနဲ မျက်လွှာပင့်ကြည့်တော့…

"ဟင်"

အံ့သြခြင်းကြောင့် ကျော့်နှုတ်ခမ်းတွေ ပွင့်ဟသွားသည်

အဖြူရောင်ရှပ်အင်္ကျီက ကြွေရောင်တောက်နေသည်။ ခရမ်းရင့်ရော

မှိုင်းနေသော ပုဆိုးကြောင့် သူ့မျက်နှာက ပို၍ကြည်လင်ရှင်းသ

နေသလို။ သူက ကျော့်ဘက်အကြည့်မရောက်သေးဘဲ သူ့အ

ဘေးနား ဝင်ထိုင်ကာ…

"မေမေ…ကျွန်တော့်ကိုခေါ်တယ်ဆို"

"အေး…ဒီမှာ မေမေ့ကျောင်းတုံးက သူငယ်ချင်းဆိုတာ

မိတ်ဆက်ပေးမလို့၊ ခင်ရေ ဒါ ကိုယ့်သားလေ၊ **Final Part**

တက်နေတာ"

"အဟား…မေမေကလည်း လူတွေ့တိုင်း ဒါပဲကြွား

တာပဲ"

သူက ဆံပင်တစ်ချက်သပ်ရင်း ခေါင်းမော့ကာရယ်သည

အထိ ညှို့သည်တွေအပေါ် အာရုံမရှိသေး။ မေမေ့မိတ်ဆွေ





ဖော်တစ်ယောက်ပါလာမည်ဆိုတာထက် ပိုစိတ်ဝင်စားခြင်းမရှိတာ

သချာသည်။ အခုလောလောဆယ် သူ့စိတ်အာရုံက ခြံထဲ၌ကျန်ရစ်

ခဲ့သည့် နန်းနန္ဒာထံမှာ ရောက်ရှိနေခဲ့သည်ဆိုလျှင်…

"ဒါ…ကြွားစရာမှမဟုတ်တာကွယ်၊ သား ဆေးကျောင်း

သားဖြစ်တာများ မိဘအနေနဲ့ ဂုဏ်ယူစရာပေါ့"

ညှို့သည်အန်တီကြီးက အပြုံးနှင့် ငနှစ်သိမ့်သည်။

သူက ခေါင်းတညိတ် ရှိရှိကျိုးကျိုးနှင့် ညိတ်ပြရင်း…

"ကျေးဇူးတင်ပါတယ် အန်တီ"

ပြောပြီး အကြည့်က ထိုအန်တီကြီးထံမှာ ချော်ထွက်သွား

ဝဲ့ သူ့ကိုပြုံးကြည့်နေသော မျက်ဝန်းတစ်စုံနှင့် သူမ။ ကျောက်စိမ်း

ရင့်ရောင် အင်္ကျီက လည်ထောင်ရင်ဖုံးကို လက်ပြတ်က တမင်

ကာ ဒီဇိုင်းဆွဲထားမှန်းသိသာသည်။ အစိမ်းရင့်ရောင်ကြောင့်

သူမအသားအရေက မြစိမ်းရောင်တောက်နေတာကို ချမ်းမှာ တမေ့

တမောငေးရင်း…

"မင်း"

သူက တအံ့တသြတွေဖြစ်၊ မျက်ခုံးတွေပင့်ပြီး အကြီး

အကျယ်ထူးဆန်းနေချိန်မှာ သူမကတော့ ဆံပင်အလယ်ခွဲတွေကို

နားရွက်နောက် ဖြစ်သလိုထိုးညှပ်ကာ သွားဖြူတန်းတွေပေါ်အောင်

ရယ်ပြတာက တည်တည်ငြိမ်ငြိမ်။

"ဒါ…ကိုယ့်သား ကြည်သာချမ်းတဲ့၊ မမေ့သူငယ်ချင်း အန်တီခင်မာ သားရဲ့၊ ဒါ ခင်ရဲ့သမီး"

"ကျော်တို့သိထားပြီးသားပါ အန်တီ"

ကျော်က ဖျတ်ခနဲအပြုံးနှင့် ဝင်ပြောသည်။ အမေ နှစ်ယောက်က ထူးဆန်းခြင်းများစွာနှင့် အကြည့်ချင်းဆုံတော့ ချမ်းက လည်း ဒီတိုင်းငြိမ်မနေဘဲ…

"လူချင်းပဲသိကြတာ၊ နာမည်မသိဘူး မေမေ"

"ဟော"

"ဘယ်လို သားရဲ့"

ချမ်းက အမေနှစ်ယောက်ရှေ့မှာ အောင်နိုင်သူအပြုံးမျိုးနှင့် ကျော့်ထံ မေးဆတ်ပြကာ…

"သူက နာမည်မပြောပြဘူး"

"အဟွန်း…အကြောင်းမတိုက်ဆိုင်လို့ပါ"

"အခု တိုက်ဆိုင်ပြီလေ၊ ပြောတော့"

ကျော် အငိုက်မိသွားပုံကို သူက အားရဝမ်းသာစိုက်ကြည့် ရင်း ပြောတော့ဟူသော ပုံဖြင့် မျက်စပစ်ပြသည်။ ကျော်က မပြောဘဲ ပေပြီးရယ်နေတော့ ကြားထဲမှ မေမေက အားနာလာဟန်ဖြင့်…





"အဲဒီကျော်ဟာလည်း တွန့်တိုစရာမရှိတာကို မေနီကျော် တဲ့သားရဲ့ မှတ်ထား"

ဝင်ပြောသည်။

"ကဲ…သူတို့လူငယ်ချင်းသိပြီးသားပဲ၊ ထားခဲ့ခင်၊ ယွန်ကို ကြိုင်ပြမဲ့ဘယက်လေးလေ"

"ဟုတ်သားပဲ၊ အဲဒါလေးကြည့်ပြီး ကိုသွင်အောင်ကို ပူဆာရမယ်၊ သမီးခဏနေခဲ့ဦး"

ဘယ်ကတည်းက တိုင်ပင်ထားသလဲမသိ အမေ နှစ်ယောက်က မျက်စပစ်ရင်း ဝိုင်းမှထသွားပြီ။ ကျန်ရစ်ခြင်း နှစ်ကိုယ်ကြားမှ ချမ်းကပြုံးရင်း…

"အဟွန်း…တောင်းစရာရှိသေးတယ်"

"ခဏလေး…ဒါလေးစားပြီးမှတောင်း"

"ဘာဖြစ်လို့လဲ"

ကျော်က ကြက်သားပလာတာကို အပြီးသတ်စားရင်းက

"မေးရမှာရှိရင် စားရတာမျိုမကျတတ်ဘူး"

"အဟား…နှမြောတတ်တာ လွန်နေပြီ"

"နှမြောမှ ကိုယ့်အတွက်ကျန်မှာလေ"

"ဖုန်းနံပါတ်လေးလောက်တော့ မနှမြောပါနဲ့တော့"

"ရှင်ကလည်း လောဘကြီးလွန်းတာပါ"

"စွပ်စွဲချက်က ကြီးလိုက်တာ"

သူက နှာခေါင်းရှုံ့ပြီး ခေါင်းယမ်းသည်။

"ဟုတ်တယ်လေ…တထိုင်တည်း နှစ်ခုစလုံးတပြိုင်နက်လိုချင်တာလေ၊ ရှင့်ဆီ ကျော် ဖုန်းဆက်ပါ့မယ်၊ အခုတစ်ခေါက်တော့ နာမည်လေးနဲ့ကျေနပ်"

တဲ့။ ထိုနေ့က သူသည် ကျော်တို့ မပြန်မချင်း ခြံထဲပြန်မရောက်တော့ဘဲ နန်းနန္ဒာတို့အား ဖုန်းနှင့် တောင်းပန်ထားရတဲ့အထိ။

"မေမေ့ညှိသည်ကို ညှိခံနေရလို့"

ဆိုသည့် ခေါင်းစဉ်ကြီးကြီး တပ်ထားလိုက်သည်။ ထိုနေ့က သူမတို့ပြန်တော့ မေမေနှင့်အတူ ကားနားထိလိုက်ပို့ရင်း…

"သမီးလည်း အိမ်ကို မကြာမကြာလာလည်နော်"

လို့မှာရင်း…

"ခင်ရေ…ကိုသွင်အောင်ကို တို့ပြောတာ ပြန်ပြောဖို့ မမေ့နဲ့၊ သမီးရှေ့မှာ ရှက်နေမှာစိုးလို့ ထပ်မပြောတော့ဘူးနော်၊ အဖြေမသိရခင် တစ်ရက်လောက် ထမင်းဖိတ်ကျွေးရဦးမယ်"

သူမမေမေက မျက်စောင်းရွယ်ရင်း…





"ဟွန်း…သူ့အိမ်အလှူဖိတ်ပြီး ခင့်ကို ချည်ပြီးတုပ်ပြီး …ဖောက်တာပေါ့လေ၊ သားကိုလည်း ပြန်မေးပါဦး၊ မအေနဲ့ …တာထားချင်း တိုက်ဆိုင်လို့လားဆိုတာ"

"မေးစရာမလိုပါဘူး အန်တီ၊ ကျွန်တော်က မေမေ့စကား …ဆို နာခံပြီးသား၊ အဟဲ မေနီကျော်သာ"

"ကျော်က တစ်ခါတစ်ခါ လိမ္မာပေမဲ့ …တစ်ခါတလေ …တော့ ဆိုးတယ်၊ ရှင့်လောက်တော့ မလိမ္မာဘူး"

တဲ့။ ထုံးစံအတိုင်း ပါးချိုင့်လေးထင်းနေအောင် အစိမ်းရင့် …ပြုံးရင်း ပြောသည်။ ချမ်းကတော့ ဒီတစ်ကြိမ် သူမလိမ္မာပါစေ …ဆုတောင်းရင်း ကိုယ့်ဝန်းကျင်က အလှဖုရားမကို မေ့သွားသည် …သီ။

သူမက ခေတ်ပြိုင် ဥမာဒန္တီလို။ ရှုးလောက်အောင်လှပါ …သည်။

• • •

အခန်း (၁၃)

"ဆရာ့ဆီက Roll Call မှာ ပထမဆုံး လက်မှ
ထားတာ ကျွန်မပါပဲဆရာ"

မိုက်က ဒီနေရာကိုပဲ နှစ်ကျော့သုံးကျော့ဖြန်
နားထောင်ရင်း မျက်နှာတွေ ပြုံးကျသွားသည်။ မျက်ဝန်းကို
ဆိုဖာကျောမှီပေါ် ခေါင်းလှန်တင်တော့ ဂျစ်ကန်ကန်မျက်နှာ
အာရုံထဲ အပိုင်စားဝင်ရောက်လာသည်။ သူနှင့်တွေ့လျှင် နှ
နှစ်လွှာကို မျဉ်းဖြောင့်တစ်ကြောင်းတည်းဖြစ်အောင် ဆွဲစေ့
တာ သူမရဲ့အကျင့်။ အကြည့်ချင်းဆုံသွားတိုင်း နှုတ်ခ
တည်ပြီး မျက်ဝန်းတွေ တင်းသွားတတ်သော ထိုတစ်ယော

နိုး : မိုး : စာပေ



က်က တူညီသော ဥပေက္ခာထားမရခဲ့သောကြောင့်…

"မင်းဘာတွေဖြစ်နေတာလဲ မိုက်"

ထက်ကောင်းက အေပရွန်ကို ခါးစည်းကြိုးတွေဖြုတ်ကာ
ရှေ့ဆိုဖာမှာ ဝင်ထိုင်ရင်းမေးသည်။ မိုက်က မထူးခြားသလို
င်းတစ်ချက်ထောင်ကြည့်ပြီး…

"ဘာဖြစ်လို့လဲ"

မေးခွန်းထုတ်ပေမဲ့ မိုက်မျက်နှာပေါ်က ကောက်ကြေ
ကြောင်းတွေကို သူက အထင်အရှားတွေ့ရတာမို့…

"အဲဒီအသံဖမ်းစက်ထဲက အကြောင်းအရာတွေကို မင်း
လွတ်ကျက်နေတာလား၊ ဒါမှမဟုတ်"

"ဒီလိုပါပဲ…မင်းစီစဉ်တဲ့ ဘရိတ်ဖတ်(စ်) ပြီးပြီလား၊
ကောင့်ဆီ ဖုန်းလှမ်းထိုးကြည့်ဦး၊ ပြီးခဲ့တဲ့ တနင်္ဂနွေက ကိုယ်
ဟင်ဖျောက်နေတာ၊ ဒီနေ့လာမှာလားလို့"

ချမ်းကို ရည်ရွယ်ပြောမှန်းသိသည်။ စကားကို
မ်းကြောင်းပြောင်းပစ်မှန်းလည်း ထက်ကောင်းက နားလည်၏။
ကယ်ဆို ချမ်းဟာ သုံးယောက်သော သူငယ်ချင်းထဲ စာရင်းဝင်
မဲ့ ရင်ဘတ်ချင်းနားလည်တာ သူနှင့်မိုက်ဟုဆိုလျှင်…

နိုး : မိုး : စာပေ

"မင်းလုပ်တာ လွန်သွားတယ် မထင်ဘူးလား မိုက်"

"ဘာကိုလဲ"

မိုက်က ထမင်းစားပွဲပေါ် သူပြင်ဆင်ထားသမျှကို ထ

ထိတို့စားရင်း ပြန်မေးသည်။

"မေနီကျော်က ခွင့်တစ်ပတ်ယူသွားတယ်၊ ယူပြီး ဂျူ

ပြန်ဆင်းတော့လည်း သူ့ရဲ့ချူးကို တခြားတစ်ယောက်နဲ့ လဲ

တယ်တဲ့၊ အဓိကအကြောင်းအရင်းက မင်း ဟိုညမှာ လိပ်ပြာ

လွှတ်လိုက်တော့...

"အဟွန်း...လူချင်းတွေ့ရင် ရန်စောင်ရတာနဲ့၊ ရန်

နေတဲ့ နှုတ်ခမ်းကလည်း စက်သေနတ်ပစ်သလို တရစပ်

တတ်တဲ့ သူက ဖြောက်အိုးကျ ကြောက်သတဲ့၊ ငါကလည်း

အထင်ကြီးမိတာ မှားသွားတာပါ"

"အေးလေ...အခုတော့ တစ်ဟိုတယ်ထဲလုပ်ပြီး မျက်

လေးတောင် တွေ့ခွင့်မရတဲ့အဖြစ်"

"အချိန်တူရင်တောင် ဌာနကကွဲသေးတာကိုး၊ အ

နေရတာကျနေတာပဲ"

ပေါင်မုန့်ကြက်ဥကြော်ကို ခက်ရင်းနှင့်ထိုးရင်း ပါး

နိုး : နိုး : ၀၁၆၀



လုံးကြီးထည့်ကာ ဟန်မပျက် ပြောရပေမဲ့ ကိုယ့်ရင်ထဲ ကိုယ်

နေတာ မိုက် အသိဆုံး။

"ဘာပဲဖြစ်ဖြစ် တွေ့နေရသေးတာပေါ့"

"မတွေ့ရလည်း ဘာမှမဖြစ်ပါဘူး"

"ဒါဆို...မင်းဘာလို့ သူ့အသံပါတဲ့နားပဲ ခဏခဏ

နေ့ဖွင့်နေလဲ"

"ဒါကတော့"

ရယ်ကျဲကျဲနှင့် ဆံပင်တွေကို လက်ဝါးနှစ်ဖက်ဖြင့် သိမ်း

သပ်သည်။ ထို့နောက် ခေါင်းနောက်မှာ လက်နှစ်ဖက်ကို ယှက်သိုင်း

ကာ ကျောမှီမှာ ပက်ခနဲမှီချသည်။

"မင်းရင်ထဲမှာ သူနဲ့ပတ်သက်တဲ့ ခံစားချက်တစ်ခုခုတော့

ရှိရမယ် မိုက်၊ မင်းထပ်မညာနဲ့"

မိုက်က အားယူရင်း ရင်ဘတ်ကြီး မောက်တက်လာ

အောင် သက်ပြင်းရှိုက်သွင်းရင်း...

"သူများနဲ့ မတူတာတော့ သေချာတယ်"

"ဒါဆိုလည်း...ငြိမ်းချမ်းရေးယူပြီး တစ်ကပြန်စပေါ့"

"အဟွန်း...အဲ့ဒီလိုလည်း မလုပ်ချင်ဘူး"

နိုး : နိုး : ၀၁၆၀

"ဘာဖြစ်လို့လဲ၊ ဒါကအထူးပြုလုပ်ချက်မှ မဟုတ်တာ ဖြစ်ခဲ့သမျှ တောင်းပန်ပါတယ်ဆို ပြီးတာပဲ"

"သူက အဲဒီ့လိုကို ရမလားကွ၊ တောင်းပန်တာနဲ့တော 3 D နဲ့မှ"

"ဟော့ကောင်...မင်းပြောရင်းနဲ့ ဖောက်မလာနဲ့၊ ဒီမှာမင်း အတွက် ကြားထဲက ငါ ခေါင်းစားပေးနေရတာ"

ထက်ကောင်းက ထဟောက်မှ သူက ခေါင်းမော့က ရယ်ရင်း ရယ်ရှိန်မသေသော မျက်နှာနီနီဖြင့်...

"ငါက...သူရန်စွာနေတာကိုပဲ ရင်ခုန်ချင်တာ"

"ဟမ်...မင်းဟာကြီးက...ဘာကြီးလဲ၊ ငါသိသမျှတော ရင်ခုန်ပြီဆိုရင် တစ်ဖက်လူ ကြည်ဖြူအောင်"

"ငါ့ရင်ခုန်ပုံက သူများနဲ့မတူလို့ ဖြစ်မှာပေါ့"

"မင်းတော့သေသင့်နေပြီ...မိုက်"

မချင့်မရဲနှင့် ထက်ကောင်းကဆိုတော့လည်း မိုက်က အရယ်အပြုံးမပျက်ဘဲ...

"အခုမှ...ရှင်သန်ခြင်းရဲ့အစ...ပထမ"

တဲ့လေ။ ထက်ကောင်းက စွပ်ကျယ်အနက်နှင့်ဂျင်း( တပတ်ဖျော့ကို ဝတ်ထားသော...မိုက်ကိုငေးရင်း





အဲ့ဒါကြောင့်ပြောပါတယ်။ ဒီကောင်က အားလုံးထဲမှာ ...ဲ့အပြောဆုံး...အထူးခြားဆုံးလို့။

• • •

## အခန်း(၁၄)

"ဘာ…ထူးခြားသတင်း"

"အေး…ဟုတ်တယ်…နှစ်ထောင့်ဆယ့်တစ်ခုရဲ့ ထူးခြားဆုံးသတင်း"

"သတင်းမပြောခင်ကတည်းက ထူးဆန်းနေတာ ညနေပိုင်းကြီး ပေါက်ချလာလို့လေ"

"အေးလေ၊ ငါတောင်ပြန်တော့မလို့၊ စုဝေရဲ့ သင်တန်း ရှစ်နာရီပြီးမှာ၊ ဒီကအပြန် ဝင်ကြိုမယ်လို့ ဒိတ်လုပ်ပြီးသား"

ထက်ကောင်းကပြောရင်း ဖုန်းကို ကောက်နှိပ်… ချမ်းက ဖုန်းကို လှမ်းယူရင်း…

ဒိုးဒိုး၈၁၉၉၀



"နောက်မှ ဆက်စမ်းပါ၊ ဒီမှာ…ငါ့ကို ကြည့်ကြစမ်း"

နှစ်ယောက်လုံးရှေ့သို့ ချမ်းက သူ့မျက်နှာကို ထုတ်ပြရင်း…

"ဘာထူးခြားလဲလို့"

မိုက်က သေသေချာချာ ကြည့်သည်။ ထက်ကောင်းကတော့ မိုက်ကြည့်၍သာ ကြည့်ရသည်။ ရုပ်ကအူကြောင်ကြောင်နှင့်။ မိုက်ကတော့ ကြည့်ရင်း ကြည့်ရင်းက စပ်ဖြီးဖြီး ဖြစ်နေသော ချမ်းရုပ်ကြီးအား ထိုးပစ်လိုက်ချင်စိတ်က တဖွားဖွား။ ကြည့်လေ။ ဘာတွေဒီလောက် အူမြူးလာသလဲ မသိ။ ရောက်လာတော့လည်း တနင်္ဂနွေနေ့ညနေပိုင်းကြီးမှ။ သူလည်း အပြင်ထွက်တော့မှာမို့ ရေချိုးခါနီး အပေါ်ဗလာကျင်းရက်သားကြီးကို အတင်းပဲ ရေချိုးခန်းအဝကဒင်းဆွဲထုတ်လာသည်။ အခုလည်း စေ့မရသော နှုတ်ခမ်းနှစ်လွှာအောက်က သွားဖြူတန်းကြီးတွေကို ပါးစပ်မပိတ်တမ်းပြကာ သူ့မျက်နှာကိုကြည့်တဲ့။ မိုက်က ကြည့်ပြီး မျက်နှာလွှဲတော့…

"ဟော့ကောင်…ဘာတွေ့လဲ"

"ငါကတော့…ဘာမှမတွေ့ရဘူး"

ထက်ကောင်းက အရင်ဖြေသည်။

"မိုက်…မင်းရော"

ဒိုးဒိုး၈၁၉၉၀

"တွေ့တယ်"

တုံးတိတိဖြေတော့ ချမ်းမှာ အားတက်သရောနှင့်

"မင်း တွေ့တာပြောလေ"

"ဘယ်ဘယ် နှာခေါင်းရင်းနားမှာ ဝက်ခြံတစ်ခု"

"ဟင်"

ချမ်း ကျွဲမြီးတိုသွားသည်။ ထက်ကောင်းထံမှ တဟီးဟီး ရယ်သံ ထွက်လာ၏။ မိုက်က မသိချင်ဟန်ဆောင်ပြီး…

"မင်း…မျက်နှာကို ကလင်းစင်း သေချာမလုပ်ဘူးလား"

"ဝက်ခြံဆိုတာ…အဆီတွေ ဖုန်မှုန့်တွေက တစ်ဆင့်"

"ဟော့ကောင်…ငါ"

"မင်း တော်တော်, တော်တာပဲ၊ ဆဲတာတောင် နှစ်ဘာသာနဲ့"

ထက်ကောင်း အောင့်မခံနိုင်။ တခွိခွိးနှင့် ထရယ်သည်။ ချမ်းက ဗီလင်အောက်သွားပုံနှင့် နှုတ်ခမ်းလှုပ်ရုံ…

"ဝဲစား"

လို့ ထပ်ဆဲပြီးမှ…

"ငါ…လက်ထပ်တော့မယ်"

ဖိုးမိုး၈၁၉၆ပ



"ဘာ"

"ဘာပြောတယ်…ချမ်း"

ထက်ကောင်းက အံ့သြလွန်းမက အံ့သြသွားပြီး မိုက်ကတော့ လက်သန်းဖြင့် နားထဲနှိုက်ကာ တဆတ်ဆတ် ခါထုတ်ရင်း…

"မင်းလာနောက်မနေနဲ့ ချမ်း"

"ငါ…တကယ်ပြောတာ၊ အဲ့ဒါကြောင့် ပြီးခဲ့တဲ့ တစ်ပတ်လုံး ငါပျောက်နေတာ"

"ဘယ်သူလဲ"

"ငါ့အမေရဲ့ သူငယ်ချင်းရဲ့ သမီး"

"ထင်သားပဲ၊ အဲဒီလောက်မြန်တာ ကိုယ်ပိုင်အစည်အချင်းနဲ့ မဖြစ်နိုင်ပါဘူးလို့"

မိုက်က ရှုံ့မဲ့မဲ့နှင့် ဝင်ပြောရင်း…

"ဒါပဲ မဟုတ်လား၊ ငါ…ရေသွားချိုးတော့မယ်"

"မင်းကလဲ…နေပါဦး"

"ပြောစရာက…ဒါပဲ မဟုတ်လား"

မျက်နှာငဲ့ပြီးမေးသည့် မိုက်ပုံစံက တကယ်စိတ်မဝင်စားသည့်အတိုင်း။

"ဇာတ်လမ်းက အခုမှ စတာကွ…ဟိုတစ်ခါ ပြောပါ

ဖိုးမိုး၈၁၉၆ပ

ရောလား၊ ဖိနပ်ဝယ်ပေးလိုက်ရတယ်ဆိုတဲ့ တစ်ယောက်ဖြစ်နေတာပဲ"

"မိုက်…ပြောပြတဲ့ တစ်ဖက်သတ် မင်း ဖြစ်နေတဲ့ တစ်ယောက်ပေါ့"

"ဟောကောင်…အခုညီမှုသွားပြီ၊ တစ်ဖက်သတ်မဟုတ်တော့ဘူး ထက်ကောင်းရ"

"မင်း ကျောင်းပြီးအောင် မစောင့်တော့ဘူးလား"

ချမ်းက ခေါင်းယမ်းရင်း…

"ပထမတော့ ငါ ဘွားတော်က အဲဒီလို အစီအစဉ်ကျ ဒါပေမဲ့ သူတို့ မိသားစုနဲ့ ပြီးခဲ့တဲ့ တစ်ပတ်က ဘုရားဖူးအထွက်ရင်းက သူ့အလှ၊ သူ့အပြုံး၊ သူ့အကြည့်တွေကို ငါ စိတ်မနေတော့လို့"

"အမြန်လက်ထပ်ဖို့ စီစဉ်ဖြစ်တာ ဆိုပါတော့"

မိုက်က စကားဝင်ထောက်သည်။

"အေး…အဲဒီအတိုင်းပဲ"

ဝန်ခံတော့ ထက်ကောင်းက မဲ့ရွဲ့ကြည့်ရင်း…

"ဝဲစား၊ တစ်ပတ်လုံး ဘုရားဖူးထွက်တာတောင် ငါ့အတွက် လက်ဆောင်လေး ဘာလေး မဝယ်လာဘူး"





"ဝယ်လာလည်း မင်းကြိုက်မှာ မဟုတ်ဘူးလေ၊ ငါရောက်တဲ့နေရာက ပုဂံကွ၊ ယွန်းထည်နဲ့ ပုန်းရည်ကြီးပဲ ပေါတာ"

"တော်ပါ၊ မင်းဟာမင်း အကြည်ဆိုက်ပြီး မေ့ရင်မေ့တယ်ပြော"

နှစ်ယောက်သား ငြင်းရင်းခုန်ရင်း စကားတွေက လမ်းကြောင်း လွဲကုန်သည်။ မိုက်ကတော့ တစ်ယောက်တည်းငြိမ်နေပြီးမှ…

"မင်း…နန်းနန္ဒာကို ဘယ်လိုပြောမှာလဲ"

ဒီတော့မှ စကားသံတွေ အခန်းထဲ တိတ်ကျသွားသည်။ ချမ်း၏ သက်ပြင်းချသံသာ ကျယ်ကျယ်လောင်လောင် ထွက်လာပြီး…

"အမှန်အတိုင်း ပြောပြရမှာပေါ့"

အချောအလှဆို လက်မလွှတ်တမ်း ခံစားတတ်သည့် ချမ်းအတွက် ဆေးကျောင်းသားဘဝမှာတောင် လှထိပ်ခေါင်တွေက တစ်ဖက်တစ်ချက်စီမှာ မပြတ်ရှိခဲ့သည်။ ဒါကိုလည်း ချမ်းက အမြဲဂုဏ်ယူခဲ့သည်။ ထိုထဲတွင် နန်းနန္ဒာက အထူးခြားဆုံး။

"ချမ်း…နေတတ်သလို နေပါ၊ နန္ဒာက…ချမ်းဘေးမှာ ရှိနေရရင် ကျေနပ်ပြီ"

လို့ဆိုထားသည့်အတိုင်း သူ့အနား ရှိနေရုံမှတစ်ပါး သူ
စိတ်အနှောင့်အယှက်ပေးရန် နန္ဒာက အိပ်မက်ထဲမှာတောင် အ
ရောက်မလာခဲ့။ ရှမ်းတိုင်းရင်းသူနှင့် ဖအေက ဗမာသွေး စပ်
တာကြောင့် နန္ဒာက ဘယ်အချိန်ကြည့်ကြည့် ဖြူနုသော အသ
ပေါ်မှာ ပါးအို့လေးတွေ ရဲနေတတ်သည်။ ကော်ပတ်ရုပ်က
တစ်ရုပ်ချထားသလို ချစ်စရာကောင်းသော နန္ဒာသည် သူ
ပတ်သက်ပြီး မိုက်တို့ ထက်ကောင်းတို့နှင့်လည်း ခင်သည်
ဆေးကျောင်းစတက်ကတည်းက တွဲလာသူတွေမို့ သံယောဇဉ်
ကြီးပြီးသား။

"တစ်နေ့နေ့…ချမ်း အိမ်ထောင်ပြုသွားရင် နန္ဒာတော့
ငိုရမှာ"

လို့ထက်ကောင်း ရှေ့ပြောမိသဖြင့်

"ဒါဆို…နန္ဒာလည်း မငိုရအောင် ဒီကောင်လည်း
အိမ်ထောင်ပြုလို့ရအောင် ချမ်းနဲ့နန္ဒာပဲ ယူလိုက်ကြ"

ရယ်ကျဲကျဲနှင့် ဝင်နှောက်ဖူးသည်။ သူကလည်း တားဆီး
ရန် ဆန္ဒမရှိဘဲ တဟဲဟဲ ရယ်နေမိ၏။ နန္ဒာပြန်သွားမှ မိုက်က…

"မင်း ဆင်ခြင်စမ်း ထက်ကောင်း၊ မင်းကောင်က မှောက်
စိတ်၊ ဒီတစ်ပင်မကောင်း၊ ဟိုတစ်ပင် ပြောင်းချင်နေတဲ့ကောင်မျိုး





ရင်းတိုင်ရင်း မိန်းကလေးဘက်က စိတ်ကူးယဉ်စရာ ဖြစ်မယ်"

ဆိုပြီး မိုက်က တားခဲ့သေးသည်။ အခုတော့ မိုက် ထင်သ
လို ဖြစ်လာခဲ့ပြီလား မသိ။ ချမ်းက တွေပြီးငြိမ်သက်သွားခြင်း
ကို မိုက် စိုက်ကြည့်နေပြီးမှ…

"မင်း…ဘုရားဖူးခရီး ထွက်နေတုံး နန်းနန္ဒာ ငါ့ဆီ
ဖုန်းဆက်တယ်၊ မင်း…ငါ့ဆီရောက်နေလားတဲ့၊ သူနဲ့ဖုန်း မပြော
ဖြစ်တာရော၊ သူခေါ်တိုင်း မင်းဖုန်းကျ,ကျသွားတာရောကြောင့်
ရှောင်နေတယ်လို့ ထင်နေတာ"

"မင်း ဘာပြောလိုက်လဲ"

"ငါက…မင်း ဘာတွေလုပ်နေမှန်းမှ မသိတာ၊ အရေး
အကြောင်းဆိုတော့လည်း ကိုယ့်ဘော်ဒါဘက်က ဖာရထေးရတာ
ပေါ့၊ ကျောင်းပိတ်ရက်မို့ ခရီးရှည်ထွက်တယ်ပဲ ပြောထားတာ"

"မိုက်…ပြောတာမှန်သွားတာပေါ့၊ မင်း နန်းနန္ဒာကို
ပြန်ရှင်းပြပြီး ဇာတ်လမ်းကို အစသတ်တော့ ယောကျ်ား၊ လက်ထပ်
ရမဲ့သူက ရှိပြီးသားဆိုတော့"

ထက်ကောင်းက ဝင်ပြောပြီးမှ…

"မင်း…သတို့သမီးလောင်းက ဘယ်သူလဲ"

မေးသည်။ ဒီအကြောင်းဆို စကားလမ်းကြောင်း ဦးတည်

တော့ ချမ်း မျက်နှာက ပြန်ကြည်လာကာ···

"သူက···မင်းတို့ လုပ်နေတဲ့ ဟိုတယ်မှာပဲ အလုပ်သင် သဘော လုပ်နေတဲ့ ဝန်ထမ်းကွ"

"ငါတို့ ဟိုတယ်မှာ"

ထက်ကောင်းက မျက်မှောင်ကျုံ့ရင်း သံယောင်လိုက်ရွတ်သည်။ မိုက်ကတော့ ဘယ်သူဘယ်ဝါဆိုပြီး စိတ်မဝင်စား။ အချိန်တန် မင်္ဂလာဆောင်ရင် သိရမဲ့ကိစ္စမို့ မေးမနေတော့။ စပ်စုတတ်သူတို့ရဲ့ ထုံးစံအတိုင်း ထက်ကောင်းကတော့ မေးခွန်းထုတ်ရန် နှုတ်ခမ်းတပြင်ပြင် ရှိဆဲမှာပဲ ချမ်းရဲ့ ဖုန်းက အသံပေးလာတာဖြစ်သည်။ ချမ်းက ဖုန်းကိုကြည့်ပြီးမှ ရုပ်က ချက်ချင်းပြုံးစိစိ ဖြစ်သွားကာ···

"သူကွ···"

ဆိုပြီး ဖုန်းနားထောင်ရင်း···

"အင်း···ပြော၊ ဘယ်လို···အောက်ထပ်က ကော်ဖီဆိုင်မှာ၊ ဘာလဲ···ရှေ့ပင်(န်)လား"

မိုက်နေသော ကွန်ဒိုရဲ့အောက်ဆုံး နှစ်ထပ်မှာ အကြီးစား ရှော့ပင်(န်)စင်တာကြီး ဖွင့်ထားတာမို့ ချမ်း ကောင်မလေး ရောက်နေကြောင်း အပြောနှင့်ပင် သိသာလှသည်။





"မဟုတ်ဘူး···ဒီအပေါ်ထပ်မှာ ကိုယ့်ဘော်ဒါ နေတယ် ..."

"အင်း···သူဆီလာလည်တာ၊ ဟိုတ်···မမေးတော့ဘူး ...၊ ယောကျ်ားလေးလား၊ မိန်းကလေးလားလို့"

"အောင်မာ···ရိုးသားပြနေတာ"

ထက်ကောင်းက မျက်လုံးကြီးစွေပြီး လှမ်းပြောသည်။ ...ကတော့ သူ့အရှိန်နှင့်သူ လိမ့်ကောင်းတုံး။

"အဟား···လက်ထပ်တော့မဲ့ဥစ္စာ၊ ဖိနပ်ကိစ္စ အကြွေး ...ဆပ်နေရသလား၊ အိုကေ··· ဒါဆိုလည်း လာခဲ့မယ်၊ အင်း··· ...ပဲ ဆင်းလာခဲ့မယ်"

ပြောပြီး ဖုန်းပိတ်ကာ မိုက်တို့ထံ အကြည့်ဝေ့ရင်း···

"မင်းတို့ပါလာခဲ့···မိတ်ဆက်ပေးမယ်"

"ငါက ဒီ,ဒီဇိုင်းနဲ့လား"

အမြင်ကတ်ကတ်နှင့် မိုက်က ဝင်မေးသည်။ ဒင်းကောင်း ...ကြောင့် ရေချိုးခန်း မဝင်ရသေးသော မိုက်မှာ အင်္ကျီဗလာ။ ...အောက်က တဘက်အကြီးစား ပတ်ထားရဆဲ။ ချမ်းက···သူ့ကို ...စောင်းကြီးရှယ်ရင်း···

"မလုပ်ပါနဲ့···ငါ့သတို့သမီးက တော်ကြာ သာမင်နေ

ထာထဲက အာနိုးထင်ပြီး ထွက်ပြေးသွားပါဦးမယ်"

ဆိုကာ ထိုင်ရာက ဖျတ်ခနဲထသည်။

"ရေချိုးပြီးဆင်းခဲ့ မိုက်၊ မင်းပဲ အရေးကြီးတာ၊ သ

သပ်ရပ်ရပ် ဝတ်ခဲ့"

"မင်းရည်းစားနဲ့တွေ့မှာများ ငါက ယောက္ခမလောင်း

တွေ့ရမှာ ကျနေတာပဲ"

"နောင်တစ်ချိန်…ဖြစ်လာနိုင်တယ်လေ၊ သူ သမီးနေ

ရင်"

ထက်ကောင်းက သူ့အလှည့်တုံးက ခံရသမျှကို မ

မနပ် ပြန်နှိပ်ကွပ်ရင်း…

"သမီးယူပြီး မအေပါကြိုလို့ရတယ်"

လို့ အော်ဖြစ်အောင် လှမ်းအော်တော့ ချမ်းက ဖိနပ်

နေရာမှ တွေ့ရာဖိနပ်တစ်ဖက်ဖြင့် ထက်ကောင်းထံ ပိတ်ပေါက်

"မင်း အပေါက်ကြီးကို ဒါနဲ့ဆို့ထား"

တဲ့။ သူတို့ ပစ္စည်းလေးတွေထိတော့ ဆတ်ဆတ်ထိ

အဖြစ်သည်းနေကြသူတွေကို ကြည့်ရင်း မိုက်က သူမကို ဖျတ်

သတိရသွားသည်။ သူဆိုရင်ရော…သူမကို ထိုသို့ပြောလာခဲ့

ပြောတဲ့သူအား ချက်ချင်း လက်တုံ့ပြန်မိမှာ ကျိန်းသေသည်။ မိုက်





အတွေးကိုယ် သဘောကျကာ အသံမထွက်အောင်ရယ်ရင်း…

အင်း…သူက…စိတ်ကူးထဲတောင် သူမနှင့် ပတ်သတ်

အထိအခိုက် မခံနိုင်ပါ။

• • •

## အခန်း (၁၅)

"မင်း…အဆင်ပြေရဲ့လား"

"ငါ့ကို…မေးသေးလား"

မေးခွန်းနှစ်ခု တစ်ပြိုင်တည်း ထွက်သွားသည်။ ထက်ကောင်းက သူနှင့်အတူ ယှဉ်လျှောက်ရင်း ခေါင်းတစ်ချက် ညိတ်ပြကာ…

"မင်း…ပြောနိုင်းတဲ့အတိုင်းပဲလေ၊ အရေးတကြီး ဖုန်း လာလို့ မင်းဖုန်းပြောပြီး ကျန်ရစ်"

ကျန်ရစ်ဆိုသော စကားကို သုံးပြီးမှ အားနာတာမျိုး ထက်ကောင်း နှုတ်တွန့်သွားသည်။ အခြေအနေနှင့် အချိန်အခါသ





…နှစ်ပိုင်းအတွင်း ကွာခြားခဲ့လေပြီ။ ကော်ဖီဆိုင်သို့ မဆင်းခင်အထိ …သူနှင့်မိုက်မှာ ရယ်လို့မောလို့ကောင်းဆဲ။

"စွပ်ကျယ်…တစ်ထပ်တည်းနဲ့ မကောင်းပါဘူးကွာ၊ …သူက မိန်းကလေးတစ်ယောက်တည်း၊ ငါတို့ သုံးယောက်ကြားမှာ …ဘာတွေ့တာ"

ထက်ကောင်းက ပြောသဖြင့် မိုက်က အသာတကြည် …က်ခံကာ နီညိုရောင်အော်တာရှပ်တစ်ထည် အပေါ်က ထပ်ဝတ် …ပြီး…

"ဒီကောင်က ကောက်ခါငင်ခါ သတို့သား ထဖြစ်တာနဲ့ …မှုတွေတောင် ပြောင်းနေရရင် မဖြစ်ဘူးကွ"

"ဘာကိုလဲ"

"သူ့သမီးကို ငါယူဖို့လေ"

"အေး…ချမ်းက နဂိုကတည်းက ဆရာကြီးအထာနဲ့၊ …ယာက္ခမနေရာသာ မင်းတင်ပေးလို့က ပြီးပြီ"

ထင်ရာတွေပြောရင်း အောက်ထပ်ဆင်းလာသည်အထိ …သူတို့အခြေအနေက သာသာယာယာ။ ချမ်း ပြောပြထားသော …ကော်ဖီဆိုင်အဝရောက်တော့မှ အဖြူရောင် ကုတ်အင်္ကျီခါးတိုတို …အဖြူရောင်ဒူးဖုံးစကဒ်နှင့် တွဲဝတ်ထားသော ကျောပြင်တစ်ခု။

ဆံထုံးဖွဖွမှာ အကြည်ရောင် ခရစ်စတယ်ကျောက်ပွင့်လေးများ
လောင်းစီချထားသော ဆံထိုးဟာ တစ်ခါ…ခေါင်းမော့
တစ်ခါရယ်တိုင်း လှုပ်ရှားသွားတာ သိသိသာသာ။ သူမ
အပြာရင့်ရောင် စပို့ရှပ်လက်တိုနှင့် ချမ်း။

"အဲ့ဒါ…မေနီကျော်မဟုတ်လား မိုက်"

သူမေးချိန်မှာ မိုက်က ကော်ဖီဆိုင်ကို ဖျတ်ခနဲ ကျော်
ရပ်ရင်း…

"မင်းသွားလိုက်"

"မင်းကရော"

"ငါ…မလိုက်တော့ဘူးလေ၊ ကားပါကင်ကပဲ
မယ်"

ခြေလှမ်းကျဲကြီးတွေနှင့် မိုက်က သူ့အနားက ထွက်ခဲ့
မိုက်ကျောပြင်ကို ထက်ကောင်းမှာ ငေးမိငေးရာ ငေးပြီးမှ ချမ်း
စားပွဲဆီဝင်ခဲ့သည်အထိ။ မေနီကျော်အား ဘယ်လိုမျက်နှာမျိုး
ဆက်ဆံရမည်ကို ဝေခွဲမရသေး။ သိဟောင်း ကျွမ်းဟောင်းလို
လုပ်ဖော်ကိုင်ဖက်လိုလား။ သူ…ဝေခွဲမရသေး။

"ဟေ့ကောင်…မင်းတစ်ယောက်တည်းလား၊ လ
ရော"





"လမိုက်…သူ့အဖေဆီက ဖုန်းဝင်လာလို့"

ကြိုစီစဉ်ထားသည့်အတိုင်းပြောရင်း ဝင်ထိုင်သည်။
…နောက် အံ့ဩတကြီး ကြည့်နေသော မေနီကျော်အား ပြုံးပြရင်း…

"ကျွန်တော်…ထက်ကောင်းပါ၊ မေနီကျော်"

"ဟင်…မင်းတို့က သိထားပြီးသားလား"

"တစ်ပတ်ဟိုတယ်ထဲ လုပ်ကြတာလေကွာ"

ထက်ကောင်းက လှည့်ဖြေရှင်းသည်။ ကျော်ကတော့
…ကြက်ခုံးရှုံ့ရှုံ့နှင့် ဖျတ်ခနဲပြုံးပြရင်း…

"လမိုက်ဆိုတာ…ချမ်း သူငယ်ချင်းလား"

ချမ်းက ခေါင်းညိတ်ပြရင်း…

"ကိုယ့်အချစ်ဆုံးတွေ ဆိုပါတော့"

"ဩော်…ဩော်"

ရေရွတ်သံက ရှိသလို၊ ခနဲ့သလိုနှင့် လုပ်ပြီးမှ…

"ကျော်နဲ့တော့ အမုန်းဆုံးရန်သူပဲ"

ဒါလည်း စိတ်ထဲက ပြောခြင်းပါ။ ထက်ကောင်းရဲ့
…မျက်နှာငယ်ငယ်ကို အားနာသောအားဖြင့် ကျော်က ပြောချင်သမျှ
…ရင်ထဲ လုံးထွေးချရင်း

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကိုထက်ကောင်း"

"ဟုတ်ကဲ့… ကျွန်တော်လည်း ဝမ်းသာပါတယ်
ကွန်ဂရက်ကျူလေးရှင်းပါ မေနီကျော်"

"ကျေးဇူးပါ"

"ချမ်းနဲ့ပတ်သက်ပြီး သိကြတာ ဆိုပေမဲ့ တကယ့်သူ
ချင်း အရင်းအချာလို့ သဘောထားပါ၊ ဟိုတယ်ကိစ္စမှာရော
အတွက်ပဲဖြစ်ဖြစ် အကူအညီလိုရင် ပြောပါ၊ ကျွန်တော်အ
နိုင်ဆုံး ကူညီပါ့မယ်"

ထက်ကောင်းက ဒီနေရာမှာတင် စကားဖြတ်ရင်း…

"ဒါဆို…ငါလစ်တော့မယ် ချမ်း၊ စုဝေနဲ့ ချိန်းထား
ရှိသေးလို့၊ မေနီကျော် ခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

ချမ်းကို လက်တစ်ဖက်မြှောက်နှုတ်ဆက်ပြီး သူကော်
ထဲ ထွက်ခဲ့သည်။ မိုက်နှင့်ချိန်းထားသော ကားပါကင်ထဲအရော
မိုက်ကို ဝေးဝေးလံလံမှာ သူရှာစရာမလို။ အနက်ရောင် ဆပ်
မြင့်မြင့်ကြီးရဲ့ ဘောနပ်ပေါ်မှာ ထိုင်နေသော မိုက်။ ဘေးတစ
မို့ ပီကေကို ခပ်ကျိတ်ကျိတ် ဖိဝါးရင်း ရင်တွင်းဝေဒနာကို
ဖျောက်နေပုံရသော မိုက်အဖြစ်က မေးရိုးတွေ တင်းခနဲ တင်
ဖြစ်သွားတာ သူသတိထားမိသည်။ မချစ်ဖူးခဲ့သည့် နှလုံးသ





အရိုင်း။ သို့ပေမဲ့ ချစ်ရန်ဟန်ပြင်ပြီးမှ မစရသေးဘဲ ခရီးကဆုံးသွား
ပြီ။ ထက်ကောင်းက မိုက်အဖြစ်ကို စိတ်မကောင်းရုံကလွဲပြီး ဘာမှ
မတတ်နိုင်တော့တာကြောင့်…

"မိုက်"

ခေါ်သံကြောင့် လှည့်လာသော မျက်ဝန်းတွေမှာ စူးစိုက်
ခြင်း၊ ရီဝေခြင်းနှစ်ရပ် ရောထွေးလျှက်။

"မင်း…လိမ့်တော့လေ၊ စုဝေနဲ့ ချိန်းထားတယ်ဆို"

"ငါ…မင်းနဲ့ နေပေးမလို့"

"မလိုပါဘူး…ရတယ်၊ ငါ သွားစရာရှိတယ်"

ပြောပြောဆိုဆို မိုက်က ဘောနပ်ပေါ်က ခုန်ဆင်းသည်။
ကားတံခါးဖွင့်ပြီး ကားထဲဝင်ဟန်ပြင်တော့ ထက်ကောင်းက မှာမှာ
သလဲ ဖြစ်သွားပြီး…

"ငါ…လိုက်ပေးမယ်လေ"

"မလိုပါဘူး…ရပါတယ်ကွ"

"မင်းတစ်ယောက်တည်း ဖြစ်ပါ့မလား"

ထက်ကောင်းက မရဲတရဲ မေးလိုက်ပေမဲ့ မိုက်က
သဘောတကျ ဖြစ်သွားကာ ခေါင်းမော့ပြီး ရယ်သည်။ သို့ပေမဲ့
ထက်ကောင်းမြင်တာတော့ ရယ်တာနှင့်မတူဘဲ အသည်းကွဲဝေဒနာ

ကြောင့် မချိမဆန့် ညည်းညူနေတာနှင့်တူကာ…

"ငါခံစားနေရတာ…အသက်နဲ့ အစေးကြီးပါကွာ၊ မူမ
နဲ့၊ လစ်တော့၊ သွား ငါကရတယ်"

"အေးပါ…မင်းတစ်ခုခုဆို…ငါ့ဆီဖုန်းဆက်ဦး ေ
ကောင်"

မိုက်က ခါးညွတ်ခေါင်းငုံ့ပြီး နာခံဟန်ကို ရွတ်နော
နောက်နှင့်လုပ်ပြသည်။ ထက်ကောင်းက သူ့ဆလွန်းလေးေ
တက်မောင်း ထွက်သွားသည်အထိ စိတ်မဖြောင့်သလို နောက်လှ
တကြည့်ကြည့်လုပ်ဆဲ။ သူက ဟန်မပျက်ပြုံးကာ လက်ပြရ
ထက်ကောင်း ကွယ်သွားတာနှင့် ကားပေါ်တက်ထိုင်ကာ လူ
နှံးခွေကာ ပြိုလဲကျတော့မတတ်။ ခဏတာ ခိုးဝင်သွားသည့် အ
သည် သက်တမ်းမရင့်မီ သူ့ကို ဒီလို ပြစားသလားလို့ ပေါ့ပ
ပျက်တွေးရန် ကြိုးစားရင်း လှောင်ပြုံးပြုံးရန် ကြိုးစားပေမဲ့ အပြုံး
နှုတ်ခမ်းဖျားပေါ် ထင်ရှားစွာ မပီပြင်လာ။ ထိုအခိုက်…ကားပို့(
ကင် ဝင်းထဲဝင်လာသည့် ချမ်းနှင့်သူမ အဖြူရောင်ဝမ်းဆက်
အဝေးကကြည့်တိုင်း ထင်းနေသည့် မျက်နှာရှင်းရှင်းလေးမှာ အ
တွေ ရက်ရက်ရောရော ပြုံးတော့။ မိုက်က ကူရှင်ကိုမှီပြီး မျက်
တွေကို မှိတ်ချပစ်သည်။ အာရုံထဲ မှောင်မိုက်သွားပြီးမှ ထင်း





လင်းသွားတာ သူမရဲ့ ပါးချိုင့်လေးကြောင့်ဆိုလျှင်…

ရှေ့ဆင့်နောက်ဆင့် ထွက်ခွာသွားသော နောက်မီးနီနီလေး တွေက သူ့ကို လှောင်ပြောင်သရော်နေသလို ခံစားရသည်။ ထိုကား မီးတို့သည် ကူးစက်ခြင်းမြန်သော ဗိုင်းရပ်(စ်)အလား ရင်ကို ထိုးခြွေမွှေနှောက် တောက်လောင်စေ၍ ဒီရင်ထဲ ခြေချစရာ မရှိ အောင် အပျက်အစီးများနေတာလည်း ဘယ်သူသိမလဲ။

• • •

အခန်း (၁၆)

"လာပါမလားကွ"

တစ်ယောက်က နာရီမြှောက်ကြည့်ပြီး မေးသည်။

"မလာဘဲနေမလား…မင်း ချိန်းထားတာကို"

"မင်းက…ငါ့နာမည်သုံးထားတာပေါ့၊ ဟုတ်လာ မြတ်သူ"

"သြော်…မင်းနဲ့ပတ်သက်တာလေ၊ မင်းနာမည် သုံး မှာပေါ့ မင်းအတွက်ဆိုရင်…နန်းနန္ဒာတို့က နာမည်ကြားတာနဲ့ ပျာနေတဲ့ မိန်းမ"

မြတ်သူက မျက်ခုံးချီပြီး ပြောသည်။ အာကာကတော





ပေါက်ဝမှ ညှော်ခန်းဆီတစ်ခေါက် လှည့်ဝင်လျှောက်လာရင်း…

"မင်း…သူ့အလာချည်းပဲ စောင့်မနေနဲ့ လာရင်ပြောရမဲ့ ကားကို စီစဉ်ပြီးပြီလား"

"အေးနော်၊ မျက်နှာကြည့်ပြီးမှ ပြောမထွက်ဘူးဆို ပြီးပါ သေရောနော်၊ အစီအစဉ်က လွယ်လွယ်ကူကူ ဖြစ်ခဲ့ရတာ မဟုတ် ဘူး"

မြတ်သူ စကားကို အာကာက ခေါင်းညိတ်ထောက်ခံ ရင်း…

"နောက်တစ်ကြိမ် ချိန်းဖို့လည်း အဆင်မပြေဘူးနော် ချမ်း၊ တစ်ခါတည်း ပြောစရာရှိတာအပြီးပြော၊ မင်း ဟိုတစ်ဖက်မှာ သက်ထပ်ဖို့ ပြင်ဆင်နေကြပြီဆို"

ချမ်း…တွေဝေစွာ ရှေ့စားပွဲကို ငေးကြည့်နေမိ၏။ ကယ်ဆို ဒီစကားကိုပြောဖို့ သူ ကျောင်းမှာကတည်းက အရှိန် ယူခဲ့တာပင်။

"ချမ်း…ဘာပြောမလို့လဲ၊ ပြောလေ"

မျက်လွှာတပင့်နှင့် မေးလာသည့် နန္ဒာ၏ ပါးအို့ရဲရဲတွေကို ကြည့်ကာ ပြောမထွက် ဖြစ်ခဲ့တာ အကြိမ်ပေါင်းများစွာ။ ဟိုးအရင် ကအတိုင်း သူသေးနားဌ် တစ်ယောက်မဟုတ် တစ်ယောက် ပြောင်း

သွားတိုင်း နန္ဒာက မျက်ရည်ဝေ့ခြင်းကို မျက်တောင်ဖျားတွေနှင့် အသာပုတ်ခတ်သိမ်းဆည်းရင်း

"ချစ်ချင်တဲ့သူတွေ ပေါလွန်းတာ ချမ်းရဲ့ အတိတ်ဘဝ ကုသိုလ်ကံပေါ့၊ အချစ်တွေများတာကို အပြစ်မမြင်ရက်တာ ဒါ နန္ဒာရဲ့ မကုန်တဲ့ဝဋ်ကြွေး"

ပြောရင်း နှုတ်ခမ်းကလေးတွေ မဲ့ခနဲကျသွားတာကစ... သူမ မျက်နှာပေါ် ဖြတ်ပြေးသွားသည့် ဝမ်းနည်းခြင်းကောက်ကြောင်းတွေအဆုံး ဥပေက္ခာပြုမရဘဲ အိမ်အထိရင်ဘတ်က သယ်လာတာ အိပ်မရ၊ စားမရနှင့် မြင်ယောင်ခဲ့ခြင်းကြောင့်...

"မင်းလက်ထပ်မဲ့ သတင်းကိုသာ ကြားရင်တော့ နန်းနန္ဒာ ဟော်တော်ခံစားရမှာ"

"နှာနှပ်ဖို့လေး ဘာလေး ကြိုတင်ပြင်ဆင်ထား ချမ်း"

"သူ...ဘယ်လိုမှ ထင်ထားမှာ မဟုတ်ဘူး၊ သူထင်ထားတာက တစ်မျိုး"

"အေးလေ...ငါတို့ သွားချိန်းတုံးကတောင် မျှော်လင့်ရိပ်တွေနဲ့ နန်းနန္ဒာ ပျော်သွားတဲ့ပုံက ဖုံးဖိထားတောင် မရတာ"

"ကျစ်...မင်းတို့နှစ်ယောက်ကလဲကွာ"

ချမ်းက ယိုင်ရာမှထကာ ပျဉ်ထောင်အိမ်လေးရဲ့ ညှို့ခန်း





...တစ်ပတ်လျှောက်တော့ ဟိုနှစ်ကောင်က

"အံမာ ဘာဖြစ်တာလဲ၊ ဒါက"

"ဒီမှာ ပြောဖို့မနည်းအားယူနေရပါတယ်ဆိုမှ၊ ငါ့ရှေ့ ...နိုးခေါက်ခေါက် ဖြစ်သွားရင် ကြည့်ရက်မှာ မဟုတ်ဘူးကွ၊ ...ာ်ပြီ၊ မပြောတော့ဘူးကွာ မင်္ဂလာဆောင်မှပဲ သိချင်သိပါစေ ...ာ့"

"ဟာ...မင်း...အဲ့ဒီလို လုပ်လို့မရဘူးလေ"

ဆက်တီလက်တန်း၌တင်ထားသော ဂျာကင်ကို ဆွဲယူ...ာ့ အာကာကအပေါ်က ဖိဆုပ်ကာတားသည်။

"မင်းက မနက်ဖြန် မင်္ဂလာဆောင်မဲ့အထိ...နန်းနန္ဒာနဲ့ ...ညတိုင်း ဖုန်းပြောဦးမှာလား ပြော"

ဖုန်းအဆက်အသွယ် ညတိုင်းရှိတာကိုသိသူ အာကာက ...ုပ်ပုပ်နှင့် ဝင်မေးသည်။

"မင်း မပြောရက်တာက သူ့ကိုပိုပြီး ခံစားရအောင် ...တစ်ရစ်ချင်း တစ်ရစ်ချင်း ချည်နှောင်နေတာနဲ့ တူတယ်၊ မင်းက ...ကြိုးနဲ့ချည်ပြီးမှ လူကို လွတ်လမ်းမရှိတဲ့ ချောက်ထဲကန်ချမှာမျိုး၊ ...ကန်ချခံရတဲ့လူက လူကယ်ရာမဲ့နဲ့"

"ငါ အဲ့ဒီလောက်ထိ မရည်ရွယ်ဘူး"

"မရည်ရွယ်ပေမဲ့ ဖြစ်လာခဲ့တာ တကယ်ပဲ ချမ်း၊ ဖြစ် သမျှကို မင်းရှင်းရမှာပဲ၊ ဒါ…မင်းဖန်တီးခဲ့သမျှတွေ၊ ပြောရခက်တဲ့ ကိစ္စတွေက ပါးစပ်က လျောလျောရှူရှူ ထွက်ဖို့မလွယ်ပေမဲ့ ဖျစ် ညှစ်ပြီးပြောကြည့် နောက်ပိုင်း အလိုလို အဆင်ပြေသွားမှာ"

မြတ်သူရဲ့ စကားက သူ့အရှိက်ကို ထိသွားသလို။ တော်နှ နှင့် စကားမပြန်နိုင်ခင်မှာ အာကာက…

"မင်း…အားနာနေသမျှ၊ ပြောမထွက်ရက်သမျှအတွက်"

ဟုဆိုကာ ဘယ်အချိန်က ပါလာမှန်း မသိသော ရမ်ပုလင်းပြားလေးကို စားပွဲပေါ်ချသည်။

"ဒါက"

လက်ညှိုးထိုးပြီး သူမေးတော့ မြတ်သူက ခေါင်းတစ်ချက် ဆတ်ပြီး…

"မင်းအတွက်ရဲဆေး"

အရက်က လူကို ရဲရင့်စေတတ်သည်လား။ ကြောက်စိတ် ဖယ်ပေးတတ်တာလား။ သူမသိ။ ဒါပေမဲ့ နီညိုရောင်သမ်းသော အရည်တွေကို မြင်ရချိန်မှာ ရင်ထဲ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားသည်။ အာကာက အိမ်နောက်ဖေးမှ ဖန်ခွက်နှင့် ရေတစ်ခွက်ယူလာပြီး ဖန်ခွက်ထဲ ပုလင်းဖွင့်ကာ လက်နှစ်လုံး ငှဲ့ထည့်ပေးတာနှင့် ချမ်းက





…ကောက်ယူပြီး ငွပ်ခနဲ မော့ချပစ်ခြင်းပင်။ လည်ချောင်းတစ်လျှောက် …ခါးပြီးမှ အသိစိတ်က ရှိန်းခနဲ ဖိန်းခနဲ ခံစားရသည်။

"မင်းကစွတ်မော့တာပဲ၊ ရေမရောရသေးဘူး"

"ရောမနေနဲ့…မြန်မြန်မူးရင် ပြီးတာပဲ"

"ဟော့ကောင်…မင်းမူးတိုင်း ကိစ္စက မပြီးဘူးနော်၊ အမူး …ပြီး ဘာမှမပြောလိုက်ရရင်"

မြတ်သူစကားက တစ်ဝက်တစ်ပျက် ရပ်သွားသည်။ …ရှေ့မှာ ကားရပ်သံ၊ တံခါးအဖွင့်အပိတ်သံတွေကြောင့် အာကာ … လည်ပင်းရှည်ကြည့်ပြီး…

"ဟော့ကောင်…လာပြီနဲ့တူတယ်၊ ငါတို့လစ်မယ်၊ …လင်းကို"

"ထားခဲ့လိုက်"

သူက နောက်တစ်ခါ ငှဲ့ပေးတော့ ဖန်ခွက်တစ်ဝက်ခန့် …ည်။ အာကာက ပုလင်းယူသွားရန်း ဒီအတိုင်းထားခဲ့ရန်း ဖြစ်နေ …ှာပဲ…

"အာကာ…သွားကြမယ်၊ နန္ဒာ ခြံထဲရောက်လာပြီ"

"လစ်မယ်…မင်းပြောရမှာတွေ မေ့မနေနဲ့"

သတိပေးသွားပေမဲ့…ဘာပြောရမှာမှန်း မသိအောင် ချမ်း

ခေါင်းထဲ ထုံပေပေကြီး ဖြစ်နေပြီ၊ နားထင်နားရင်းတွေ ထူပူနေသ...
ကြားထဲမှ ချမ်းက ငုံ့ထားသော အရက်ကို တရှူးထိုး ထပ်မော...
သည်။ ခါးသက်ပြင်းရှသော အရသာကြောင့် ချမ်းမှာ ဟန်မဆော...
နိုင်လောက်အောင် ရှုံ့မဲ့သွားရပြီး အနားရှိ ရေခွက်ကို ထပ်မော့...
တောင် လည်ချောင်းထဲက ပူလောင်ခြင်းတွေ ပျောက်မသွားသ...
အချိန်။

ပျဉ်ထောင်အိမ်ကလေးက သိမ့်ကနဲ တုန်လှုပ်သွားပြီး...

"ချမ်း"

ခေါ်သံကြောင့် သူ ခေါင်းမော့ကြည့်သည်။ အပြာ...
ပေါ် အပွင့်စိမ်းလေးတွေ ကျဲပက်ထားသည့် ထက်အောက်ဆ...
ဝတ်စုံဖြင့် နန္ဒာ။ နားရွက်အောက်နားအထိ ကုပ်ကုပ်လေးရှိ...
ဆံပင်လေးအား နားရွက်နောက်ထိုးညှပ်ရင်း...

"အယ်...ချမ်းက အရက်တွေသောက်နေတာ၊ ဘာ...
များ စိတ်ညစ်စရာရှိလို့လဲ ချမ်းရယ်"

ပြောရင်း အနားလျှောက်လာကာ စားပွဲပေါ်ရှိ ပုလင်း...
ထီးနှင့် ရေတစ်ခွက်သာတွေ့တာမို့ နန္ဒာက ကွက်ခနဲ မျက်...
ပျက်သွားရင်း...

"ကြည့်စမ်း...အမြည်းမပါ ဘာမပါနဲ့၊ ဒီမှာ...





...နှိုဆိုပြီး ကြေးအိုးနဲ့ ကြက်ကြော် ဝယ်လာတာ၊ ချမ်း ကြိုက်တယ်
...တဲ့ ပလာဇာရှေ့က ဆိုင်လေ၊ ဒီလိုလုပ်...ကြက်ကြော်ကို
...ည်းလိုက်ပေါ့နော်၊ အမြည်းမပါဘဲ အရက်နဲ့ ရေနဲ့ချည်းသောက်တာ
...သည်းကိုထိတယ် ချမ်းရဲ့၊ ကိုယ်တိုင်လည်း ဆရာဝန် ဖြစ်တော့
...ဦးစွာ၊ ဒါတောင် မသိဘူးလား၊ နေဦး...ကြေးအိုးထုပ်ကို
...နေရာ ချိတ်ထားမယ်၊ ပြီးမှ အတူတူစားမယ်လေ"

နန္ဒာက အိမ်တိုင်၌ ရိုက်ထားသော သံငုတ်တွင် ကြေးအိုး
...ခြေဖျားထောက်၍ မမှီ့တမီ လှမ်းချိတ်သည်။ ပြီးမှ ဒီဘက်
...လှည့်တော့ ရီဝေခြင်း အကြည့်တွေနှင့် ချမ်းမျက်နှာက ယမကာ
...ကြောင့် အရောင်ရင့်ပြီး မျက်တောင်များ ကွေးစင်းကျနေ
...သည်။

"နန္ဒာ"

"အင်း...ပြောလေချမ်း ပြောစရာရှိတယ်ဆို"

"ကိုယ်...ဟတ်(ထ်)ထိနေပြီ သိလား"

ခေါင်းငိုက်စိုက်ကျသွားသည်။ အားတင်းပြီး ပြန်မော့တော့
...ခမ်းရဲရဲ ပါးမို့ရဲရဲနှင့် နန္ဒာမျက်နှာက သူ့မျက်လုံးထဲ နှစ်ထပ်
...ထပ် ဖြစ်နေသည်။ ချမ်းက ခေါင်းယမ်းရင်း ပြောမှဖြစ်မည်
...သော သူ့စကားတွေကို ထပ်စဉ်းစားသည်။ သို့ပေမဲ့ အဖြေထွက်

မလာခဲ့ပဲ လူက တရိပ်ရိပ်နှင့် မူးဝေလာ၏။ ဆက်တီလက်တ
တွေကို အားပြုထောက်ရင်း ထိုင်ရာက ထတော့ ခေါင်းထဲမိုက်
မို့ လူက ယိုင်ထွက်သွားချိန်…

"အို…ချမ်း လဲတော့မှာပဲ"

ရင်ခွင်ထဲ ပစ်ဝင်လာတော့ အထိအတွေ့ နူးနူးညံ့
သင်းခနဲ ဖြစ်သွားသည့် ကိုယ်သင်းရနံ့တွေကြားမှာ ချမ်းသွေး
တလှိုက်လှိုက် ဆူလာပြီးနောက်…

"နန္ဒာ"

"ဟင်"

ပါးမို့ရဲတွေ နှုတ်ခမ်းရဲတွေက အရက်ထက် ချ
မူးယစ်စေခြင်း တရားခံဆိုလျှင်…

"ကိုယ်…မင်းကိုချစ်တယ်"

"အို…ချမ်း"

ပထမဆုံး ထိတွေ့ဖူးသော နှုတ်ခမ်းများသည် ပျားရည်
သင်းပြီး နွေးထွေးကာ သူ့ရင်ထဲ တငြိမ့်ငြိမ့် စီးဆင်းသွား
အရက်လို အရသာ မပြင်းရှပေမဲ့ အရက်ထက် ပိုမူးလေသည်

• • •



## အခန်း (၁၇)

"ဒိတ်ယူရတာ…လွယ်တယ်နော်၊ ကိုယ့်အစ်မဝမ်းကွဲ
…လာဆောင်တုံးက နှစ်လလောက်ကြိုပြီး ဒိတ်လုပ်တာတောင်
…ကြိုက်တဲ့ရက် မရဘူး"

"အခုလည်း ဒီလတွေက ရက်ကြပ်နေတာပါနော်၊ ရှေ့မှာ
…ပွဲနောက်ဆုတ်သွားတာ လိုချင်တဲ့ ကမ်စတစ်မာတွေ တန်းစီလို့
…မဲ့ M.D က ဒီဟိုတယ်က ဝန်ထမ်းဆိုပြီး ကျော်ကို အထူးအခွင့်
…ရေးပေးထားတာ"

"ညှိခံကျွေးမွေးစရိတ်လည်း လျှော့ပေးတယ်ဆို"

"အဟွန်း…ဝန်ထမ်းပါဆို"

"ဒါဆို ဟိုတယ်ဝန်ထမ်းကောင်မလေးတွေ ယူ...
ဘယ်ဆိုးမလဲ၊ မင်္ဂလာစရိတ်တောင် သက်သာသေး"

"အမယ်"

ကျော်က မျက်စောင်းထိုးတော့ သူက ပခုံးချင်းတိုက်...
ရင်း ကျော့်လက်တစ်ဖက်ကို ဆွဲယူပြီး ကိုင်ထားမိသည်။ ဒါ...
သူနှင့်ကျော့်ကြားမှာ ပထမဆုံး ရင်းနှီးခြင်း။ လက်ထပ်ရန် နှစ်...
မိဘတွေ ဆွေးနွေးကြ။ စီစဉ်ကြတုန်းကလည်း လူကြီးတွေရှေ့...
ဖြစ်ချင်တာကို ပြောကြ။ မင်္ဂလာပွဲအတွက် တိုင်ပင်ကြနှင့်။ ဒီကြား...
ထဲ သူကကျောင်းပြေးတက်ရသေးသည်။ ကျောင်းဆင်း၍ ကျော့်...
တွေ့ရန်ကြံတော့...

"ဟင့်အင်း...ဒီတစ်ပတ်လုံး ကျော်က ဟိုတယ်...
ညအိပ်ရမှာ၊ ရှိုးပွဲတွေ၊ မင်္ဂလာပွဲတွေနဲ့ စေ့စပ်ပွဲတွေ တအား...
နေတာ"

"ဒါဆို...မနက်ပိုင်း ကိုယ် ဟိုတယ်မှာ လာကြို...
ကျော် ဂျူတီထွက်တာကို အိမ်ပြန်ပို့ပေးမယ်လေ"

တမင်ဂွင်ဆင်တာပါ။ ကျော်နှင့်သူကြားမှာ လက်ထ...
သာ အစီအစဉ် အထမြောက်သွားသည်။ ဆက်ဆံရေးက တ...
တစ်ခါ သူငယ်ချင်းလိုလို။ မိတ်ဆွေလိုလို။ ထက်ကောင်း...





...ိုင်ပင်တော့ ဟိုကောင်က ဝေဖန်သား။

"မင်းက...တစ်ခါတည်း အဆင့်ကို ခုန်တက်ပစ်တာကိုး၊
...စ်လား၊ မချစ်လားတောင် မမေးဘူး၊ ကြည့်လုပ်ပြီး၊ လုတာမက်ရင်
...ညာခက်မယ်"

တဲ့...။ ရယ်ချင်ရပ်ကြီးနှင့် နောက်တာကို ဘာကိုရည်
...ွယ်ချင်မှန်း သူသိသည်။ မိုက်ဆိုသော ကောင်ကတော့ သူတို့
...ဂ်လာပွဲအတွက် ဘာတွေစီစဉ်သည်။ ဟန်းနီးမွန်း ဘယ်ကိုထွက်
...ည်။ လက်ထပ်ပြီး ဘယ်မှာနေမည်ကို ရှေ့တွင်ထိုင်ကာ အာပေါင်
...အရင်းသန်သန်နှင့် ပြောတာတောင် မဆိုင်သလို...ရပ်တည်ကြီး
...နေ။ ဒါကို ချမ်းက မနေနိုင်၍ ဖွင့်ပြောတော့...

"မင်း...မိန်းမရတာကို ငါက ကျွမ်းဆယ်ပတ်လောက်
...ိုးပြီး ပျော်ပြနေရမလား"

တဲ့...။ ပြောပုံက မှုန်ကုပ်ကုပ်။ သို့ပေမဲ့ မင်္ဂလာပွဲ
...ကာလနီးလာတော့...

"ကိတ်ကို ငါ...သေချာတာဝန်ယူပြီး လုပ်ပေးမယ်၊
...မင်းတို့ မင်္ဂလာပွဲအတွက် အမှတ်တရ"

ဆိုပြီး ပြောလာခဲ့သည်။ ချမ်းက မိုက်ရဲ့ ချမ်းသာကြွယ်ဝ
...ခြင်းအား အတွင်းအစင်းသိမို့...

"ယောကောင်…ကိတ်လေးတစ်မျိုးတည်းနဲ့တော့ လ
မလောနဲ့နော်၊ မရဘူး၊ မင်းက ဟိုက်ဘော့(စ်)၊ ဒီထက်မက လ
သင့်တာ"

ပြောတော့…မိုက်က ရှုတည်တည်ကြီးနှင့်…

"ကွန်ဒုံးတွေ ကွန်တိန်နာ တစ်စီးစာ အပြည့်လ
မယ်"

"ဒါ…မင်းအတွက် အကောင်းဆုံး ပေးနိုင်တဲ့ ကျ
ရေး လက်ဆောင်"

တဲ့…။ ပြောခဲ့သမျှ သူပြန်ကြားယောင်ပြီး ရယ်
သူ့လက်တွင်းမှ ကျော်က ရုန်းထွက်ရင်း…

"ဘာရယ်တာလဲ…ဒါက"

"မဟုတ်ပါဘူး၊ မိုက်ပြောတာကို သတိရမိလို့"

"အဲဒီ့တစ်ယောက်ကို သတိမရစမ်းပါနဲ့၊ ကျော် သူ့နာ
မကြားချင်ဘူး၊ နာမည်ကြားတာရုံနဲ့ ရုပ်ပါမြင်ယောင်လာပြီး ရင်
မှာ အော်ဂလီဆန်လာတယ် အဟုတ်"

"အင်း…ကြားရုံနဲ့ ဒီလောက်တောင်ပဲလား ကျော်ရယ်"

"မိုက်က စိတ်ရင်းကောင်းပါတယ်"

"ဒါပေမဲ့ မိန်းမလို မိန်းမရ သိပ်ဆန်တာလေ"





"အဲ့ဒါက"

"တော်ပြီနော်…ချမ်း၊ သူ့ဘက်က ကာကွယ်ပေးနေရင်
ချမ်းနဲ့ကျော် ရန်သူတွေ ဖြစ်လာကိန်းပဲ ရှိတော့တယ်"

"အေးပါ…ကိုယ့်မိန်းမ မကြိုက်ရင် မပြောတော့ဘူး"

"အံမာ…အသားယူလှချည်လား၊ ဘာမိန်းမလဲ"

ကျော့်မျက်နှာက ဝတ်ထားသော အင်္ကျီနှင့်အပြိုင် အရောင်
ရင့်သွားသည်။ အနီရောင် လည်ထောင်စွယ်တာက လက်ရှည်ကို
တံတောင်ဆစ်နားအထိ ပင့်တင်ထားပြီး အနီရဲရဲ ဒူးဖုံးစကာဒ်ကို
ခါးပတ်အမည်းရောင်ကြီးနှင့် တွဲဖက်ဝတ်ဆင်ထားသည်။ ထုံးစံ
အတိုင်း ဆံပင်တွေ အပြောင်သိမ်းကာ ဆံထုံးလေးကို ထိုးထားသော
ဆံထိုးကလဲ အနီရင့်ရင့်မို့ ကျော့်မျက်နှာက ဘယ်အချိန်ကြည့်ကြည့်
ခန်းသွေးရောင်ပြေးဆဲ။ ထိုအခိုက် ဟိုတယ်အတွင်းဘက် စကြံမှ
ဖြတ်လျှောက်လာသော ထက်ကောင်းနှင့် မှန်ဖုတ်သမားဝတ်စုံ အဖြူ
ရောင်ဝမ်းဆက်နှင့် မိုက်တို့ကြောင့်…

"ဟော့"

"အဟား…သတို့သားလောင်းကြီး"

ထက်ကောင်းက အရင်အော်နှုတ်ဆက်ပြီး သူတို့ဆီ
လျှောက်လာသည်။ နောက်နားကျကျမှာ ဖြည်းဖြည်းလိုက်လာ

သည့် မိုက်။

"ဟော့ကောင်…မင်းက ဒီထဲကို ဘာကိုတ်"

ထက်ကောင်းက သူ့ကို ပခုံးပုတ်မေးရင်း ကျော့ဆီလှမ်း ပြုံးပြသည်။

"ဒီလိုပါပဲ၊ ခန်းမအပြင်အဆင်တွေ စိတ်တိုင်းကျ မကျ လာကြည့်တာ"

"အောင်မာ…လေသံက စီးမြင့်နေတဲ့ အသံနဲ့"

"အားကျစမ်းပါ၊ ငါက သုံးယောက်ထဲမှာ လူစဉ်မီသွား ပြီ"

"မိဘကောင်းလို့…ကောင်းစားတဲ့ကောင်က၊ ဒီမှာ ဟော့ကောင် ငါက ကိုယ့်အစွမ်းအစနဲ့ကိုယ်ကွ၊ စုဝေကို ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ပိုးပန်းထားရတာ"

အားကျမခံ ထက်ကောင်းက ပြောသည်။ ချမ်းက သူမလက်ကို တွဲထားတာ မလွှတ်သေးဘဲ…

"ထားပါတော့…မင်းကတော့ ဒီတစ်ခုတည်းနဲ့ လူဖြစ်ပြီ ပေါ့၊ မိုက်…မင်းကရော"

သူ့အမည် ခေါ်သံကြားတာနှင့် မကြည့်ဘဲ မြင်နေရသော ထိမထင် မျက်နှာရိပ်ကြောင့် ကျော်က နှုတ်ခမ်းတွေကို တင်းနေ





အောင် ဆွဲစေသည်။ မိုက်ကတော့ ခပ်သဲ့သဲ့ရယ်ရင်း…

"လူမဖြစ်လဲနေပါစေ၊ ဒါပေမဲ့ ကျွန်တော့ မဖြစ်ချင်ဘူး၊ မင်းတို့နားနေရတာ ကျွန်စော်နံတယ်"

ကြည့်စမ်း… ဒါ…သက်သက်မဲ့ ကပ်ဖဲ့သွားတာ။ ကိုယ်ကပဲ သူ့သူငယ်ချင်းကို ကျွန်ဇာတ်သွင်းလိုက်သလို။ ကျော်က ဆတ်ခနဲဖြစ်သွားပေမဲ့ စကားတော့ မတုံ့ပြန်ဖြစ်။ ဒီလူနဲ့ စကားတွေ အသွားအပြန် မလုပ်ဖို့ ဆုံးဖြတ်ပြီးသား။ ထိုအခိုက်…ချမ်းရဲ့ ဖုန်းမှ တီးလုံးသံတွေ ထွက်လာ၍…

"ဟဲလို…အေး…မြတ်သူ…ပြော"

တစ်ဖက်က ဘာပြောမှန်း မသိပေမဲ့ ချမ်းထံမှ ထွက်လာသည့်…

"ဘာ"

ဆိုသော အသံကြီးက ဘေးကကြားရသောသူတောင် ဆတ်ခနဲ တုန်လှုပ်သွားသည်အထိ ချောက်ချောက်ချားချား ရှိရကာ…

"အေး…ငါ…အခုလာခဲ့မယ်၊ သူ့ကို ဘာမှမလုပ်စေနဲ့နော်"

ဖုန်းပိတ်လိုက်တာနှင့် မိုက်က…

"ဘာဖြစ်တာလဲ…ဟေ့ကောင်"

"ငါ…အရေးကြီးကိစ္စပေါ်လာလို့ ထက်ကောင်း မင်း ဂျူတီထွက်ပြီလား"

"ဟင့်အင်း…ငါကညမှ၊ အခု…ဂျူတီအော့(ဖ်) ဒီကောင်"

မိုက်ထံ မျက်စပစ်ပြတော့မှ ချမ်း အကြည့်က မိုက်ထံ ရောက်သွားပြီး…

"ကျော်…ကိုယ်…အရေးကြီးလို့ လိုက်မပို့နိုင်တော့ဘူး၊ အဲဒါ မိုက်ကိုပဲ လိုက်ပို့ခိုင်းလိုက်မယ်"

"အို…နေပါစေ၊ တက္ကစီငှားပြန်လိုက်မယ်"

"အား…ကျော်…တစ်ယောက်တည်း"

"ဖြစ်ပါတယ်၊ ချမ်း သွားစရာရှိတာသွား"

"အိုကေ…ဒါဆို ကိုယ်လစ်ပြီ"

"အင်း"

ကျော်က ခေါင်းညိတ်ကာ သူမအနားမှ ထွက်ခွာသွားသော ချမ်းအား ကြည်ဖြူသော အပြုံးနှင့် လိုက်ကြည့်နေပြီးမှ…

"ကိုထက်ကောင်း…ကျော့်ကို ခွင့်ပြုဦး"

"ကောင်းပါပြီဗျာ"





တမင်မေးဖျားကိုပင့် လည်တိုင်ကိုမော့ပြီး ကျော်က သင်း အနားမှ ဖြတ်ထွက်ခဲ့သည်။ သင်းကို အရေးအရာလုပ်၍ နှုတ်ဆက် စရာလို့ ကျော်က မမြင်။ မိုက်ကတော့ မြင်နေရသော သူမကျော ပြင် ကွယ်သွားမှ ကားပါကင်ဆီ ခြေဦးလှည့်တော့ ထက်ကောင်းက လက်လှမ်းဆွဲရင်း…

"ဒါ…ဘယ်လဲ…မိုက်"

"ငါ ခဏ အပြင်ကို"

"မင်း…အဝတ်အစားမလဲပဲနဲ့"

"ပြန်လာခဲ့မယ်"

မုန့်ဖုတ်ဝတ်စုံ အဖြူကြီးက ဒီတိုင်းပေမဲ့ ဦးထုပ်ဖြုတော့ သူဆွဲချွတ်ကာ ကားဆီပြေးသည်။ အဝေးကတည်းက ရီမု(ထ်)ဖြင့် ကားတံခါး သော့ဖွင့်ရင်း ကားပေါ်အပြေးအလွှားတက်သည်။ ထို့နောက် ဝေါခနဲ ဝိုက်ကွေ့ပြီး ထွက်တာနှင့် ဟိုတယ်ပြင်ပတန်း ရောက်၏။ တစ်ဖက် ပလက်ဖောင်းပေါ်မှ သူမက ငှားရပြီဖြစ်သော တက္ကစီပေါ်တက်သွားပြီး မိုက်မှာ ရှေ့က တအိအိသွားနေသော တက္ကစီနောက်လိုက်မှေးမောင်းရင်း…ခြရှေ့ရောက်တာနှင့် ကားပေါ် ကဆင်းကာ ခြံထဲလျှောက်ဝင်သွားသည့် အနီရောင်အရိပ်လေးကို စတီယာရင်ပေါ် မေးတင်ငေးရင်း…

ကိုယ့်လုပ်ရပ်က ခပ်ကြောင်ကြောင်ဖြစ်နေမှာ သိပေမဲ့… မင်းကို ချစ်နေတော့လဲ။

◆ ◆ ◆



## အခန်း(၁၈)

"ဘာ"

"ဘာ"

ပြိုင်တူထွက်သွားသော အာမေဍိတ်သံမှာ ထက်ကောင်း ကလန့်ပြီး ခုန်ထမိတာက ရှိသေးသည်။ သူတို့နှစ်ယောက်ရှေ့မှာတော့ မျက်နှာငယ်ငယ်နှင့် ထိုင်နေသော ချမ်း။

အရေးတကြီး ပြောစရာရှိပါသည်ဟု ဖုန်းဆက်ချိန်းလာသော အချိန်က ညဆယ်နာရီကျော်ပြီ။ ဒီကောင်ချိန်းသည့် ကလပ်ရှိရာသို့ သူနှင့်ထက်ကောင်း ရောက်သွားပြီး မကြာခင်မှာ ကလပ်အတွင်းက ဆူညံသံတွေကိုကျော်ပြီး ဒီအာမေဍိတ်သံတွေ

က ထွက်သွားခြင်းပင်။ ထက်ကောင်းကတော့ အားမလိုအားမရနှင့် စားပွဲခုံအား ဒုန်းခနဲထုချရင်း…

"မင်း…သေပစ်လိုက်ဖို့ ကောင်းပြီ ချမ်း၊ မင်းတော် တော် အသုံးမကျတာပဲ"

"ငါလည်း ကြားစက ယုံတောင်မယုံနိုင်ဘူး၊ ဒါပေမဲ့ နန်းနန္ဒာ ဘယ်လိုမိန်းကလေးလဲဆိုတာ မင်းတို့လဲ သိနေတာပဲ"

"မေနိုကျော်က ဘယ်လိုအသိုင်းအဝိုင်းက လာတယ်ဆို တာပါ ထည့်ပြောကွ၊ အခု…မင်းလုပ်ပုံက ကြည့်စမ်း၊ မေနိုကျော် ဘယ်လောက်နှစ်နာသွားပြီလဲ"

"ငါသိပါတယ်"

"မင်းသိရုံနဲ့ မပြီးဘူး ချမ်း၊ ဘာဆက်လုပ်မယ်ပါ မင်း တွေးထားမှရမှာ"

မိုက်က သွေးအေးအေးနှင့် ဝင်ပြောသည်။ ချမ်းကတော့ မိုက်ထံတစ်ချက် လှမ်းကြည့်ပြီး…

"ငါ…ဘာဆက်လုပ်ရမှန်း မသိလို့ မင်းတို့ကိုခေါ်ပြီး တိုင်ပင်တာပေါ့ မိုက်ရာ"

ငိုသံလိုလို။ ညည်းတွားသံလိုလိုနှင့် အဖျားခတ်က တုန်ယင်နေ၏။ ကြည်သာချမ်း၏ ရာဇဝင်ဖျက်ရတော့မည့်အတိုင်း





…မြဲတမ်းကျော့မော့ သပ်ရပ်နေအောင် ဖြီးထားလေ့ရှိသည့် ဆံပင် …တွက ဖရိုဖရဲ။ ဘီယာတွေ ဘယ်နှလုံးလောက် သောက်ထားမှန်း …သိအောင် အဆီပြန်နေသော မျက်နှာရဲရဲမှာ အကြံအိုက်နေပုံက …တ်ပျက်စရာ။ ထက်ကောင်းကတော့ ချမ်းထံမှ မျက်နှာလွှဲရင်း…

"မင်း…နန်းနန္ဒာနဲ့ မတွေ့ခင်ကတည်းက ငါတို့ကို …ိုင်ပင်ခဲ့ရင် ကောင်းမှာ"

ခပ်ရွဲ့ရွဲ့ရေရွတ်သည်။

"ငါလည်း…အဲ့ဒီတုံးက အမှန်ကို ဖွင့်ပြောမယ်လို့ ကြံခဲ့ …ာပဲ၊ ဒါပေမဲ့ ပြောမထွက်ဘဲ ရဲဆေးတင်တာတွေ များသွားတော့"

"ထားပါတော့…ပြီးတာတွေ ပြန်ပြောဖို့ အဖြေက ထွက် …မှ မဟုတ်တာ၊ နန်းနန္ဒာက အခု မင်းကိုဘာပြောလဲ"

"အဲ့ဒီလိုမပြောလို့ ငါ ရေရေလည်လည် ညစ်နေတာပေါ့ …ိုက်ရ"

ညစ်နေတာတွေကို ဘီယာနှင့်တစ်ခါ မျှောချပြီးမှ…

"ချမ်း…နန္ဒာကို တာဝန်ယူစရာ မလိုပါဘူး၊ နန္ဒာမိုက် …ာပါ၊ နန္ဒာ အပြစ်နဲ့နန္ဒာ ရှိပါစေ၊ အရင်က အခြေအနေအတိုင်း …ချမ်းကို မျှော်လင့်ခဲ့မိမှာ သေချာပေမဲ့ အခု ချမ်းက လက်ထပ် …ာ့မှာဆိုတော့"

သူ သိပါသည်။ နန္ဒာက သရဲ့ထားရာနေ···စေရာသွား ဆိုတော့။ သို့ပေမဲ့

"ငါတို့···နန္ဒာကို စသလို နောက်သလိုနဲ့ မင်း လက်ထပ် မှာဖွင့်ပြောထားပြီ ချမ်း"

မြတ်သူတို့ ပြောထားတာကြောင့် ဒီရက်တွေအတွင်း နန္ဒာ ဆက်ဆံရေး ကျဲသွားသည်ဟု သူထင်ခဲ့မိတာ။ ထို့ကြောင့်လည်း ထူးပြီးချော့မော့ခြင်းတွေ မလုပ်ဘဲ ဖာသိဖာသာ တိမ်ရှောင်နေခဲ့ သည်။ အာကာတို့ကလည်း အကြံပေး၏။

"စိမ်းလက်စနဲ့ စိမ်းကားတာ အကောင်းဆုံးပဲ ချမ်း"

အာရုံထဲ၌ နန္ဒာ့ပုံရိပ် တစ်စထက်တစ်ဂ မှိန်ဝါးလာချိန် မှ···

"ချမ်း···ရှော့(ခ်)ရှိတယ်၊ မင်းအမြန်လာခဲ့···နန္ဒာ (Suicide)လုပ်ဖို့ ကြံနေတာ၊ လာတာ အသိမြန်လို့၊ ကားကိုကျောင်း ဝင်းထဲက သစ်ပင်ရိပ်မှာ ထိုးရပ်ပြီး ကားပေါ်တင် ဆေးတွေသောက် ချဖို့ ကြံတာ"

တဲ့လေ···။ ဖုန်းထဲမှာ အလောတကြီး ကြားရပေမဲ့ ချမ်း ဥပေက္ခာမပြုနိုင်ဘဲ ထိုနေရာကို ရောက်သွားတော့ နန္ဒာ အကောင်းပကတိပေမဲ့ သူ့ကို တွေ့တာနဲ့ မျက်လွှာချသွားသည်။





အာကာနှင့်မြတ်သူတို့က သူ့ပခုံးကိုဖက်ပြီး ဝေးရာဆီခေါ်လာရင်း···

"လွန်ခဲ့တဲ့ နှစ်လကျော်လောက်က မင်းနဲ့နန္ဒာ ဟိုအိမ် ...းထဲမှာတွေ့ပြီး ဘာတွေဖြစ်ခဲ့ကြလဲ ချမ်း"

"ငါ···အဲဒီနေ့က အမူးလွန်ပြီး အိပ်ပျော်"

အာကာက သူ့ရေရွတ်သော ဝါကျမဆုံးခင် ထအော်ပြီး

"နန္ဒာမှာ ကိုယ်ဝန်ရှိနေပြီ"

ဒီတစ်ခါတော့ သူအော်ရမဲ့အလှည့်။ ဒါပေမဲ့ ချမ်း မအော် ...။ နေရာတင် ကြက်သေ,သေနေပြီ။ လူကငြိမ်ကျသွားသည်။ ...နေ့သည် သူ့အိပ်တိုင်း အိပ်မက်ပြန်မက်သည်အထိ သူ့နေ့ရက် ...း၌ နေရာယူခဲ့သည်။ နွေးသောအထိအတွေ့နှင့် ချိုသောနှုတ် ...လေးတွေကို ပြန်စဉ်းစားတိုင်း ရင်ခုန်သံ မြန်လာတာလည်းသူ။ ...မှတ်ရရှိသည်။ ထို့ထက်ပိုပြီး အမှတ်တရ ဖြစ်စရာက နန္ဒာ ...ခွဲရှည်လေးရဲ့ အောက်ဆုံးတစ်ဆစ်က သူ့ထံ၌ ပြုတ်ကျကျန် ...ခြင်းပင်။

"မင်း···ဘာဆက်လုပ်မလဲ ချမ်း၊ လက်ထပ်ပွဲက ...တစ်ပတ်ထဲမှာ၊ နန္ဒာ့က ဒီမှာ"

"ငါ···နန္ဒာနဲ့နှစ်ယောက်တည်း စကားပြောမယ်"

တောင်းဆိုခဲ့တာ သူပေမဲ့ တကယ်တမ်း နှစ်ယောက်ချ... ...က်ဖျားလေးကို မလွတ်တမ်း ဆွဲထားကာ တွေ့ဖြစ်တော့ ပြောသွားတာ နန္ဒာကပင်။

"ဒီအတွက်...ဝန်ထုပ်ဝန်ပိုး အဖြစ်မခံပါနဲ့ ချမ်း၊ န...

အပြစ်နဲ့ နန္ဒာ...ရှိပါစေ၊ ပွဲဖျက်သလို ဖြစ်နေတဲ့ နန္ဒာ့ကိစ္စအတွ...

ချမ်းကို တောင်းပန်ရဦးမှာပါ၊ ချမ်း စီစဉ်ထားတဲ့အတိုင်း မင်္ဂလာ...

ပွဲကို ကျင်းပပါ၊ နန္ဒာ မလာနိုင်တော့တာ ခွင့်လွှတ်ပေးပါ ချမ်း"

တုန်လှုပ်ချောက်ချားစွာခေါ်သော သူ့ကို နန္ဒာက ရဲ့... ပြုံးပြရင်း

"နန္ဒာတို့ရေစက်က ဒီမှာပြီးပြီ ချမ်း"

ထွက်သွားရန် ဖျတ်ခနဲ ထရပ်လိုက်သည့် နန္ဒာ့လက်... ဖက်ကို သူဆွဲထားသည်။ အညိုရောင်ခါးတိုတီရှပ် အောက်က... ဗိုက်ချပ်ချပ် ကလေးဆီ အကြည့်ရောက်သွားတော့ ချမ်း ရင်ထဲ... ခနဲ။ ဒီဗိုက်ကလေးထဲမှာ သူ့သွေး...သူ့ရင်သွေးလေးရှိသည်... လောကကြီးအကြောင်း၊ သူ့မိဘအကြောင်း ဘာဆိုဘာမှ မသိ... သေးသော ကလေးလေးရှိသည်။ တစ်ဖက်မှာက ကြီးကျယ်ခမ်းန... သော မင်္ဂလာပွဲနှင့် အပြစ်မြူတစ်မှုန်မျှ မရှိသော သူ လက်ထပ်... မည့် သတို့သမီးလောင်း။ ချမ်း မျက်ဝန်းတွေကို စုံမှိတ်ပြီး န...

"ကိုယ်...နန္ဒာကို လက်ထပ်မယ်"

◆ ◆ ◆

# အခန်း (၁၉)

"ဒါဆို…ပြီးနေပြီပဲ၊ ငါတို့ကို ဘာလို့လာခေါ်တာ
တစ်နေကုန် ဂျူတီဝင်ထားရတာ ပင်ပန်းနေပြီ၊ ငါအိပ်ချိန်
မင်းကိုဖွဲ့ပြီး လာတွေ့ရတာကွ"

ချမ်း စကားဆုံးသည်နှင့် ထက်ကောင်းက ဘုတော
တော့သည်။ ချမ်းဆိုသည့်ကောင်က…အဲ့ဒီလိုမလည်မှ
ထက်ကောင်း ကြည့်မရဖြစ်၏။ အခုလည်းကြည့်။ လက်ထပ်
ဟိုကတစ်ယောက်ပေါ်လာတဲ့ အဖြစ်။ သူ့ကိုယ်သူ…ရှေးခေတ်
ဘုရင်တွေ ဘာတွေများ ထင်နေသလားမသိ။ လက်စွပ်တစ်
ပေးပြီး သားလေးမွေးရင် ကိုယ့်ဆီပို့လိုက်ပါ ဘာညာနှင့်ဒီမှာ
ကျော်နှင့် ဟန်ဓပျက် လက်ထပ်မှာလား။ ဘယ်လိုအကွက်





ပြီးမှ သူတို့နှစ်ယောက်ကိုခေါ်ပြီး ဦးနှောက်စားသလဲ။
ထက်ကောင်း မတွေးတတ်တော့။ သူတွေးမိတာက ဒင်းအား
တ်အချဉ်ပေါက်ပေါက်နှင့် စိစိညက်ညက်ချေပစ်ချင်တာပင်။
က်က ခုချိန်ထိ တည်တည်ငြိမ်ငြိမ် ရှိနေရာက…

"မင်း…မေနီကျော်ကို အားလုံးဖွင့်ပြောပြလိုက်ပေါ့"

"အေး…ဟိုကသိရင်တော့ လက်ထပ်ပွဲ ဖျက်မှာပဲ၊ မေနီ
ကျော်ရဲ့ မာနက သေးသေးကွေးကွေး မဟုတ်ဘူး မိုက်"

"ငါ…အဲ့ဒါကို သိတယ်၊ အဲ့ဒီလိုလုပ်လို့ကတော့ ငါ့
ဘွားတော်ကြီး ခေါက်ခနဲ အိပ်ရာပေါ် လဲသွားနိုင်တယ်၊ မေမေက
နဂိုကတည်းက သွေးတိုး၊ နှလုံးနဲ့ရောဂါစုံတာ မင်းတို့အသိလေ"

"ငါတို့သိလို့မရဘူးလေ၊ မင်းအမေအကြောင်း မင်းသိရ
မှာ၊ မင်းအမေ အန္တရာယ်မရှိအောင် မင်း ကာကွယ်ရမှာ"

ထက်ကောင်းကတော့ အမြင်ကတ်ကတ်နှင့် ဗိတ်ချည်း
ဟောက်ပစ်တာပင်။

"ငါ…မှားပါတယ်ကွာ၊ ဝန်ခံထားပြီးပြီပဲ၊ ဒါပေမဲ့
နန္ဒာ့ကျတော့ ငါ မပစ်လိုက်ရဲဘူးကွ၊ နန္ဒာမှာရှိနေတာ ငါ့ရင်သွေး"

"အေးလေ…ဒါပေမဲ့ နန္ဒာရော မေနီကျော်ရော
နှစ်ယောက်စလုံး မင်းယူလို့မှ မရတာ၊ အခု…နန္ဒာနဲ့မင်းက မနက်

ဖြန် ရှုံးတက်လက်မှတ်ထိုးမှာ''

''ဒါဆို…မေနီကျော်နဲ့က ရှေ့တစ်ပတ်မှ လက်မှတ်ထိုး မှာဆိုတော့၊ ဟာ…ဟော့ကောင် မင်းမကြိုကောင်း မစည်ရာ နော်၊ မေနီကျော်က မိကောင်းဖခင် သားသမီး မင်း အဲ့ဒီလိုလုပ် လို့''

''ချမ်း''

မိုက်က ဖြတ်ခေါ်သဖြင့် ထက်ကောင်းစကား တို့ တန်းလန်းကြီးနှင့် မိုက်ထံ အကြည့်ရောက်လာသည်။ သို့ မိုက်ကတော့ သူ့အားကြည့်မနေဘဲ ဒစ္စကိုမီးရောင်အောက် တလက်လက် အရောင်ထွက်နေသော မျက်လုံးတွေကိုသာ တိုက်မြင်ရပြီး…

''မင်း…မေနီကျော်ကို စွန့်လွှတ်ဖို့ စိတ်ပိုင်းဖြတ် ပြီး လား''

ချမ်းက ခေါင်းညိတ်ပြရင်း…

''ငါ…နန္ဒာပဲလက်ထပ်မှာ၊ ဒါပေမဲ့…''

''ရပြီ''

''ဟော့ကောင်…ဘာရတာလဲ''

အလန့်တကြား ထက်ကောင်းက မေးသည်။ မိုက်က

မိုး : မိုး : ၈၁၈ပ



ဘက်လှည့် ပြုံးပြတာက ထက်ကောင်း ကြောက်သည်ဟု မကြာ သော ပြောဖူးသော အပြုံးမျိုးနှင့်။

''မင်း…နန္ဒာနဲ့ စီစဉ်စရာရှိတာ စီစဉ်ပါ''

''မေနီကျော်ကရော''

''ပြီးသွားမှာပါ၊ သူ့အလိုလို''

''မိုက်…ငါ့ ဘွားတော်က နှလုံးရောဂါ ရှိတယ်နော်၊ င်း အလွှန်အကျွံတွေ အစီအစဉ်ဆွဲရင်''

မိုက်က ဘီယာဗူးကို မော့သောက်ရင်း မျက်တောင်များ တွေ စင်းကျကာ သဲ့သဲ့ရယ်သည်။ ပြီးမှ…ချမ်းကို ထေ့ထေ့ကြည့် ဘာ…

''စိတ်ချ…ငါ့စီမံကိန်းထဲမှာ မင်း နာမည်ဆိုးနဲ့ မကျန်ရစ် စေရဘူး''

တဲ့…။ ထက်ကောင်းကတော့ နားမလည်စွာ မိုက်ကို ငူးစိုက်ငေးရင်း ဒီကောင်…ဘာတွေလုပ်ဖို့ စိတ်ကူးထားသလဲ။

◆ ◆ ◆

မိုး : မိုး : ၈၁၈ပ

# အခန်း (၂၀)

"သမီးရေ...ချမ်း,လာပြီဟေ့"

"လာပြီ...မေမေ"

ကျော်က လည်သာဝေ့(စ်)ကုတ် အညိုရောင်လေး ရှပ်အင်္ကျီ အဖြူပေါ်က တစ်ထပ်,ထပ်ဝတ်သည်။ မိုးပြာရော ဂျင်းတစ်ထည်နှင့် တွဲဖက်ဝတ်ထားတာမို့ ကျော့်ပုံစံက မနက် မင်္ဂလာဆောင်မည့် သတို့သမီးနဲ့တောင် မတူ။ တကယ့် ပေါ့ ပါးပါးပင်။ ဆောင်းဝင်လာပြီမို့ ညနေက စောစီးစွာ နေဝ မှောင်စပျိုးသဖြင့် ငါးနာရီဆိုတာ စောပေမဲ့ ကျော့်စိတ်ထဲ ညရောက်နေသလိုမျိုးပင်။ ကျော်က ဖုန်း၊ တစ်ရှုးနှင့်ပိုက်ဆံ တခြား တိုလီမိုလီတွေကို လွယ်နေကျ လည်သာအိတ် အညို





သဲထည့်၍ ကြိုးကိုပခုံးပေါ် ဖြစ်သလို လွယ်သည်။ ထို့နောက် နှံ့ထဲတစ်ချက် လှမ်းကြည့်ပြီး ပန်းဆီရောင် gloss ကို နှုတ်ခမ်းပေါ် ခွဲလေးတင်ရင်းက အလှပြင်ဆင်ခြင်းကို အဆုံးသတ်၏။ လှေကား ထစ်တွေကို ခပ်သွက်သွက် ပြေးဆင်းလာတော့ ဖေဖေနှင့်စကား ကောင်းနေသော ချမ်းကို တွေ့ရပြီး မေမေကတော့...

"ဟယ်...ဒီကလေးမ...အနွေးထည် တစ်ထပ်,ထပ် မဝတ်ဘူးလား၊ အပြင်မှာ...အေးနေပြီ"

"ရှပ်အင်္ကျီက လက်ရှည်လေ မေမေရဲ့၊ အပေါ်က ဝေ့(စ်)ကုတ် တစ်ထပ်, ထပ်ဝတ်ထားတာကို"

"ဒါ...ဆောင်းတွင်းလေ၊ ပြီးတော့ ညနေစောင်းကြီး၊ ကိုယ်က မနက်ဖြန် ပွဲထွက်ရမဲ့သူ နှာစေး၊ ချောင်းဆိုးဖြစ်ပြီး ဖျားနာနေမှ အဲ့ဒါ ခက်မယ်"

"မဖြစ်ပါဘူး...မေမေရဲ့"

"ကဲပါကွာ...ကားပေါ်ကျ နွေးသွားမှာပဲကို၊ မင်းက ဆရာဝန်လောင်းရဲ့ရှေ့မှာ၊ သမီး ကျန်းမာရေးအတွက် ချမ်း တာဝန် ယူမှာပေါ့"

ဖေဖေက တပြုံးပြုံးနှင့် ဝင်စသည်။ ချမ်းက မတ်တပ် ထရပ်ကာ နှုတ်ဆက်ရင်း...

"စိတ်ချ…အန်ကယ်၊ ကျွန်တော် သူ့ကို ဗိုက်စီးတိုး
ထားတယ်"

ပြန်နောက်၏။ မေမေကတော့ ကျော့်ကို စိတ်မချသည်နှယ် ကားနားအထိ လိုက်ပို့ရင်း…

"သမီး…ဖုန်းပါတယ်နော်"

"ဟုတ်…ပါတယ် မေမေ"

"ချမ်း…ကားကို သတိထားမောင်းဦး၊ ဒီညနေ…စိတ်ထဲလေးလေးကြီးမို့ အစစ အရာရာ ဂရုစိုက်နော်၊ လက်သည်းခြေသည်း ပြင်ပြီးတာနဲ့ အိမ်တန်းပြန်လာကြ၊ ဟိုဟိုဒီဒီ ဝင်မနေနဲ့နော်"

တတွတ်တွတ်မှာမဆုံး။ ဖေဖေက အနားမှာ လာရင်း…

"မနက်ဖြန်…သူ့သမီးကို ခွဲရမှာဆိုတော့ အလွမ်းသည်ချိန် များများရအောင် စောစောပို့နိုင်းနေတာ ချမ်းရေ"

ဝင်ပြောတော့ မေမေက ဖေဖေ့အား မျက်စောင်းရွယ်သည်။ သူမကလက်ပြနှုတ်ဆက်ပြီး ချမ်းက ကားမောင်းထွက်ရင်း…

"လက်သည်း၊ ခြေသည်းပြင်တာ အချိန်ဘယ်လောက်ကြာမလဲ ကျော့်"





"လေးဆယ့်ငါးမိနစ်…တစ်နာရီလောက်ပေါ့၊ ဘာဖြစ်လို့လဲဟင်၊ ချမ်း သွားစရာရှိလို့လား"

"အင်း…သိပ်တော့ အရေးမကြီးပါဘူး၊ ဆယ်တန်းတုန်းက ဘော်ဒါလေ သင်္ဘောတက်နေရာက ပြန်ရောက်လို့တဲ့ ဒီနေ့ညနေ တွေ့ကြဖို့ ချိန်းထားလို့၊ ရပါတယ်၊ ဖျက်လိုက်လည်း ပြဿနာမရှိဘူး"

ချမ်းကပြောရင်း ကျော့် သွားနေကျ ဗျူတီစပါး လမ်းအတိုင်း မဟုတ်ပဲ ဘေးဘက်သို့ ချိုးကွေ့ပစ်ရာ…

"ချမ်း…လမ်းမှားနေပြီနဲ့တူတယ်၊ ကျော့်…သွားနေကျဆိုင်က တည့်တည့်လေ"

"အဟွန်း…မမှားပါဘူး ကျော့်ရဲ့၊ ဒါက ဆိုင်အသစ်"

"ဆိုင်…အသစ်"

"အင်း…ကိုယ်တို့ကျောင်းက ကောင်မလေးတွေနောက် အတွဲတွေ ခဏခဏသွားတယ်၊ သူက ဆိုင်နှစ်ခန်းကို အလယ်မှာ မှန်အကြည်ခြားပြီး၊ ယောက်ျား မိန်းမ မခွဲထားတာမျိုး"

"ဩော်…အဲ့ဒီလိုလား"

"အတွဲတွေဆိုလည်း ကိုယ့်ကောင်မလေးကို ဒီအတိုင်း ထိုင်စောင့်စရာ မလိုတူးလေ၊ ဆံပင်ညှပ်မလား၊ ဆံပင်ကာလာပြောင်း

မလား ကောင်မလေးကို မျက်စေ့အောက်က အပျောက်မခံဘဲ လုပ်လို့ရတာမျိုး''

''အဲ့ဒါဆိုတော့လဲ…အဆင်ပြေသွားသားပဲနော်၊ ဒါဆို ချမ်းက ဘာလုပ်မှာလဲ''

ကျော်ကမေးမှ…သူက ဟက်ခနဲရယ်ရင်း…

''လုပ်စရာတော့ မရှိဘူးကွ၊ ဆံပင်လဲ ညှပ်ပြီးပြီ၊ ကာလာလေးပြောင်းရင် ကောင်းမလားလို့''

ရွှေညိုရောင်ဆိုးထားသော သူ့ဆံပင်ကို နောက်ကြည့်မှန်ထဲမှာ ကြည့်ရင်း ပြောတော့ ကျော်က နှာခေါင်းရှုံ့ရယ်ရင်း…

''ကာလာပြောင်းလဲ လှပြင်မှာမှ မဟုတ်တာ''

''ဘာဖြစ်လို့လဲ''

''အပွန်း…ချမ်းက ခေါင်းပေါင်းကြီး ဆောင်းရမှာကို''

''မနက်ဖြန်မနက် လက်မှတ်ထိုးရင်တော့ ခေါင်းပေါင်း မလိုပါဘူးကွ''

''အင်း…ဒါလည်းဟုတ်တာပဲ''

ကျော်က…ခေါင်းညိတ်ထောက်ခံပြီးသည့်အချိန်မှာ ချမ်းက တစ်ထပ်တိုက် ပြားပြားလေးရှိရာ ခြံဝင်းလေးထဲ ကွေ့ပြီးဝင်သည်။ ခြံဝ၌ထောင်ထားသော ဆိုင်းဘုတ်ကြီးက ဘာနာမည်လဲ





ဘာင် ကျော်မဖတ်လိုက်ရ။ ကားရပ်ပြီး ကျော်က ဆင်းမယ်ဟန် င်တော့…

''ကျော်''

''ဟင်…ဘာလဲ…ချမ်း''

လော့(ခ်)ဖွင့်ရန် ကျော့်လက်တွေ လှမ်းပြီးသား။ ချမ်း ါ်သံကြောင့် လည်ပင်းလိမ်ကာ လှည့်ကြည့်မိသည်။ ကျော့်ကို ကြည့်သော ချမ်း မျက်ဝန်းထဲတွင် တစ်စုံတစ်ရာ အရိပ်ထင်နေသလို တွေ့ရပြီး ဘာအရိပ်လဲဟု လိုက်ရှာတော့လဲ ဖျိုးခနဲ ဖျတ်ခနဲ ပျောက်သွားပြန်သည်။

''ဘာပြောမလို့လဲ…ချမ်း''

ထပ်မေးလိုက်မှ ချမ်းက သတိဝင်သွားသလိုနှင့်…

''ဆောရီး…ကိုယ့်ရဲ့ကျော်က တကယ့်ဂုဏ်သရေရှိ း်းကလေးပါလို့ ချီးမွမ်းမလို့ပါ''

''အပွန်း…ဒါများ ချီးမွမ်းမနေနဲ့၊ ကျော့်ကိုယ်ကျော် သိပြီးသား''

ကျော်က ရယ်သံတစ်ဝက်နှင့် ပြန်ပြောရင်း ကားအောက် သို့ ဆင်းသည်။ အခုမှ အပြင်ကလေထုနှင့် တွေ့ရတာမို့ စိမ့်ခနဲ ဖြစ်သွားတာကို အချမ်းပြေစေရန် ကျော်က လက်ပိုက်ရင်း ခပ်သွက်

သွက် မှန်တံခါးကြီးကို တွန်းပြီးဆိုင်ထဲဝင်သည်။

"ဟော…လာကြပါပြီရှင်၊ ဒါ…သတို့သမီးလေ

မဟုတ်လား"

ကျော် ဝင်တာနဲ့ ပျစ်ချွဲချွဲ အသံနှင့် တန်းမေးသော အ

ဖန်တီးရှင်ကြောင့် သူမက ချမ်းကို လှမ်းကြည့်၏။ ချမ်း

ခေါင်းညိတ်ပြရင်း…

"ကိုယ်…ဖုန်းဆက်ပြီး ဘွတ်ကင် အရင်လုပ်ထားလေ

တာ"

ကျော့်ကို ဖြေရှင်းပြရင်း…

"ကဲ…မာမီ ပြောထားတဲ့အတိုင်းနော်၊ အလှဆုံးဖြ

အောင် အရင်ဆုံး မျက်နှာဆေးပြီး ပေါင်းလေးတင်လိုက်၊ လာ

သမီး"

လက်ကို ဆွဲခေါ်လာတော့ ကျော်က အလိုက်သင့်ပါသွာ

ပေမဲ့…

"ပေါင်းတင်ပြီးသားပါ"

ဟိုတစ်ပတ်ကပဲ ကျော်သွားနေကျ ဆိုင်မှာ တစ်ကိုယ်လုံး

scrub လုပ်တာရော၊ ပေါင်းတင်တာရော လုပ်ပြီးပြီ၊ အခုတွေ့

အခုသိသော ဆိုင်ကို ကျော်က မျက်နှာအား ရှောင်ဆိုပြီး မအေ

နိုးနိုး၊ ၈၁၈ပ



ာတော့အမှန်။ တစ်ခုခုလွဲမှားခဲ့ရင် ကိုယ်က မနက်ဆို လူပုံ

ယ်မှာ ပွဲထွက်ရမည့်သူမို့ စိုးရိမ်ခြင်းတွေ ဖိစီးကာ ငြင်းပစ်

က်သည်။ ကျော့်မျက်နှာကို စာတစ်ပုဒ်လို ဖတ်နေသော မာမီ

ီးက သဘောပေါက်သွားဟန်ဖြင့် ခပ်ဖွဖွရယ်ကာ…

"အဟင်း…သတို့သမီးလေးက သူ့မျက်နှာ တစ်ခုခု

သွားမှာ စိုးရိမ်တယ်နဲ့တူတယ်၊ စိတ်ချ…ဘာမှမဖြစ်စေရဘူး၊

ဆိုင်မှာက ကယ်မစ်ကယ်(လ်)ပါတဲ့ ကော့စမက်တစ်တွေ မသုံး

သမီးရဲ့၊ ဒီမှာ ပြင်သစ် မိတ်(ထ်)တွေချည်း set လိုက်သုံး

တာ၊ သူက သဘာဝသစ်သီးကဖြစ်တဲ့ အဆီအနှစ်တွေနဲ့ ထုတ်

းတာ၊ ဒီတော့ side effect မရှိစေရဘူး၊ အဲ့ဒါ…ယုံ၊ မာ့မီ

က်နဲ့ရင်းပြီးတောင် အာမခံတယ်၊ တကယ်"

အားနာစိတ်ရော၊ စိတ်ဝင်စားသွားမိတာရယ်ကြောင့် ကျော်

မာမီကြီး ပခုံးဖက်ပြီး ရှင်းပြသမျှကို နားလဲထောင် လိုက်ပြီး

နေမိတာက စင်ပေါ်မှာ အစီအရီတင်ထားသည့် အလှကုန်ပစ္စည်း

းကို။

"ကဲ…ဘယ်လိုလဲ…သမီး"

ဟုမေးတော့ ထပ်မငြင်းချင်တော့။

"မာမီ…ကောင်းမယ်ထင်ရင်တော့ လုပ်ကြည့်တာပေါ့၊

နိုးနိုး၊ ၈၁၈ပ

အဆင်ပြေဖို့ အမိကပါ"

"အို…အဆင်ပြေရုံမကဘူး၊ ငါ့သမီး ဒီထက်မက
သွားစေရပါ့မယ်ဆို"

ပေါင်းတင်ဖို့အတွက် အတွင်းခန်းထဲက ခုတင်ပေါ်
အချမှာ…ချမ်းက ခန်းဝ၌ ပေါ်လာပြီး…

"ကျော့…ကိုယ့်သော်ဒါတွေဆီ ခဏသွားမလို့၊ ကျော့
ဖြစ်တယ် မဟုတ်လား၊ မာမီပြောတော့ ကြာဦးမှာတဲ့"

"အမယ်လေး…အားကျတယ်ဟော့၊ တကယ်ပဲ…
ကိုယ်တော်ရယ်…ကြွ…ကြွ၊ အချိန်တွေ အများကြီး လိုသေး
သတို့သမီးကို အလှဆုံးပြင်ပြီးမှ လာပြန်ခေါ်"

ကျော်ကတော့ လှဲနေရင်းက ပြုံးရုံပဲ ပြုံးပြဖြစ်
မကြာမီ ကျော့မျက်နှာပေါ် အေးစက်စက် အရာတွေကို
ခြင်း၊ ကလင်းစင်းလုပ်ခြင်းတွေပြီးမှ ပေါင်းဆေးတွေနေရာ
သည်။ ထိုအခိုက် ကျော့ရှူရှိုက်မိသော အနံ့တစ်မျိုးက အင်
မွှေးထုံသော ပန်းရနံ့တစ်မျိုးဖြစ်ပြီး…

"မွှေးလိုက်တာနော်…မာမီ"

မနေနိုင်ဘဲ နှုတ်ဖျားက ထွက်သွားချိန်မှာ မာမီက
မျက်နှာပေါ်မှ စီးမိုးပြုံးပြရင်း…

နိုး : နိုး : စာပေပ

"မျက်လုံးတွေမှိတ်ပြီး Relax လုပ်ထား သမီး၊ အဲ့ဒါ
ပေါင်းဆီပေါ့၊ သူက အနံ့ကုထုံးနဲ့ လူရဲ့စိတ်ရော အကြောအချင်
တွေပါ အပန်းပြေစေတာမျိုး၊ မာမီက ကိုယ့်ဆိုင်လာတဲ့ သတို့သမီး
တွေကို တမင် ဒါမျိုးနဲ့ ဝန်ဆောင်မှုပေးတာ၊ သတို့သမီးဆိုတာ
လာပွဲ မတိုင်မီ စိတ်ဖိ…စီး…မှု… က"

ပြောနေသည့် မာမီ့အသံတွေ တဖြည်းဖြည်းဝေး၍…
ဝေး၍။ ကျော့…အာရုံထဲတွင် လှပစွာ ဖူးပွင့်နေသော ပန်းရောင်
များကြား ဟိုမှ ဒီပြေးလွှားရင်းက…ကျော့စိတ်တွေ…တကယ့်ကို
ငြိမ်းငြိမ်းချမ်းချမ်း။

• • •

နိုး : နိုး : စာပေပ

## အခန်း (၂၁)

"မင်း...ဖြစ်ပါတယ်နော် မိုက်"

"ငါကဖြစ်တယ်...မင်းကိုယ်မင်းသာ"

ချမ်းက ရင်ကော့ကာ အသက်ကိုဝအောင်ရှူရင်း

"ငါ...အိုကေမှာပါ"

"မာမီ"

မိုက်က လှည့်ခေါ်တော့ မှောင်ရိပ်ခြမ်း၌ ရပ်နေ မာမီက ဒီဘက်ထွက်ရပ်ရင်း...

"ပြောလေဟယ်...ဒီမှာရင်တုန်တာ မပျောက်"

"နုန္ဒဲ့မနေနဲ့"





စကားဖြတ်ပြောတော့ မာမီက ဆတ်ခနဲတုန်သွားပြီးမှ က်စောင်းရှယ်ကာ...

"သူ့စိတ်ချည်းပဲ...ဒီက လူလည်းကူညီရသေးတာကိုး"

မကြားတကြား အော်သည်။ မိုက်က ကုတ်အင်္ကျီအောက် တွေကို ပါးစပ်ဆီမှသိမ်း၍ ခါးထောက်ရင်း...

"အမေးအမြန်း ရှိခဲ့ရင် ဘယ်လိုဖြေရမယ် သိတယ်နော်"

"အမယ်လေး...ငါက သူငယ်နှပ်စား မဟုတ်ပါဘူး ယ်၊ သိပါတယ်၊ ဒီလောက်တော့ အပျော့၊ ကြည်သာချမ်းထွက် တုံး မင်းလာခေါ်လို့ လိုက်သွားတယ်ဆို ပြီးရော မဟုတ်လား"

မိုက်က ကျေနပ်သလို...ခေါင်းညိတ်ပြရင်း...

"သူ...ဒီညမနိုးတာ...စိတ်ချရပါတယ်နော်"

"အို...အဲ့ဒါတော့စိတ်ချ၊ မာမီဆို အိပ်မပျော်ရင် အဲ့ဒါ း ရှူရှူပြီး အိပ်တာ တစ်ချိုးတည်းပဲ၊ နောက်နေ့တောင် သူများ နိုးတာ၊ သူဆိုရင် မနက်ဖြန် နေ့လယ်ထက်စောပြီး နိုးမှာ တ်ဘူး၊ နောက်ကျရင်တောင် ကျ ဦး မှာ"

ကျဦးမှာကို တစ်လုံးချင်းခွဲပြီး နဲ့နဲ့ကြီး ပြောနေသော ဖန်တီးရှင်ကြောင့် ထက်ကောင်းက မဲ့ရွဲ့ပြီး...

"အရေးထဲ ကြော်ငြာဝင်နေပြန်ပြီ"

လို့ပြောရင်း…

"မင်း အဆင်ပြေပါ့မလား မိုက်…သူနိုးလာရင်"

"သူနိုးတဲ့အချိန်…ငါ ဟိုကိုရောက်နေပြီလေ"

"ဘာပဲဖြစ်ဖြစ်…ဒီကိစ္စမှာ မင်းဝင်ကြမ်းတာတော့ သဘောမကျဘူး"

ထက်ကောင်းကပြောတော့ ချမ်းခများ အပြစ်ရှိသူ ဖျော့ခနဲ ခေါင်းငုံ့ချသွားသည်။ မိုက်ကတော့ ထက်ကောင်း တစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း…

"ထားလိုက်ပါ၊ ငါက နဂိုကတည်းက အနုအရွ မကြိုက်တာ"

အသေစ်ပြောင်းထားသည့် ငွေမှင့်ရောင် ဒက်ဘယ်(လ်) ကြီးရဲ့ နောက်ခန်းတံခါးကို ဆွဲဖွင့်တော့ ဟိုဘက်အခြမ်း မေနီကျော်က ခွေခေါက်ခေါက်လေး အိပ်ပျော်နေသည်။

"ငါ…လစ်ပြီ"

"အေး…အေး…မင်းရောက်ရင် ဖုန်းဆက်နော်"

မိုက်က ခေါင်းညိတ်ပြပြီး ကားတံခါး ပိတ်သွားတာ ကားကြီးက လျှောခနဲ သူတို့မျက်စိအောက်က ပြေးထွက်သွားသည် ထက်ကောင်းက အခုထိ မြေပြင်ကိုကြည့်ကာ မတုန်မလှုပ် ရပ်နေ





ကို ပခုံးချင်းတိုက် သတိပေးရင်း…

"မင်း…ဆက်ကဖို့အပိုင်းပဲ ကျန်တော့တာ ချမ်း၊ ဘာပဲ ဖြစ်…မင်း စိတ်အေးရအောင် နှစ်ယောက်က စကားပေးလိုက် တာတော့ အမှန်ပဲ"

မိုက် တားထားသည့်ကြားမှ ပြောဖြစ်အောင် ပြောပစ်လိုက် းသည်။ ဒါတောင် ရင်ဘတ်အပြည့်ရှိသော ဖြေစရာတွေက နိုင်…မခန်းနိုင်။

"ကလင်…ကလင်…ကလင်"

ဆူညံစွာထမြည်သော ဖုန်းသံကြောင့် ငြိမ်ရပ်နေသော ယောက်လုံး လန့်သွားပြီးမှ…

"မလန့်ပါနဲ့၊ အဲဒါ…တို့ဖုန်း"

မှောင်ကြီးမည်းမည်းမှာ မိတ်ကပ်အဖွေးသားနှင့် မာမီက းထုတ်ပြီး နားထောင်သည်။

"ဟဲလို…အစ်ကိုကြီး၊ ဟုတ်…ထွက်သွားပါပြီ၊ ဟုတ်၊ တ်ချပါ အစ်ကိုကြီး၊ ဒရိုင်ဘာပါ ,ပါတယ်၊ ဟုတ်၊ ရှင်းပြီးသား စ်ကိုကြီး၊ ခြံစောင့်ကို လှမ်းပြောထားပြီးသားပါ၊ စိတ်ချပါ… စ်ကိုကြီး၊ အဝင်း အကြောင်းထူးတာနဲ့ လှမ်းဆက်သွယ်ပါ့မယ်"

အသက်မရှူစတမ်း။ ဟုတ်ကဲ့ချင်း ထပ်အောင် ပြောပြီးမှ

ဒီဘက်ပြန်လှည့်လာရင်း…

"မိုက်အဖေ…ဦးနေမင်းလေ၊ အဆင်ပြေ့မပြေ လှ
ဆက်တာ"

ဒီတော့မှ ကျန်ရစ်သူနှစ်ယောက်က မျက်လုံးချင်းဆုံ
မိုက်လုပ်သွားသမျှ ဇာတ်ရည်လည်တာမျိုး။ ဒီည အစီအစဉ်အတွ
မိုက်က ဟာကွက်မရှိအောင် စီမံကိန်းချပြီးမှ…

"မင်း…မေနီကျော့်ကို ခေါ်သွားရမှာက ( )Spa

လို့…ချမ်းကို ညွှန်ကြားချက် ပေးခဲ့တာကိုး။ မိုက်
ခြေလှမ်းကျဲသမျှ ပံ့ပိုးပေးသော ဖခင်က တစ်ပြည်ခြားတစ်နိုင်ငံ
ဆိုပေမဲ့…

လိုက်လဲ လိုက်တဲ့သားအဖ။ နာမည်တွေကိုက ဦးနေမ
နဲ့လမိုက်တဲ့။ ရှေ့ဆက်…ဘယ်လိုလက်တွဲညီမလဲဆိုတာ သု
စောင့်ကြည့်ရဦးမည်။ စိတ်ဝင်စားစရာတော့ အကောင်းသား။

◆ ◆ ◆





မရည်ရွယ်ပါဘူး…
မင်းရဲ့ ပြိုင်ဘက်…အဖြစ်
မလိုချင်ပါဘူး…
မင်းရဲ့အမုန်း တရားခံအဖြစ်
မပေးချင်ခဲ့ဘူး
မင်းအတွက်…နာကျင်စေမဲ့ ဒဏ်ရာ…
မျှော်လင့်တာက
မင်းနဲ့အတူရှိခွင့်ရမဲ့…မနက်ဖြန်ဆိုရင်…
မအိပ်ပဲ…မိုးလင်းပါရစေ…
အိပ်မက်ထဲ မင်းမရှိမှာ စိုးလို့ပါ။

◆ ◆ ◆

## အခန်း (၂၂)

"ဟင့်အင်း…ချမ်း၊ မသွားချင်သေးဘူး၊ ဒီပန်းပင်တွေကြားထဲမှာ နေချင်သေးတယ်"

"နေလို့မဖြစ်တာ မင်းအသိသားနဲ့ ကျော်ရာ လက်ထပ်ပွဲစတော့မှာဥစ္စာ"

"အို…စ,စ…ဒီမှာပဲ လက်ထပ်ကြမယ်လေ၊ ဒါလည်းဖြစ်တယ် မဟုတ်လား"

"မဖြစ်ဘူး…ဟိုမှာ ဧည့်သည်တွေနဲ့"

"ဧည့်သည်တွေကို ဒီကိုခေါ်ပေါ့"

"ဘယ်ဖြစ်မလဲ"

"မဖြစ်လဲနေ…အဲ့ဒါဆို မင်္ဂလာမဆောင်တော့ဘူး"





ကျော်က စိတ်လိုက်မာန်ပါ ပြောတာမျိုး မဟုတ်ဘဲ အေးအေးသက်သာ ပြောတာပင်။ ချမ်းကလည်း အလွယ်တကူ ခေါင်းညိတ်ရင်း…

"ပြီးရောလေ၊ ဒါဆိုလည်း လက်မထပ်ကြရုံပေါ့"

တဲ့…။ ချမ်းရဲ့ကျောပြင်ကို သူမက လိုက်ကြည့်မနေတော့ဘဲ ပန်းမွေ့ယာပေါ်မှာ နှစ်လိုစွာ လှဲအိပ်ချလိုက်သည်။ မွှေးထုံသော ရနံ့နှင့် နူးညံ့အိစက်သော အထိအတွေ့ကို ကျော်က တပ်မက်စွာ ခံစားရင်းက…

"ဟင်"

မျက်လုံးတွေ ဖျတ်ခနဲ ပွင့်သွားသည်။ အရောင်စုံသော ပန်းခင်းကြီးက အမြင်အာရုံထဲက ပျောက်သွားပေမဲ့ ပျံ့ပျံ့လေး မွှေးနေသော ပန်းရနံ့တို့က ကျော် နှာဝမှာ ရနေဆဲဖြစ်သည်။ ပြီးတော့ နူးညံ့အိစက်သည့် အထိအတွေ့။

"ဒါ…ငါ့အိပ်ခန်း မဟုတ်ဘူး"

တစ်ခန်းလုံး ပြာလွင်နေသော အိပ်ခန်းကျယ်ကြီးထဲမှာ အပြာရင့်ရောင် ကော်ဇောတွေ ခန်းလုံးပြည့် ခင်းထားသည်။ တစ်ခန်းလုံး ကျော်အိပ်နေသော ခုတင်ကြီးနှင့် မွေ့ယာတစ်ခုမှလွဲ၍ ဘာပရိဘောဂမှ မရှိ။ နံရံကပ် မီးဆိုင်းလေးတွေ ဘေးမှာ နံရံကပ်

ပန်းခြင်းလေးတွေရှိကာ ထိုပန်းခြင်းထဲ၌ လတ်ဆတ်သော နှင်းဆီဝါတွေ ထိုးစိုက်ထားသည်။

"ဒါ…ဘယ်နေရာလဲ၊ ချမ်း ခေါ်သွားတဲ့ Spa လား"

ရုတ်ခနဲ ထထိုင်ကာ အခန်းကို စူးစမ်းရင်းက ကျော့်ကိုယ်ပေါ်က ပြောင်းလဲခြင်း။ ကျော်…အိမ်က ဝတ်ထွက်လာသော အဝတ်အစားတွေ မဟုတ်တော့ဘဲ အပြာနုနုရင် တစ်ခြမ်းဖုံးသည့် ခါးစည်းကြိုးပါ ညဝတ်အင်္ကျီက ကျော့်ကိုယ်ပေါ်မှာ နွေးထွေးစွာ ရှိပေမဲ့ တစ်စုံတစ်ရာ လစ်ဟာမှုကို ကျော် ခံစားရသောအခါ ကိုယ့်ကိုယ်ကို ဆန်းစစ်ရင်း ကျော် အလန့်တကြား ဖြစ်သွားသည်။ ခုတင်ပေါ်မှဆင်းပြီး ပိတ်ထားသော အခန်းတံခါးဆီ ပြေးဖွင့်ပေမယ့် တံခါးက လော့(ခ်)ချလျက်သား။ ကျော်က ခန်းဆီးတွေ ချထားသော ပြတင်းပေါက်ဆီ ပြေးသည်။ ရုတ်ခနဲ ခန်းဆီးလိုက်ကာကို သိမ်းဖယ်တော့ အညိုရောင် မှန်ချပ်ရှည်ကြီးများကိုသာ တွေ့ရကာ ကျော် မျှော်လင့်ထားသလို ပြင်ပလေရှူခွင့်ရသော ပြင်ပနှင့် ထိတွေ့ဆက်ဆံခွင့်ရမည့် ပြတင်းပေါက်မျိုး မဟုတ်။ ကျော့်ရောက်နေရာက မြေပြင်နှင့် အတော်အလှမ်းကွာကာ ဟိုးအောက်နားကျကျ၌ ပန်းရောင်စုံခင်းကြီးကို တွေ့ရသည်။ ဟိုးအဝေးမှာ စိမ်းစိုသော စိုက်ခင်းတွေနှင့် ကောင်းကင်ဆီ ထိုးတက်နေသော





မီးခိုးငွေ့တန်းများ။ မျက်စိကို ထပ်မံ၍ အဝေးကိုလွှတ်တော့ စိမ်းညိုညိုတောင်တန်းကြီး…ကျော့်ရင်ထဲ ထိတ်သွားသည်။ ဒီမြင်ကွင်းတွေကို ကျော်…ရန်ကုန်မှာ မမြင်ဖူးခဲ့။ မိုးထိအောင်မြင့်သည့် တိုက်တာတွေ ရှိမည်။ ဒါပေမဲ့ တောင်တန်းဆိုတာက…

ကျော့် အတွေးတွေ ပြတ်တောက်သွားသည်။ နောက်တစ်ဖက်မှ တံခါးဖွင့်သံကြောင့် ဖျတ်ခနဲ ကျော် နောက်လှည့်ရပ်တော့ မှန်ချပ်တွေရဲ့ အထိအတွေ့က ကျော် ကျောရိုးမကြီးမှတစ်ဆင့် ခန္ဓာကိုယ်ဆီ စိမ့်ခနဲ ဝင်ရောက်လာ၏။ တံခါးဖွင့်၍ အခန်းထဲ ဝင်လာသူကို ကျော် တွေ့ရသည့်အခါ မျက်လုံးတွေပြာပြီး ရုတ်တရက် ရင်ဘတ်ထဲ အောင့်တက်သွား၏။

"လမိုက်"

စိတ်ထဲမြည်ဟည်းသွားသော နာမည်တစ်ခု။ အနီရဲရဲ လည်ထောင်ဆွယ်တာ အပေါ်က လည်သာကုတ်အရှည်ကို ထပ်ဝတ်ထားသည်။ လှိုင်းတွန့်ပါသည့် ဆံပင်အုပ်အုပ်ကြားက မျက်နှာသည် အရောင်ရင့်လျက်ရှိပြီး ဂျင်းအနက်ရောင် ဘောင်းဘီနဲ့မို့ သူ့ပုံစံက ထင်းနေ၏။

"နိုးနေပြီလား…ဒီမှာ…ကြက်ဥပ်နဲ့ပဲပုပ်ထောင်း၊ ပြီးတော့ သီးစုံထမင်းကြော် လုပ်လာတယ်၊ စားလိုက်ဦး"

လက်ထဲကိုင်လာသောဇွန်းကို နီးရာစားပွဲပေါ်တင်သည်။ ကျော်က အစားအသောက်ထဲလည်း အကြည့်မရောက်ဘဲ သူ့မျက်နှာကိုသာ စူးစူးရှရှ ကြည့်ရင်း…

"ချမ်းရော"

ဝင့်ခနဲတက်လာသည့် အကြည့်နှင့် ကျော့် မျက်ဝန်းတို့ လမ်းခုလတ်မှာ အကြာကြီး ဆုံပြီးမှ သူက မပွင့်တပွင့်ရယ်ကာ–

"ရန်ကုန်မှာ"

"ဘာ"

ကျော့်နှားထဲ ဒိုင်းနမိုက် အတွဲလိုက် ထပေါက်ကွဲသည်။ အုန်းခနဲကြားပြီး ဝုန်းခနဲ ဖြစ်သွားကာ ကျော်က ချက်ချင်း သူ့ဆီသို့ ရောက်သွားခဲ့သည်။

"နင်…ဒါ…ဘာလုပ်တာလဲ၊ လမိုက်၊ ဒါ ဘယ်နေရာလဲ ငါ့ကို အခုချက်ချင်းပြန်ပို့၊ ငါ မနက်ဖြန် မင်္ဂလာဆောင်ရမှာ"

နံရံကပ်နာရီက ည ရှစ်နာရီသာ ရှိသေးတာကြောင့် ကျော်က လိုချင်တာပဲ တရစပ်ပြောချသည်။ သူက ကျော်ပြောနေတာကို ဆုံးအောင် နားထောင်ပြီးမှ အုပ်ဖွဖွခံပင်တွေကို လက်ငါးချောင်းနှင့် ထိုးသပ်ရင်း…





"မင်း…မင်္ဂလာပွဲ ပျက်သွားပြီ"

"ဘာ"

ကျော့် အံ့သြခြင်းကို သူက ခေါင်းညိတ်အတည်ပြုရင်း…

"ဒါ…ကလော၊ မင်းသတိလစ်နေတာ တစ်ညနဲ့ တစ်နေ့လုံးပဲ"

"ဘာ"

"ငါ…မင်းကို ခိုးလာခဲ့တာ"

"လ…မိုက်"

ကြားရသော စကားတွေကြောင့် လူက ပြိုလုလုကို ဒေါသနှင့်မာနက တောင့်ခံပေးထားသည်။ ရင်ထဲဆို့တက်လာတာက ဝမ်းနည်းခြင်းများ မဟုတ်ဘဲ ဒေါသဖြစ်တိုင်း ပေါက်ကွဲခွင့်မရသော အပြင်းစားမာနများကြောင့် ကျော့်လည်ပင်းထဲ တစ်ဆို့လာသည်။ ရင်ထဲတလှိုက်လှိုက်ဖြစ်ကာ မျက်ခမ်းစပ်ဆီမှ ပူနွေးကျိန်းစက်ခြင်းတွေကို ကျော်က တားဆီးထားမိသည်။ ရန်ကုန်ကနေ ကလောအထိ။ တစ်ညနှင့်တစ်နေ့ ပြီးတော့ လဲလှယ်ပေးထားသည့် ညအိပ်ဝတ်စုံ…

"လမိုက်…နင်"

ထိုးလာသည့် လက်ညှိုးသည် ဒေါသကြောင့် တဆတ်

ဆတ် တုန်ခါနေ၏။ သူမ မျက်ဝန်းထဲ လိုတာထက်ပိုနေသော ဒေါသတွေကို မိုက်က မမြင်အောင် ကြည့်ရင်း…

"ဆောရီး…မင်းကို သူများလက်ထဲ အပါမခံနိုင်ဘူး"

"လူ…ယုတ်…မာ"

အားကုန်ထည့်၍ လွဲမြှောက်ရိုက်ချသော လက်ဝါးဒဏ်

"ဖြန်း"

ခနဲမြည်ပြီး မိုက်မျက်နှာ လည်ထွက်သွားသည်။ ခပ်ရ ထူရှိသော ဆံပင်တို့က ပါးတစ်ခြမ်းပေါ် အုပ်ဝဲကျသွား၏။ မိုက်က ပြင်းသည့်ရိုက်ချက်ကြောင့် သွေးစို့သွားသည့် နှုတ်ခမ်းထောင့်အား လက်ခုံနှင့် ပွတ်ဆွဲသုတ်ရင်း ထိမထင် မျက်နှာသည် နောက်တစ် ကြိမ် ပြန်မော့လာကာ…

"မဆိုးဘူး…မင်း လက်သံက"

"ဖြောင်း"

လက်ပြန်နောက်ထပ် ရိုက်ချက်ကြောင့် မိုက်မျက်နှာသည် ဆန့်ကျင်ဘက် အရပ်ဆီ ထပ်မံလည်ထွက်သွားပြီးနောက်။ သူမ လက်မောင်းတွေအောင့်ကာ လက်ဖဝါးတွေ ပူလာပေမယ့် စိတ်ထဲ အခဲမကျေနိုင် ရှိစဉ်မှာဘဲ…

"တော်ပြီလား…မေနီကျော်၊ ဒါ…မင်းရဲ့ လက်ရည်





ကုန်ပဲလား"

"နင်"

ကျော်က သတိနှင့်ခြေလှမ်းကို နောက်ဆုတ်သည်။ ခပ်မဲ့ ပြုံးထားသော နှုတ်ခမ်းတွေက ကြည်နူးခြင်းကြောင့် ပြုံးတာမဟုတ် း သိသာစေလျက်…

"နင်…ရှေ့မတိုးနဲ့…လမိုက်"

ကြိုးကာအော်ဟစ်တားပေမဲ့ အချည်းအနှီးပင်။

"ဩော်…ဟော် သာတူညီမျှပေါ့၊ မင်း အလှည့်ပြီးရင် အလှည့်"

"လ…မိုက်"

"ဆောရီးပဲ၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ လာမပြောနဲ့၊ င်းက အခုချိန်မှာ ငါ့မိန်းမ"

"ဟင့်အင်း…မဟုတ်ဘူး၊ လမိုက် နင် မယုတ်မာနဲ့ ာ်၊ နင်"

"ကြိုက်သလို စွဲချက်တင်…ရတယ်၊ မင်းကို ခိုးလာတာ လှကြည့်ဖို့မှ မဟုတ်တာ၊ ပါးနှစ်ဖက်အတွက် တန်ရာတန်ကြေး င်း ပြန်ပေးရမယ်"

"အို…ဟင့်အင်း"

လို့…ငြင်းဆန်သမျှ အချည်းအနှီးဖြစ်လျက်။ လက်
ရင်းနှစ်ဖက်က ကိုင်ပြီး ဆောင့်တွန်းပစ်သောအခါ ကျော်
ခုတင်ပေါ် အကာအကွယ်မဲ့ လဲကျသွားလျက်…

"လမိုက်…နင်…လွှတ်စမ်း…လူယုတ်မာ၊ မင်းကို
တယ်…နင့်ကို…"

အော်သံတွေ ဗလုံးဗထွေးမှ တိတ်ကျသွားကာ၊ စီးမိုး
ထားသော သူ့မျက်နှာ။ သူ့ရင်ခွင်အတွင်းမှာ ကျော်က
စကားတွေ ထပ်ခါထပ်ခါ ရွတ်ရင်းကပဲ…

မျက်ဝန်းတွေပြာအောင် လူက အသက်မဲ့သွားသည်။
ကျော်ရမ်းကားနေခဲ့သော အနမ်းရိုင်းတွေရဲ့ အထိအတွေ့
ကျော့်မှာ သွေးခဲပြီး အေးစက်သွားလိုက်။ ဒါသကြောင့် သွေး
ဆူပွက်လာလိုက်နှင့်…

ညသည်…အရိုင်းဆန်သော အနမ်းများအောက်မှာ
ရည်တို့နှင့် စစ်ခင်းလျက်…။

◆ ◆ ◆



## အခန်း (၂၃)

"အဆင်…ပြေပါတယ်"

"ငါ…မေးတာ နေရေးထိုင်ရေးကို မဟုတ်ဘူး…မိုက်"

မိုက်က ဒုတိယထပ်ရှိ ဝရန်တာတွင် ထွက်ရပ်ကာ ဖုန်း
ပြောနေခြင်းဖြစ်သည်။ အဝေးဆီက မြူနိုးများ၊ တောင်တန်းများနှင့်
လောမြို့ရဲ့ အေးမြလန်းဆန်းခြင်းတွေက သူ့အရေပြားမှတစ်ဆင့်
အတွင်းပိုင်းအထိ တိုးဝင်ခြင်းငှာ မစွမ်းသာသေးသလို။

"ဟုတ်ကောင်…မိုက်"

"အင်း…နားထောင်နေတယ်၊ ထက်ကောင်း…ပြော"

"မင်းကို…သူ…မုန်းတုန်းပဲလား"

"အစကတည်းက ချစ်လို့ ကြိုက်လို့ နှစ်ပါးသွားကခဲ့ကြ

တာမှ မဟုတ်တာ''

''ဒါဆိုလည်း…မင်း အဖြစ်မှန် ဖွင့်ပြောလိုက်လေ

''ထပ်ပြီး သူ့ကို ဒဏ်ရာတွေနဲ့ ဝန်မပိစေချင်

ထက်ကောင်း၊ မာနနဲ့နွယ်တဲ့ ငါ့ဒေါသတွေတောင် ဒီဂရီ
ထားရတယ်၊ တကယ်စတေးလိုက်ရတာ သူတစ်ယောက်တ
ကိုး၊ အားလုံးသောသူတွေက အကြောင်းအမျိုးမျိုးနဲ့ လိုချင်
ရအောင်ယူပြီး မလိုချင်တာတွေ ထုတ်နုတ်ပစ်ခဲ့ကြတာလေ၊ ငါ
အပါအဝင်ပေါ့''

ထက်ကောင်းရဲ့ သက်ပြင်းချသံ သဲ့သဲ့ကို ဖုန်းထဲက
တစ်ဆင့် သူကြားရသည်။

''ဒါဆိုလည်း… သတင်းစာထဲကကိစ္စ သူ့မသိ
ဘူးပေါ့''

''အေး…ဖြည်းဖြည်းချင်းတော့ အသိပေးရမယ်''

''မိုက်''

''အင်း…ဟင်''

နှုတ်ခမ်းမဖွင့်ဘဲ သူကထူးတော့ ထက်ကောင်း
ရယ်သံကို သူကြားရပြီး…

''မင်းနဲ့သူ့ရဲ့ အဲဒီ့မှာနေပုံထိုင်ပုံက''

''ခွေးကောင်…မင်း ဘာသိချင်လဲဆိုတာ ငါသိတယ်၊
ပြောမပြဘူး၊ သတ်ချင် အသေလာသတ်''

ထက်ကောင်း မမြင်နိုင်မှန်း သိသိနှင့် သူက မျက်နှာကို
က်ဖဝါးနှင့်ပွတ်ရင်း ပြောသည်။ ဒီတော့မှ ထက်ကောင်းက
ဟားဟား အော်ရယ်ကာ…

''အဲ့ဒီလောက် သိရရင် တော်ပြီ၊ ထင်တော့ ထင်သားပဲ၊
ဖိုးကာသီချင်းထဲကလို တစိမ့်စိမ့်တော့ ထိုင်မကြည့်နိုင်ပါဘူး
ငါသိထားတဲ့ လမိုက်က အစွမ်းအစ မနည်းတဲ့ လက်တွေ
မားလေ''

''ဒါတောင်…တစ်ရက်လောက် ထမင်းမစားနိုင်ဘူး''

သူက ရယ်လျက်ပြောတော့…

''ဘာလဲ…ကြည်နူးခြင်းတွေနဲ့ အရှိန်တက်ပြီး ရင်ခံသွား
လား''

''မဟုတ်ဘူး၊ ပါးရိုက်ခံရလို့''

''ဟား…ဟား…မေနီကျော်က မင်းလက်သွက် ခြေ
က်ရှိတာထက် ပိုတယ်ဆိုတာ ယုံပြီမဟုတ်လား''

''သွက်ရုံတင် မကဘူး၊ ရိုက်ချက်က အပြင်းစား''

''ဒါပေမဲ့…မင်းလိုချင်တာတော့ ရပြီးပြီ မဟုတ်လား''



ဝိုး ဝိုး ၈၁၉၀

"မဟုတ်ဘူး၊ အရိုက်ခံပြီးမှ ရအောင်ယူတာ"

"မင်းက ပြောင်းပြန်ကြီးပါလား၊ အေး...လ...မပြော ပါဘူး၊ မင်းက ရန်ဖြစ်နေတာကို ရင်ခုန်လို့...တမင်ရန်စနေတာ မဟုတ်လား၊ ဘယ့်နှယ့်ရှိစ ကောင်လေး အခုတော့ နေသာထိုင် သာရှိသွားပြီပေါ့ ဟုတ်စ"

သူက ယောင်ယမ်းပြီး ပါးပြင်တစ်ဖက်ကို စမ်းကိုင်ကြည့် မိသည်။ ဒေါသစိတ်ရိုင်းတွေကြားမှာ သူကြမ်းခဲ့ရမ်းခဲ့သမျှ ဒီနေ့ပြန်တွေးကြည့်။ တွေးမိချိန်က ညသန်းခေါင်ယံပဲ ဖြစ်နေ နှုတ်လမ်းမှာ ပြုံးလာပြီး ရင်ခုန်သံတွေ စည်းချက်မြန်လာတာ ချစ်ခြင်းရဲ့ ပီတိတွေပဲလား သူမသိ။ ထိုအဖြစ်အပျက်တွေ ဖြစ်ပြီး သည့်နောက်မှာ သူနှင့်သူမ၊ တစ်ခန်းစီ ခွဲအိပ်ခဲ့သည်။ သူမ ဆိုးသမျှ သူ ခေါင်းငုံ့ခံသည်။ သူမစွပ်စွဲသမျှ သူ...အသံတိတ် နားထောင် ပေးသည်။ ဖြစ်စေချင်တာက သူမအလိုကျ သူ လိုက်လျောခဲ့တာ ကို မြင်စေချင်တာပင်။ အချစ်ရဲ့ သဘောတရားတွေ ဘယ်လောက် နက်ရှိုင်းသလဲဆိုတာ သူ့မခန့်မှန်းနိုင်ပေမဲ့ ချစ်တတ်လာလျှင် ချစ်သူ ဆန္ဒ ဖြည့်ဆည်းပေးချင်သည့်အထဲ သူ ထိပ်ဆုံးက ပါဝင်ခဲ့ပြီ။

"ဝုန်း...ခွမ်း...ခလွမ်း"

ပစ္စည်းတွေ ကျကွဲသံ။ တစ်ခုနှင့်တစ်ခု ထိကပ်ပေါက်





တွေ ကြားရသည့်နောက်...

"သွား...လာမကျွေးနဲ့၊ မစားချင်ဘူး၊ သေချင်သေ စေ...သွား...မစားဘူး"

အော်သံတွေက သုံးထပ်မှ...မိုက်က

"ဒါပဲ ဟောကောင်...ငါနောက်မှ ပြန်ဆပ်မယ်"

ပြောပြီး ဖုန်းပိတ်ကာ လှေကားအတိုင်း အပေါ်ထပ်ဆီ တက်ခဲ့သည်။ လှေကားထောင့်မှာပဲ သူ့မနားအမြဲရှိစေခဲ့သည့် ာင်မလေးက မျက်နှာအပျက်ပျက်နှင့် သူ့ရှေ့ပြေးလာရင်း...

"အစ်ကိုလေး...အထဲမှာ...မမ"

"နင်...သွားတော့"

ကောင်မလေးကို နှင်ထုတ်ရင်း မိုက်...သူမရှိရာ အခန်း မိုက်တို့နှစ်ယောက်ကြားမှာ စတွေ့ကတည်းက အံမဝင် ကျခြင်းတွေက ဇာတ်လမ်းတွဲတွေလို ဆက်ရန်ရှိနေပါသေး း။

• • •

## အခန်း (၂၄)

"မေနီကျော်"

"သွား"

အော်သံနှင့်အတူ အားရှိသ၍ ပစ်ပေါက်သော ခေါင်းအုံး ကြီးက လေမှာဝဲလာသဖြင့် မိုက်က ဆီးဖမ်းထားရသည်။ ပန်းကန် အကွဲအရှတွေ ပြန့်ကျဲနေသော ထမင်းဟင်းတွေကို တိမ်းရှောင်ရင်း သူ လျှောက်လာတော့ သူမက ကြမ်းပြင်မှာ ဒီအတိုင်း ထိုင်ချ ခုတင်ပေါ် မျက်နှာအပ်ငိုနေရာက…

"သွားနော်…နင်…ငါ့အနားမလာနဲ့၊ နင့်ကိုမြင်ရင် ငါ ထုချင် ရိုက်ချင်တယ်၊ အို…ဥပဒေသာ မရှိရင် ငါနင့်ကို သတ် ပစ်တယ်၊ ဒါပေမဲ့ နောက်ဆုံး ငါပဲရှုံးတယ်၊ နင်က ငါ့ဘ





ငါ့အသွေးအသား၊ ငါ့သိက္ခာ"

"တော်ပါတော့ကွာ"

ချော့မော့ကာပြောရင်း ပခုံးကနေ ဆွဲထူမတော့…

"သွား…နင် ငါ့ကိုမထိနဲ့"

ရုန်းထွက်ပေမဲ့ ကျော့်မှာ ခံနိုင်ရည် မရှိခဲ့ပါ။ ဒီရောက်တာ တစ်ပတ်ပြည့်ပြီ။ စိတ်ထောင်းတော့ ကိုယ်ကျေတဲ့။ လူပုံအလယ် ဟီး,ထနေသော မင်္ဂလာပွဲအလယ်မှာ မေမေနှင့်ဖေဖေ့ကို အိမ်မက် မက်တော့ တစ်ညလုံး မအိပ်နိုင်ပဲ မျက်ရည်တွေ ရွှဲရွဲစိုပြီး မိုးလင်း ခဲ့ရသည်။ သင်း မျက်နှာမမြင်ချင်။ သင်း ကျွေးတာမစားချင်၍ အစားမဝင်တော့ လူက ဟန်ချက်မညီနိုင်။ အထိုင်အထတောင် မျက်လုံးထဲ ပြာခနဲဖြစ်သွားပေမဲ့ "သေတာကောင်းတယ်"ဆိုပြီး ပေတောခဲ့သော ဒဏ်တွေကြောင့် ကျော့်မှာ သူ့လက်ထဲက ရုန်း အထွက် လူက ယိုင်ခနဲ ဖြစ်သွားရသည်။

"တွေ့လား…အားနည်းနေတယ်လို့ ကိုယ်ပြောသားပဲ၊ အစားမှမဝင်တာ"

"နင့်အသံ မကြားချင်ဘူး"

ကျော်က နားနှစ်ဖက်ပိတ်ကာ ကျုံးအော်သည်။

"နင်…ငါနဲ့ ဝေးဝေးနေစမ်းပါ"

"မနေနိုင်လို့ ကိုယ် မင်းကို ခိုးလာတာပဲ မေနီကျော်"

"တော်စမ်း…နင် ယုတ်မာသမျှတွေ ဇာတ်ကြောင်းပြန် လှန်မနေနဲ့၊ နင်က သူငယ်ချင်း အချင်းချင်း သစ္စာမရှိတဲ့ကောင်၊ လူကို ဓားပြတိုက်သလို တိုက်ယူတဲ့ကောင်၊ သူများ ပစ္စည်းခိုးထား ပြီး လူမြင်မခံဝံ့တဲ့ကောင်"

"အင်း…မင်းပြောမှပဲ ကိုယ့်ဂုဏ်ပုဒ်တွေ ဒီလောက် များနေမှန်း သိရတော့တယ်"

ရယ်နိုင်သေးတဲ့ သင်းမျက်နှာကို ကျော်က နာကြည်းခြင်း တနင့်တပိုးနှင့် စိုက်ကြည့်ရင်း…

"နင့်ကိုငါက ပြောရုံလောက်ပဲ တတ်နိုင်တဲ့ မိန်းမပါ၊ လက်ပါမိရင်၊ နင်…ပြန်ပေးတဲ့ အပြစ်ဒဏ်က ငါ့ဘဝတစ်ခုလုံး အတွက် အမည်းစက်ဟဲ့၊ သိရဲ့လား၊ နင် အဲ့ဒါကို သိရဲ့လား"

ပြောရင်းက အားမရသလို သူ့ရင်ဘတ်ကို ဆောင့်တွန်း သည်။ ထုပစ် ရိုက်ပစ်တာတွေလဲရှိသည်။ မိုက်က ခေါင်းငုံ့ငြိမ်ခံ ရင်း သူမစိတ်ရှိတိုင်း ပေါက်ကွဲခွင့် ပေးထားပြီးမှ လက်နုနုလေး တွေကို ဖျတ်ခနဲ ဆွဲယူပစ်ကာ…

"မင်း…အရမ်းပင်ပန်းနေပြီ မေနီကျော်"

"အဟွန်း…ပင်ပန်းလို့ အသက်ပါထွက်သွားလဲ အေးတာ





ပဲ၊ လူယုတ်မာလက်ထဲ ရှင်နေရတာထက်စာရင် အသေထွက်တာမှ ကောင်းသေးတယ်"

မိုက်…ဆွဲဖမ်းထားသော လက်တွေကိုရုန်းရင်း မျက်နှာ လွှဲကာပြောပုံလေးကို သူက မျက်တောင်မခတ်စတမ်း ငေးကြည့် နေမိသည်။ ကပိုကရိုကျနေသော ဆံနွယ်တွေကြားထဲက နှာတံ လေးက စင်းကော့ကာ ချွန်ထွက်နေ၏။ မကြာခဏ သွားဖြင့် ဖိကျိတ်ခဲထားရသဖြင့် နှုတ်ခမ်းသားလေးတွေက ရဲရဲနီစွေးလျက်။ အကြိမ်ကြိမ်ငို၍ အခါခါပွတ်တိုက်ဖန်များသဖြင့် ပြောင်တင်းမို့အစ် နေသော ပါးပြင်နှင့် မျက်ခွံဖောင်းဖောင်းလေးတွေ မိုက်က ကြည့် ရင်း…ရင်ထဲအဆာမတန် များပြားတာက ချစ်စနိုးဖြစ်ခြင်းတွေရယ် ပါ။ မိုက်က ဒေါသနှင့်နီရဲတင်းမာနေသော ဘေးတစောင်း မျက် နှာလေးအား ငူးခနဲလေနှင့်မှုတ်တော့ သူမက ဆတ်ခနဲ လှည့်ကြည့် ရင်း…

"လွှတ်စမ်း"

လို့ စူးရှစွာအော်သည်။ မိုက်က မလွှတ်ပဲ လက်နှစ်ဖက် ကိုတင်းနေအောင် ကိုင်ထားကာ ရင်ဘတ်မှာ အပ်ထားတော့ ကျော် သည် ရွံရှာသော ခပ်မဲ့မဲ့အပြုံးနှင့်…

"ဟွန်း…လူကိုကြိုးတုပ်ပြီးမှ ရိုက်တယ်ဆိုတာ အဲ့ဒါ

သူ့ရဲကောင်း မဟုတ်ဘူး၊ သွေးမရှိတဲ့ အောက်တန်းစားတွေရဲ့ အပြုအမူ''

''ပြောပါ…ကြိုက်သလို၊ ကိုယ်က ကြည့်နေခွင့်ရရင် ကျေနပ်တယ်''

''နင်…အဲဒီမှာ လဲသေလိုက်''

ဒေါသတွေဟာ အငွေ့ပျံတိမ်တိုက်တွေလို။ ကျော်က အင်နှင့်အားနှင့် စုဆောင်းပြီး သူနိုင် ကိုယ်နိုင် အပြိုင်ကြိုးကြိုး ရည်ရွယ်ပေမဲ့ အခုနောက်ပိုင်း သူက ငြိမ်းချမ်းရေးတွေနှင့် လမ်းခင်းထားတော့ ကျော့်မှာ ဖန်တီးထားသော ဒေါသထောင်ချောက်ထဲ ကိုယ်ပဲ ပြန်ပိတ်မိကာ ရှုံ့ဖြစ်ခြင်းက ဓာတ်မှောကြီး ဖြစ်သွားတတ်သည်။ သူကတော့ ပြုံးလိုက်သလိုလိုနှင့် ရီဝေနေသည့် မျက်ဝန်းထဲမှာ ရယ်မြူးရိပ်တွေ စွတ်လျက်…

''ကိုယ်…သေရင် မင်းနဲ့ ရန်ဖြစ်ဖော် မရှိတာနဲ့ဘဲ မင်း ပျင်းသွားမှာစိုးလို့''

ခပ်ဖွဖွဖြစ်သွားသော သူ့လက်အစုံထဲက ကျော်က ကိုယ့်လက်တွေကို ရုန်းထွက်ရင်း…

''ငါ့ကို…ငါ့မိဘနဲ့ တွေ့ခွင့်ပေးပါ''

''ဘာအတွက်လဲ''





''ငါ့ကြောင့် ထိခိုက်သွားတဲ့ ငါ့မိဘကို ငါတောင်းပန် ရမယ်၊ နင့်မှာ…ဒီလောက် အတွေးအခေါ်တောင် မရှိဘူးလား၊ အေးလေ ဘယ်ရှိမလဲ''

ကျော်က ချက်ချင်း ငိုဘက်လှည့်ရပ်ကာ လက်ပိုက်ရင်း သူ့ကို ထက်အောက်စုန်ဆန် မျက်တောင်ဖျားလေး ရွှေ့ရုံကြည့်သည်။ ပြီးမှ မေးဖျားကိုပင့်ရင်း ဟွန့်ခနဲ မှုံ့ပြီးမှ…

''နင်…ဒါတွေကို ကိုယ်ချင်း ဘယ်စာတတ်မလဲ၊ နင်က မိဘရင်ငွေ့နဲ့ ကြီးပြင်းခဲ့ရတဲ့သူမှ မဟုတ်တာ၊ အဲ့ဒါကြောင့် လူရမ်းကား ဖြစ်နေတာ မဆန်းပါဘူး''

ပီကေကို ကြိတ်ဝါးတာလား။ အံကြိတ်ပစ်လိုက်တာလား။ မသေချာပေမဲ့ မေးရိုးတွေ ကားခနဲ ကားထွက်လာတာကို တွေ့လိုက်ရသဖြင့် ကျော့်ရင်ထဲ အပျော်လှိုင်းက ဖျတ်ခနဲ စီးဆင်းသည်။ ခံစားကြည့်လိုက်စမ်း…နင့်ကြောင့် အကျဉ်းကျနေတဲ့ ငါ့အတွက် ဒီလောက်တော့ ပြန်ရသင့်တယ် မဟုတ်လား။ ကျော်က မဲ့မဲ့လေး ပြုံးပြီး စိုက်ကြည့်နေသည်။ သူက ဂျင်းဘောင်းဘီထဲ လက်ဖျား တွေကို သွင်းတယ်ဆိုရုံ ထိုးသွင်းကာ ခြေဦးထိပ်တွေဆီ အကြောင်း မဲ့ ငုံ့ကြည့်နေတာ အကြာကြီး…ပြီးမှ ခေါင်းပြန်မော့လာတော့ ခံစားရသမျှ အရောင်တွေက ရေနှင့်ဆေးချလိုက်သလို မျက်နှာက

ပကာတိ ကြည်လင်နေလျက်က…

"မပြောသေးဘူးလို့ ဆုံးဖြတ်ထားတာပဲ၊ ဒါပေမဲ့ လျှို့ဝှက်ထားတာထက်စာရင် အသိပေးလိုက်တာက မင်း…ခံစားရသမျှ သက်သာသွားမယ်လို့"

"ဘာကိုလဲ"

"လေးလေး"

အခန်းပေါက်ဝသို့ သူခေါင်းငုံ့ခေါ်တော့ သူ့ရဲ့အခြေအနေတွေက တစ်ယောက်မဟုတ် တစ်ယောက်ပေါ်လာစမြဲ။

"လေးလေး…ဘာလုပ်ပေးရမလဲ လူလေး"

"တစ်နေ့ကထုတ်တဲ့သတင်းစာ ယူခဲ့ပေးပါ"

ခေါင်းညိတ်ထွက်သွားသည့် လူကြီးကျောပြင်ကို ကျော်ကငေးရင်းက ရင်ထဲစိုးတထိတ်ထိတ် ဖြစ်လာခဲ့သည်။ သတင်းစာ။ ထိုသတင်းထဲမှာ ဘာတွေပါမလဲ။ ကျော် ခံစားရတာတွေ သက်သာသွားအောင်တဲ့။ ထိုသတင်းစာက တကယ်ပဲ သက်သာရာရစေမှာလား အတွေးတွေနှင့် ကျော့်ခေါင်းတွေ ချာချာလည်အောင် မူးလာသည်။ ရင်ခုန်နှုန်းက မြန်ရာမှနှေးကျသွားတာကနှလုံးသားသည် အသက်မရှိတော့တဲ့အတိုင်း…

"လူလေး…ဒီမှာ"





နောက်က လှမ်းပေးတဲ့ သတင်းစာက သူ့လက်ထဲမရောက်ခင် ကျော်က ဖျတ်ခနဲဆွဲယူသည်။ စိတ်စောစွာ တစ်ရွက်ပြီးတစ်ရွက် လှန်လှောပစ်သည့် စာမျက်နှာတို့၏ နောက်ဆုံး၌ကြီးမားထင်ရှားသော စာလုံးအမည်းကြီးတွေနှင့် ခေါင်းစည်းသတင်း။

သမီးအဖြစ်မှ…အမွေပြတ်စွန့်လွှတ်ခြင်း။

ကျွန်တော်…ကျွန်မတို့၏ သမီး မေနီကျော် မှတ်ပုံတင်အမှတ်…ကိုင်ဆောင်သူသည်…

ဦးသွင်အောင်…ဒေါ်ခင်မာ…

ဆက်သွယ်မေးမြန်းခြင်း သည်းခံပါရန်…

လူကတောင့်တောင့်ကြီး ဖြစ်နေရာမှ ခေါက်ခနဲပြိုလဲတော့မိုက်က အသာအယာ ဖမ်းပွေ့ထားပေးသည်။ သူ့ရင်ခွင်ထဲမှာဒီတစ်ကြိမ်တော့ ရုန်းကန်ခြင်း မရှိပဲ ငြိမ်ငြိမ်လေး မှီရပ်နေပုံကသနားစဖွယ်။ အကြည့်က သတင်းစာမှ ရွေ့ပြောင်းခြင်းမရှိ။ မျက်တောင်တွေ တဖျပ်ဖျပ်ခတ်ပြီး မျက်ရည်ကျချင်တာတွေ ထိန်းသည်။ မျက်ရည်က ထိန်းချုပ်အားကောင်းသဖြင့် မကျလာပေမဲ့နှာတံထိပ်ဖျားတွေ နီရဲလာသည်။ မျက်ခမ်းစပ်လေးတွေ အပြိုင်အဆိုင် အရောင်ရင့်လာသည်။

"မေနီကျော်"

သူက သတိပေးသလို ပခုံးစွန်းလေးအား လှုပ်ကိုင်ရင်းခေါ်သည်။ မထူးပေမဲ့ မျက်ရည်စီးကြောင်းတို့က ပါးပြင်တစ်ဖက်စီမှာ ချောင်းရေလျှံသလို တသွဲ့သွဲ့ ဖြာဆင်းရင်း တိုးသဲ့သောရှိုက်သံက သူ့နှလုံးသားကို ဖျစ်ညှစ်ဆုပ်ခါလိုက်သည့်နှယ် တသိမ့်သိမ့် တုန်ခါစွာ ငိုကြွေးနေသော သူမလေးအား မိုက်က ပွေ့ဖက်ထားရင်း…

"အားလုံး ကိုယ့်အပြစ်တွေပါ၊ ကိုယ့်အပြစ်တွေကိုလက်ခံပေးပါလို့ မပြောချင်ဘူး၊ မင်းအတွက် ခံယဉ်းမှာကို ကိုယ်သိလို့ပါ၊ ဒါပေမဲ့ ကိုယ်က ချစ်လွန်းတော့ ရိုင်းသွားတာကိုမင်းခွင့်လွှတ်ပေးမယ်ဆိုရင်"

ဝင့်ခနဲတက်လာသော မျက်ရည်အိုင်သည့် အကြည့်ထဲမှာ ဒေါသအဆိပ်သင့်သည့် မီးတောက်တွေ သူတွေ့နေရသည်။ မိုက်က သက်ပြင်းရှိုက်ရင်း စကားဆက်ဖို့ ကြိုးစားပေမဲ့ ကျော်က သူ့ရင်ခွင်ထဲမှာ ရုန်းထွက်ကာ ခပ်စိမ်းစိမ်းကြည့်သည့် အကြည့်တွေကမားသွားလို ထက်ရှစွာ အရောင်တောက်နေသည်။ ကျော်က အားရအောင် စိုက်ကြည့်ပြီးမှ…

"ငြိမ်းချမ်းရေးတွေ နင် မျှော်လင့်နေရင်တော့ ဆောင်





လမိုက်၊ နင်ညစ်ရင် ငါယုတ်ဖို့ ဝန်မလေးဘူး၊ စိတ်ချ… ကြောင့် တစ်ရက်ငိုရရင် ငါ့ကြောင့် နင်တစ်သက်လုံး ငိုရအောင် ပြန်လုပ်မှာ၊ ငါ့အတွက်တော့ အဲ့ဒါအဓိဋ္ဌာန်၊ နင့်အတွက်တော့"

ကျော် နှုတ်ခမ်းတွေက သံမှုန်သံစတွေ လွင့်တက်လာသော အပြုံးအေးစက်စက်နှင့်…

"ငါ့…ကျိန်စာပဲ"

မပြေသော မကျေသော ခံစားချက်တွေကို ကျော်က ဝယ်ပိုက်ရင်း ရှေ့ဆက်မဲ့ မနက်ဖြန်သည် သူနှင့်ဆန့်ကျင်ရာ ချပ်ဆီသာ ဖြစ်ရမည်။

* * *

## အခန်း (၂၅)

"မမ…ဘာ…ဘာဖြစ်လို့လဲ"

မိချိုက ကော်ဖီဖျော်ပေးနေရာမှ အလန့်တကြား ထ သည်။ ကျော် ဘာမှပြန်မဖြေနိုင်။ ပါးစပ်ကို လက်နှင့်အု ကျော်ပြေးတာ ဘေစင်ဆီ…

"အွေ…ဝေ့…ဝေ့"

စားပြီးသမျှအစာတွေ ကုန်အောင်အန်ထုတ်ပစ်သော် ကျော့်အတွက် ပေါ့ပါးသွားတယ်ဆိုတာ မရှိဘဲ လေတွေ တဝေ့ နှင့်ဆက်အန်နေသေးသည်။ မိချိုက နောက်နားဆီမှ ကျောပြ လာနှိပ်ပေးရင်း…





"ဖြစ်ရဲ့လား မမလေး၊ မိချို…အစ်ကိုလေးကို သွားခေါ် ရမလားဟင်"

ကျော်က လက်ကာပြပြီး ဘေစင်မှာ လက်ထောက်ကာ ယူရင်း ရပ်သည်။ ခါးကိုမတ်ပြီး အသက်ဝဝပြန်ရှူရင်း သတိ မိတာက ရင်ဘတ်ထဲမှာ မအီမလည် ဖြစ်နေခြင်းပင်။

"မမလေး…ဒီမှာ…ပလုပ်ကျင်းဖို့"

မိချို ကမ်းပေးလာသော ရေနှင့်ပလုပ်ကျင်းရင်း နေမ ာင်းဖြစ်ချင်လို့လားလို့ ကိုယ့်ကိုယ်ကို ဆန်းစစ်သည်။ ဒီအိမ် က်ခါစ တစ်ပတ်အတွင်းကတော့ ဒင်းကို စိတ်ဆိုးတာတစ်ပိုင်း၊ ားမစားဘဲ အစာငတ်ခံခဲ့ဖူးသည်။ ဝမ်းနည်းစိတ် သွေးပူနေခဲ ဒေါသစိတ်တို့ကလဲ အစားမစားချင်အောင် လှုကိုတွန်းပို့ထား လို။ သို့ပေမဲ့ သတင်းစာထဲက အမွေပြတ်ကြော်ငြာကို တွေ့သည့် ချိန်မှာ ကျော့်စိတ်က တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။ နေ…ကျော်သာ အကြောင်းအမျိုးမျိုးကြောင့် လူ့ဘဝကြီးကို ခွာရလျှင်…ဒင်း ညစ်စုတ်သမျှ ဖော်ထုတ်ခွင့် မရသောသူ သွားမည်။ ကျော်ကသူနှင့် အလိုတူ အလိုပါ ပေါင်းကြံသူလို ဝင်တွင်သွားပေလိမ့်မည်။ ထိုအဖြစ်မျိုး ကျော် လက်သင့်မခံ ။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကျော် သူ့လက်ထဲမှ လွတ်မြောက်

ရမည်။ အဖြစ်မှန်ကို ကျော် အသိုင်းအဝိုင်းသိအောင် ရှင်း
ဖန်တီးရမည်။ ထိုမျှော်လင့်ချက်ကြောင့် ကျော် ရှင်သန်ခြ
အစီပွါယ် ပြည့်ဝလာပြီ။ သူ့အရိပ်အောက်တွင်နေပေမဲ့ ကျော်
သူနှင့်မဆုံချင်သောစိတ်က ရှိတာမို့…

"မိချို…ငါ…ထမင်းစားမယ်"

"ဟုတ်…မမလေး၊ မိချို ပြင်ပေးမယ်လေ"

သူဘယ်လောက် ပုံစံသွင်းထားလဲမသိ။ မိချိုက
အမိန့်ဆို ပြာနေသည်။

"နေဦး…ငါပြောတာ မဆုံးသေးဘူး၊ ထမင်းစား
ထမင်းစားခန်းထဲမှာ နင်ကလွဲပြီး တခြားလူတွေရဲ့ မျက်နှာ
မမြင်ချင်ဘူး"

ဒီတစ်ခါတော့ မိချိုက "ဟုတ်"ဟု မပြောရဲဘဲ
၌ ထိုင်နေသော သူ့အား အလစ်ခိုးကြည့်သည်။ ကျော်က
တမင်ကြားအောင် ပြောတာပင်။ ပြောပြီးတော့လည်း အ
သူဘယ်လိုတုံ့ပြန်မလဲဆိုတာ သိချင်၍ စောင့်ကြည့်နေတာ
လမိုက်က ဖွေမယူသော အပြုံးမျိုးနှင့် သဲ့သဲ့ပြုံးကာ ခြံထဲဆင်း
ကြားထဲက မိချို သက်ပြင်းချနိုင်တာမျိုး။ ထမင်းစားချိန်က
ကျော်က ဒီအိမ်ကြီးရဲ့ အပေါ်ဆုံးထပ်ကနေ ဘယ်မှသွားလေ







ကြည့်သည်။ လစဉ်ထုတ်မဂ္ဂဇင်းတွေ မိချိုက သယ်လာပေး
ကျော် ဖတ်ရသည်။ ပျင်း၍ တစ်ခါ ခြံထဲဆင်းလျှောက်မိပါ
။ တဝေါဝေါနှင့် ပြေးလွှားလာသည့် ခွေးကြီးနှစ်ကောင်
ကြောင့် ကျော့်မှာ သွေးပျက်မတတ် လန့်ဖူးသည်။

"ဘလက်ကီ…ဟေ့…ဟေ့…စနိုး…ရပ်စမ်း"

မာန်ပါသော သူ့အော်သံနှင့် ကြာပွတ်သံ ရွှမ်းခနဲ ကြားရ
အခါ ခွေးကြီးတွေက ရောက်သည့်နေရာမှ ခြေစုံရပ်သည်။
ကောင် လျှာကြီးတွဲလောင်း သွားတွေအဖြီသားနှင့် ကျော့်ကို
ကြည့်နေတာများ သူ့မှာ အသက်တောင် ရဲရဲမရှူဝံ့တဲ့အဖြစ်။

"ဟေ့…မှတ်ထားကြနော်…အဲဒါ မင်းတို့ သခင်မ၊
မလုပ်ရဘူး၊ စောင့်ရှောက်ရမယ်…ကြားလား"

သူကပြောရင်း ကျော့်အနား လျှောက်လာကာ

"မင်းလက်…ခဏပေး"

"ဘာလုပ်ဖို့လဲ"

လန့်တာရော။ ကြောက်စိတ်မပြယ်သေးတာရောနှင့်
ငေါက်ငေါက်မေးရပေမဲ့ ကျော့်အသံ အဖျားခတ်မှာ တုန်ယင်
ကို သူကတော့ နှုတ်ခမ်းဖျားလေး ကွေးညွှတ်ပြီး ကျော့်ကို
သိမ့်ပေးသလို ပြုံးပြကာ…

"မိတ်ဆက်ပေးထားမလို့လေ၊ မင်းအနံ့ကို သူတို့မှ
အောင်"

"အို…မလိုပါဘူး၊ ငါက လူလူချင်း မိတ်ဆက်
ခံဖူးတယ်၊ ခွေးနဲ့မိတ်ဆက်ရအောင် ဇာတ်တူသားချင်းမှ မဟုတ်
တာ"

"မင်း…မသိသေးလို့ပါ၊ ခွေးတွေသိပ်သစ္စာရှိတာ
ကျော်ရဲ့"

"ဟာ…ဟ…နင့်ထက်ပို စိတ်ချရတယ်လို့ ပြောချင်
လား"

ကြောက်စိတ်ပြေသွားပြီဖြစ်သည့် ကျော်က တမင်တ
ခနဲ့ပစ်တော့ သူ့မျက်နှာက မှိုင်းခနဲ ဖြစ်သွားသည်။ ဒီလောက်
ကျော့်မှာ ပြောပိုင်ခွင့် ရှိဦးမှပေါ့လို့တွေးရင်း…

"နင်ပဲ…သူတို့ကို သရာတင်ပြီး သစ္စာရှိနည်းတွေ
ပူးလိုက်ဦး၊ ငါကတော့ နင်နဲ့ပတ်သက်သမျှ ကျောခိုင်းဖို့ စိတ်
ထားပြီးသား"

အချေအတင်ကြီး ဖြစ်ခဲ့ကြတာ မဟုတ်ပေမဲ့ ထိုအ
အပျက်မှာ ကျော် ထိုးနက်ချက်က အရှိုက်ကို ထိသွားဟန်တူသ
အခါတိုင်းလို…ကျော် ထမင်းစားတိုင်း ထမင်းစားအခန်းဝမှာ





ယောင် လာပြတာမျိုး မတွေ့ရတော့ ကျော်…အိပ် မအိပ်
ခန်းတံခါးဖွင့်ကာ လာချောင်းပြီး ကျော်က…

"ဘာလာလုပ်တာလဲ"

ဝိတ်ယောက်လျှင် လည်ပင်းပွတ်လိုက်၊ ခေါင်းကုတ်လိုက်
နှင့်…

"မင်းလူ…စာအုပ်လာရှာတာ…မင်းအခန်းထဲများ
ရောက်နေသလားလို့"

မေးလျှင်…ကျော်က တမင်ညစ်ကျယ်ကျယ်ရှပ်ဖမ်း
ကာ…

"နင့်ပစ္စည်းပျောက်တိုင်း ငါ့အခန်းထဲ ရောက်နေလိမ့်မယ်
လို့ တထစ်ချ…တွက်ထားသလား၊ အကြောင်းတွေလာရှာမနေနဲ့၊
လာလမ်းအတိုင်း ပြန်ကြွ၊ ဘာ…မင်းလူမှ မရှိဘူး"

ခပ်တည်တည်နှင့် ဖြီးဖြန်းရတာရှိသည်။ တကယ်တော့
သူရှာသော စာအုပ်က ကျော့်ခေါင်းအုံးအောက်မှာ။ ခွေးနှင့်သစ္စာ
ရှိကြောင်း ကိစ္စတွေ အပြီးမှာ သူနှင့်ကျော် ဆက်ဆံရေးက အိုစမာ
ဘင်လာဒင်နှင့် အိုဘားမားထက်ပင် ပြင်းထန်သေးသည်။ ခပ်အေး
အေး စိမ်းစိမ်းကားကား ဖြစ်သွားချိန်မှာ တစ်အိမ်လုံးတွင် သူ့အရိပ်
ကို တစ်နေကုန်တောင် မတွေ့နိုင်တဲ့ အဖြစ်။

"ရရဲ့လားဟင်…မမလေး၊ အဆင်ပြေရဲ့လား ရေသောက်မလား၊ ဟို…အစ်ကိုလေးကိုပဲ"

မေးခွန်းတွေ တရစပ်မေးလာသည့် မိချိုကြောင့် ကျော်က စိတ်ပျက်ခြင်း အတိတ်ထဲမှ ရုန်းထွက်ရင်း…

"ရပြီ…မခေါ်နဲ့တော့"

ဘေစင်ကို ကျောခိုင်း၍ ဒီဘက်ပြန်အလှည့်။ မိုက်ခနဲ ဖြစ်သွားကာ မျက်လုံးတွေ ပြာဝေသွားပြီးနောက် အသိနှင့်သတိ နှစ်ခုစလုံးက သူမခန္ဓာကိုယ်မှ ပြေးထွက်သွားသောအခါ…

◆ ◆ ◆

ဝိုး:ဝိုး:ဝ၇၆ပ

## အခန်း (၂၆)

"ကိုယ်ဝန်ရှိခါစတဲ့…လေးပတ်ထဲမှာလို့ ဆရာဝန်က ပြောတာ၊ ဟား…ဟား…သူက လက်လေးချောင်းထောင်ပြတာ ကို ကိုယ်က လေးမွှာပူး ထင်နေသေးတာ"

သူ့ဟာသူ ပြော သူ့ဟာသူရယ်နှင့် ဘီလူးမြူးနေသည့် အတိုင်းရှိသော လမိုက်ကို ကျော်က နာကြည်းစွာ မျက်နှာကို တစ်ဖက်လွှဲထားသည်။ ဝမ်းနည်းခြင်း၊ ခံပြင်းခြင်းတွေကြောင့် မျက်ဝန်းထောင့်စွန်းမှ ကျလာသော မျက်ရည်များသည် နားထင် စပ်ဘေးဆီမှ ဆံစတွေကြား လူးလွန့်တိုးဝင်သွား၏။ ကံကြမ္မာက ကျော့်အပေါ် တစ်စက်ကလေးမှ မျက်နှာသာ မပေးတော့ဘူးလား။ မပတ်သက်ချင်သော သူနှင့်မှ ချည်နှောင်ရန် ကြိုးကအသင့်။ အို

ဝိုး:ဝိုး:ဝ၇၆ပ

ဟင့်အင်း…ဒီလိုအဖြစ်မခံနိုင်ဘူး၊ ကျော် သူ့ကို ဒီတစ်ကြိမ်တော့ ဘဝမှာ တစ်ခါပဲဖြစ်ဖြစ် အနိုင်ရချင်သည်။

"ကဲ…အမိ…ကိုယ်ဝန်ရှိတယ်နော်၊ ကိုယ့်ဗိုက်ထဲမှာ တခြားကလေးလေးရဲ့ အသက်လေး ရောက်နေတာ၊ ကိုယ့်အသက်ကို ကာကွယ်သလိုမျိုး သူ့ကိုလည်း စောင့်ရှောက်ရမယ်၊ သူက ကိုယ်နဲ့ မင်းရဲ့ ရင်သွေး"

"မဟုတ်ဘူး"

ကျော်ကအော်ရင်း ဝုန်းခနဲ ထထိုင်တော့ ဗိုက်မှာ လန့်ဖျပ်သွားပြီး

"ဟာ…ဟော့…အဲ့ဒီလောက်အထိ ပြင်းပြင်းထန်ထန် မလှုပ်ရှားနဲ့လေ"

ချက်ချင်းပဲ လူကိုပွေ့ပိုက်တော့မတတ် ဖြစ်သွားသည့် သူ့လက်တွေကို ကျော်က ပုတ်ချရင်း…

"ဖယ်စမ်း…နင်…ငါ့အသားကို မထိနဲ့"

"မေနီကျော်ကလဲကွာ၊ အထဲက ကိုယ်တို့ကလေးလေး"

"မပြောနဲ့…အဲဒါ ကလေးမဟုတ်ဘူး၊ နင်နဲ့ငါရဲ့ကလေး မဟုတ်ဘူး"

"မေနီကျော်"





သူက အလန့်တကြား ခေါ်လိုက်သည့် အသံထဲ ဆက်မပြောပါနဲ့လို့ တားမြစ်ချင်တာလဲပါသည်။ သူမ ပြောရဲသလောက် သူ မကြားရဲတာလည်းပါသည်။ ကျော်ကတော့ သူ့မျက်နှာထက်က ချောက်ချားတုန်လှုပ်သွားခဲ့ခြင်းများကို အရသာခံကာ တစိမ့်စိမ့်ကြည့်ရင်း…

"နင်…ယုတ်မာထားသမျှကို ရှင်သန်အောင် ပြုစုပျိုးထောင် ပေးရတဲ့အထိ ငါ မရူးဘူး လမိုက်"

"မဟုတ်ဘူး မေနီကျော်၊ ကိုယ်က မင်းကို"

"မပြောပါနဲ့…ချစ်လို့ ကြိုက်လို့ဆိုတဲ့ စကားကို လျှာဖျားပေါ် အလွယ်တကူတင်လို့ရတိုင်း မပြောပါနဲ့၊ ချစ်တာတွေ မေတ္တာတွေကို နင်က အချိန်ရှိတိုင်း ရွတ်နေရအောင် အဲ့ဒီ အချစ်ရဲ့တန်ဖိုးကို နင် သိလို့လား…နင်…မသိခဲ့လို့ မိန်းမတစ်ယောက်ကို အကြံအစည်ကြီးကြီးနဲ့ အလိုမတူဘဲ ပေါင်းသင်းခဲ့တာပေါ့"

"တော်တော့…မေနီကျော်၊ ကိုယ်တို့ ဒီအကြောင်းတွေ ဆက်မဆွေးနွေးတာ ကောင်းမယ်၊ အခုချိန်မှာ ကိုယ်တို့ကလေးရဲ့ အနာဂတ်အတွက်"

"အဲ့ဒါ…ကလေးမဟုတ်ဘူး၊ နင်…ငါ့အပေါ် ကြာခိုခြင်းရဲ့ သက်သေ"

"မင်း…တော်သင့်ပြီ…မေနီကျော်၊ ငါ…မင်းမသိအောင် ခိုးယူခဲ့တယ် ဆိုပေမဲ့ မင်းပြောသလောက် ငါမယုတ်မာခဲ့တာ အမှန်ပဲ၊ ချစ်တဲ့စိတ်ရဲ့နောက်မှာ မာနကြောင့် အားလုံးမှားသွားခဲ့တာလေ"

"နင်က မှားပါပြီလို့ ပြောပေမဲ့ အခုက ကော်ရက်ရှင်နဲ့ ပြန်ဖျက်လို့ရအောင် မလွယ်ဘူးဟ"

မေနီကျော့် မျက်နှာက အေးစက်စက် ဖြစ်သွားပေမဲ့ နှုတ်ခမ်းတွေကတော့ ပြုံးနေဆဲ။

"ငါ့မိဘ…ငါ့ဂုဏ်သိက္ခာ၊ ပြီးတော့ ငါ့အနာဂတ်တွေ အားလုံး နင်ဖျက်ဆီးပစ်တဲ့အတွက် တန်ရာတန်ကြေးတော့ နင်ပေးရမှာပေါ့၊ ငါက နင့်ကို သိပ်မုန်းတယ်လေ၊ အဲ့ဒါ နင်သိလား"

မွေ့ယာကို လက်ထောက်ရင်း သူ…ဒီအတိုင်း ထိုင်ကြည့်နေခဲ့တာ သူပြောသမျှ နားဝင်ချိုလို့ မဟုတ်ပါ။ အမုန်းစကားတွေနှင့် ပစ်ပေါက်ခံရသည့် ရင်ဘတ်က ကြည့်တတ်မယ်ဆို ဒဏ်ရာဗရပွနှင့်။ သို့ပေမဲ့ ထိုအကြောင်းအရာတွေဖန်လာရန် အဖြစ်တို့ ရှိခဲ့ပြီဆိုတော့ ကျော်ကတော့ အိပ်ရာပေါ် ခပ်လျှောလျှော ထိုင်နေတာကို နေရာပြင်ရင်းက…

"သိပ်မုန်းတဲ့ အရာတွေကို ဖက်တွယ်ထားတဲ့သူဆိုတာ





ဒီနေ့အထိ ငါ…မမြင်ဖူးသေးဘူး၊ မတော်တဆ လက်ထဲရောက်လာရင်တောင် ဘယ်သူက ဆုပ်ကိုင်ထားမှာတဲ့လဲ၊ ပစ်ချလိုက်မှာပဲ၊ ကိုယ်က…သိပ်မုန်းနေတာကိုး"

"မင်း"

ဝုန်းခနဲထရပ်ပြီး ပြောချင်သော စကားတို့ ရှိပေမဲ့ အပြင်သို့ ထွက်ကျမလာခဲ့။ ပစ်ချလိုက်မှာပဲ…ဆိုသော စကားဟာဘာကို ရည်ညွှန်းမှန်း သူ သိနေခဲ့သည်။ ကျော်သည် သူ သွေးရူးသွေးတန်း ဖြစ်နေခြင်းကို အားရအောင် စိုက်ကြည့်ရင်း…

"အဟက်··ဟက်…ဟက်၊ သိပ်ရယ်ရတာပဲ သိလားလမိုက်၊ လက်ဖျစ်တခတ်အတွင်းမှာပဲ နင့်အနာဂတ်တွေ ပျက်စီးသွားနိုင်တယ်ဆိုတာ ဘယ်တော့မှ မမေ့နဲ့"

တဲ့…။ မိုက်…သူမအနားမှ ချာခနဲ လှည့်ထွက်ခဲ့သည်။ အရင်ကစိတ်မျိုးအတိုင်းဆို မျက်စိရှေ့မြင်ရာက သူ့ဒေါသရဲ့ စားစာခံ ဖြစ်သွားမှာ သေချာပေမဲ့ အခုတော့ သူ့ဒေါသတွေအား သူ့ရင်သွေးဆိုသည့် အသိစိတ်က စိတ်ဆင်ရိုင်းကို ထူးခတ်ထားနိုင်ခဲ့လို။ ဒါတောင် သူမရယ်သံက သူ့နောက်ကျောထံ ခုန်ပေါက်ရောက်ရှိလာကာ…

"မမေ့နဲ့နော် လမိုက်၊ နင့်ကို ငါ…သိပ်မုန်းတယ်ဆို

တာ" တဲ့။ သိပ်ချစ်ဖူးလျှင်…မုန်းသွားတတ်သည်တဲ့။ သူကြားဖူးသည်။ ဒါဆို…သိပ်မုန်းလျှင် ချစ်သွားတတ်ပါသလား။ ဒါတော့ မသေချာမရေရာနှင့်ပင်…

◆ ◆ ◆

နိုး : နိုး : ၈၁၈၀

## အခန်း (၂၇)

"ဟာ…ငရုတ်သီး မထည့်ပါဘူးလို့ နင့်ကို ဘယ်နှစ်ခါ ပြောရမလဲ၊ ဂျင်းလည်း အများကြီး မထောင်းနဲ့၊ အေး…အဲ့ဒီလောက် ဆိုရပြီ၊ အရောင်လှအောင် ပဲငံပြာရည်နဲ့နယ်…ဟဲ့ အများကြီး မဟုတ်ဘူးနော်…နည်းနည်းပဲ"

မိုက်က မိချိုလုပ်သမျှ ခါးထောက် ညွှန်ကြားရင်းက ဖုန်းကို လက်တစ်ဖက်က ကိုင်ထားကာ…

"ပြောလေ…မင်းက ဖုန်းခေါ်ပြီးတော့ တေမိလုပ်နေတာလား၊ ကြိုးစားမနေနဲ့၊ မင်းကို ဘယ်သူမှ အထင်မကြီးဘူး"

"စေတနာကို မစော်ကားစမ်းပါနဲ့၊ မင်း…ဟင်းချက်နေမှန်းသိလို့ အာရုံများမှာစိုးပြီး ငါ တစ်ခွန်းမှ ဝင်မပြောတာ"

နိုး : နိုး : ၈၁၈၀

"အမှန်တော့မဟုတ်ဘူး မိုက်၊ ဒီကောင် မင်း ဟင်းချက်နည်း အတုခိုးနေတာ၊ ခက်တာက မင်းက ဘာဟင်းဆိုတာ မပြောပဲ…ဂျင်းနဲ့ပဲငံပြာရည်ပဲပါတော့ အဟီး ဒီကောင်က အဲ့ဒီနှစ်ခုရောပြီး ပြုတ်သောက်နေမှ မိန်းကလေးတွေသောက်တဲ့ ဆေးဖြစ်သွားဦးမယ်"

"ဘာဆေးလဲ"

"ဒူလာဆေး"

"လဒ…မင်းပဲသောက်"

ဖုန်းထဲက ဆဲဆိုသံတွေရော၊ ရယ်သံတွေရောနှင့် ဆူညံလျက်ရှိသည်။ ဖုန်းခေါ်တော့ သူ့ထံကိုနှစ်ယောက်က ခေါ်ပြီး ပြောတော့ စပီကာကြီးဖွင့်ကာ သူတို့ဟာ သူတို့ပြောနေသော အဖြစ်ကြောင့် မိုက်က ရယ်လဲရယ်ချင်။ အရင်တုံးက တနင်္ဂနွေနေ့တိုင်း ဆုံကြကာ ဗရုတ်ကျတဲ့ အဖြစ်ကို ပြန်မြင်ယောင်ကာ ပြုံးနေမိနေဖြစ်လာရသည်။

"ဒီလောက် အင်တာနက်တွေ ထွန်းကားနေတဲ့ ခေတ်ကြီးမှာ ငါတို့က ဖုန်းပြောနေရတာ ဒိတ်အောက်သလိုပဲ၊ ချက်တင်ဝင်မယ် ဟေ့ကောင်"

ဟု…ထက်ကောင်းက သူ့ဟာသူ အဆိုပြုပြီး အွန်လိုင်း





ါ ရောက်တဲ့အခါရောက်။ မရှိတဲ့အခါ မရှိနှင့် နှစ်ယောက်ကတွဲမညီ။

"ငါက အလုပ်တစ်ဖက်နဲ့ကွ၊ မင်းလို ဗိုက်ကြီးသည်န်းသိမ်းစောင့်ရှောက်ရေး တစ်ခုတည်း လုပ်ရတာ မဟုတ်ဘူး"

သူ့ဟာသူ အချိန်မမှန်တာကို မိုက်ထံ အပြစ်လွှဲချတာမျိုး…။

"အေးပါ…ငါကတော့ တရားဝင်ထိန်းသိမ်းစောင့်ရှောက်နှင့် မင်းကတော့ တရားမဝင်သေးတော့ လက်ကလေးကိုင်ရ၊ းကလေးနမ်းရုံနဲ့ပဲ ကျေနပ်နေရတဲ့ မှောင်ခိုကောင်"

"ဘာဆိုင်လို့လဲ…ငါနဲ့မှောင်ခိုက"

သူ့ကိုပြောတော့ ကက်ကက်လန် ရန်ပြန်တွေ့တတ်သည်။

"ဆိုင်, မဆိုင် မသိဘူး၊ တရားမဝင်ရင်တော့ မှောင်ခိုပဲ"

ရောက်တတ်ရာရာ အဲ့ဒီလို စကားတွေပြောရန် ဖုန်းကပဲ အာတွေ့လေရာ။

"မထူးပါဘူးကွာ၊ နိုင်ငံဘဏ္ဍာတိုးတက်အောင် မြန်မာက်သွယ်ရေးပဲ သုံးကြတာပေါ့"

ဆိုပြီး ဖုန်းပြောခြင်းကိုပဲ ရွေးချယ်ခဲ့ကြသည်။မိုက်နှင့်က်ကောင်းကတော့ မကြာ မကြာ ပြောဖြစ်ပေမဲ့ ချမ်းနှင့် မြန်တွေ့တာ ဒါ…ပထမဆုံး။

"ငါနဲ့နှာ…လက်မှတ်ထိုးပြီး အပေါင်းအသင်းတွေ အတွက်…ဒင်နာပဲ ပေးလိုက်တာကွ၊ အဲ့ဒီထဲ မင်းမပါတော့ ငါ… တကယ် စိတ်မကောင်းဘူး"

"အေး…အဲ့ဒါတော့ ဂရုစိုက်ကွ၊ စိတ်မကောင်းတာ အရေးကြီးတယ်၊ ထက်ကောင်း ဒီကောင်ကို စိတ်ကျန်းမာရေး စစ်ဆေးဖို့ ရှာသာကြီး ပို့ပေးလိုက်"

ထက်ကောင်းထံမှ တခွီခွီးရယ်သံ ကြားရသည်။ ချမ်းက

"သူတောင်းစား"

ပျစ်ပျစ်နှစ်နှစ်ဆဲရင်း…

"ငါကတော့ စေတနာနဲ့မင်းတို့ အဆင်မပြေရင် ကြားဝင် ပြီး ရှင်းပြပေးမလို့"

"ကြားလူမလိုဘူး"

"အေးလေ…မလိုလို့ပဲ ဟိုကမပေါ့ မပါးကြီး ဖြစ်နေပြီ"

ထုံးစံအတိုင်းပင် တစ်ယောက်ကအတည်ပြောမယ်ဆိုရင် ကျန်တစ်ယောက်က နောက်နေကြမို့ စကားဝိုင်းက ဘယ်အခါမှ အတည်အတံ့တွေ ဆွေးနွေးလို့မရ။ ဒါကို ပြောကြပြန်တော့။

"အတည်အတံ့ ဆွေးနွေးရအောင်၊ ဒါအစည်းအဝေးမှ မဟုတ်တာ၊ အစည်းအဝေးမှာတော့ လိုအပ်တာတွေမှာကြားရှ





စားကာ ပြန်သွားကြသည်ပေါ့"

ဆိုပြီး လောင်ခဲ့ကြသည့် ရှီးရာကမပျက်။ ချမ်းက က်ကောင်းကို

"မင်း… အသာနေစမ်းပါ"

လို့ပြောကာ…

"တကယ်ပြောတာ ခိုက်၊ ငါနဲ့ နှာက ရှေ့လထဲ စတူးဒင့် နဲ့ထွက်တော့မှာ၊ ဟိုမှာ ကျောင်းဆက်တက်ဖို့ အားလုံးစီစဉ်ပြီးပြီ၊ မွေးဖို့ဖွားဖို့ကလည်း ဒီကလူကြီးတွေရဲ့ မျက်စေ့အောက်မှာဆို ဖြစ်ဘူးလေ"

"ဟီးဟိ… နိုးစားထားတာတွေ ပေါ်ကုန်မှာကို"

ထက်ကောင်းကလည်း အငြိမ်မနေ။ တစ်ချက်တစ်ချက် လစ်ဝင်တွယ်သည်။

"အဲ့ဒါကြောင့်…မသွားခင် ငါရှင်း"

"မလိုပါဘူးကွာ၊ ကလေးရရင် အလိုလို အဆင်ပြေ သွားမယ်လို့ ငါမျှော်လင့်တာပဲ"

မျှော်လင့်သူရဲ့အသံက ခြေကုန်လမ်းပန်းကျနေသော ဝေးပြေးသမားရဲ့ မောဟိုက်သံလို။

"ဒါပေမယ့် ငါက ထက်ကောင်းတို့ပွဲပြီးမှ သွားမှာ၊

ဟော့ကောင် မင်း ရန်ကုန်ဆင်းခဲ့ပါလား''

''အေးကွ··· ငါနဲ့ စုဝေရဲ့ပွဲ ဒီလကုန်မှ၊ မင်းလာ
ငါတို့ကဲရအောင်''

အားကြီးမာန်တက် ဖိတ်ခေါ်သံတွေကို သူက နားထော
ရင်း မီးဖိုပေါ် ဒယ်အိုးတင်ကာ မိချို့ နယ်ဖတ်ပေးထားသော
ကြက်သားနှင့်ရှမ်းချဉ်တွေရောပြီး ဆီသတ်သည်။

''လာလို့မရပါဘူးကွာ၊ မေနီကျော်က မပေါ့မပါးကြီ
နဲ့''

''မင်း သည်းတာပါ၊ နန္ဒာဆို··· မေနီကျော်ထ
လရင့်တာပဲ၊ အခုထိ ဒေါက်မြင့်ဖိနပ်နဲ့ ပြေးတုန်းလွှားတုန်း''

''သူ့နန္ဒာက ဒီကောင့်အားကိုးနဲ့ကွ၊ လူလုပ်တဲ့
ရှိတယ်ဆိုပြီး''

ရယ်သံတွေ ဝေါခနဲထွက်လာကာ ထပြေးသော ခြေ
တွေကြောင့် မိုက်မှာ နားဆူတာမခံနိုင်သဖြင့် ဖုန်းကို နားမှ ခွာထာ
ရတဲ့အဖြစ်။ ဒီကောင်တွေအစလွန်ရင်း နပန်းထသတ်နေကြ
ဖြစ်မည်လို့တွေးရင်း ပြုံးရတာအခါခါ။ ဒါတောင် ချမ်းက အ
မကျိုးသေးဘဲ

''မိုက်''





''အင်း·· ပြော''

ဒယ်အိုးထဲကကြက်သားကို အကျက်ညီစေရန် သူက
ဟိုဒီလှန်ပေးရင်းထူးရသည်။ တစ်ဖက်မှချမ်းက လူအမြင်ကတ်
အောင်ရယ်ရင်း

''သားလေးမွေးရင် ကိုယ့်နာမည်ပေးပါ''

သီချင်းကို အသံနေအသံထားနှင့် လာဆိုပြနေသေးသည်။
မိုက်က···

''ဟော့ကောင်···လောကမှာ ထင်မထားတာတွေ ဖြစ်လာ
တယ်ကွ၊ တို့ သုံးယောက်ထဲမှာ ထက်ကောင်းအရင် လက်ထပ်
ဖြစ်မယ်ထင်တာ၊ မင်းဦးသွားတယ်၊ တကယ်တမ်း အိမ်ထောင်
ကျတော့ ငါက အရင်၊ အေး··· ဒါပေမဲ့ ကလေးမွေးတော့
မင်းကအရင်နော်၊ နန္ဒာကို သတိပေးထားပေါ့ကွ၊ မွေးခါနီးရင်''

''အေး··· ဘာဖြစ်လဲ''

မေးပုံက ပြုံးတူးပြတဲနှင့်။ သူက အသိပညာတစ်ခုခု
ပေးမယ်ထင်နေသည်။ မိုက်က အားပါးတရ ရယ်ရင်း···

''ငါနဲ့ သူ့အတိတ်ကအကြောင်းတွေ သတိမရနဲ့လို့၊
တော်ကြာ မွေးလာတဲ့ကလေးက ငါနဲ့ချွတ်စွပ်တူနေမှဖြင့် လောက
ကြီးမှာ ထင်မထားတာတွေဖြစ်တတ်ကြောင်း ပြောပြတာ၊ ဒါပဲကွ

ငါ့မိန်းမအတွက် ဟင်းချက်ရဦးမယ်''

အနိုင်နှင့်ပိုင်းပြီး မိုက်က ဖုန်းဝိတ်ပြီးသည့်အထိ ရယ်

စိတ်က လက်စမသတ်နိုင်။ လူကပြုံးစိစိနှင့်…

''နင့်မမလေး နိုးပြီလား… မိချို''

''ဟုတ်… နိုးပြီ အစ်ကိုလေး၊ မာလကာသီး သွား

တယ်''

''ဩော်… သူ… မာလကာသီးစားချင်လို့နေမှာ''

စကားက တစ်ဝက်တစ်ပျက်မှာ ရပ်သွားသလို လုပ်လု

အရာတွေအားလုံးဖယ်ချပြီး မိုက်က မိချိုကို အလန့်တကြ

လှည့်ကြည့်သည်။ မိချိုက ငေးတိငေးကြောင်နှင့်…

''ဘာဖြစ်လို့လဲ…အစ်ကိုလေး''

''ဖယ်စမ်း''

မိချိုကို သူသွားရာလမ်းကြောင်းမှ တွန်းဖယ်

နောက်ဖေးတံခါးဖွင့်ကာ ခြံထဲဆီ ဒုန်းဆိုင်းပြေးဆင်းခဲ့တာ

မာလကာပင်ဆီ။ သူ့ခြံထဲက မာလကာပင်က‥ အမြင့်ကြီး

* * *

## အခန်း (၂၈)

ကောင်းကင်ရောင် ဂါဝန်ဖားဖားလေးသည် တောင်ပေါ်

လေကြောင့် အနားစတွေအငြိမ်မနေနိုင်ဘဲ တဖတ်ဖတ်ခါယမ်း

နေလေသည်။ ဂါဝန်က လည်ပင်းနားနှင့် လက်ဖျားနားတွေမှာ

အတွန့်အဖတ်တွေအများကြီးနှင့် လက်ဖောင်းလက်ရှည်ကို

ရင်ဘတ်အောက်ကျကျမှာ အပြာရင့်ရောင်ဖဲပြားကြီး စည်းထား

တာကြောင့် ခြေမျက်စိဖုံးသည်အထိ ဂါဝန်က ကားကားလေး

ဝဲကျနေတာမျိုး။ ထိုအပေါ်မှ အဖြူရောင်ချိုင်းအောက်သာသာရှိ

သော ခါးတိုကုတ်အင်္ကျီတစ်ထပ်ဝတ်ပြီး ပျံဝဲဆင်းလာတာပါ။

ကလောမြို့ရဲ့ နံနက်ခင်းအလှကိုကြည့်ရန်ဆိုပေမဲ့ ခြံနောက်ဖက်

က မာလာကာပင်ကြီးကိုမြင်တော့ ကျော်… ရှုခင်းတွေဘာတွေ

မေ့သွားရသည်။ အပင်ဖျားမှာသီးနေသော မာလကာသီးကြီးတွေ
အဝေးကကြည့်တာနှင့် တခွမ်းခွမ်း ကိုက်စားလျှင် အရသာပေါ်မွေ
အသီးပွပွကြီးတွေ။

"အဲဒါ... အူနီမျိုး မမလေးရဲ့၊ အရမ်းချိုတာ၊ မိချို
ဆို ထိပ်ဖျားကဟာတွေမမှီလို့ အောက်ကိုင်းကိုပဲ ဆွဲလွဲခူးတာ
အဲဒါကြောင့် အောက်ကိုင်းမှာ သီးကင်းတွေချည်း ကျန်တာလေ"

မိချိုရဲ့ သတင်းပေးမှုကိုပြန်ကြားယောင်တော့ စားချင်
စိတ်က တားမနိုင်ဆီးမရ။ ထို့ကြောင့် ဟိုဟိုဒီဒီကြည့်တော့ အနည်း
ငယ် ယောင်းနေပေမဲ့ ခိုင်ခံ့ပုံရသော လှေကားကိုတွေ့သဖြင့် ရှာ
လှိုက်ခနဲပျော်သွားသည်။ အပင်ခြေရင်းအထိ လှေကားသယ်ရ
အခက်အခဲမရှိပေမဲ့ အပင်အောက်ခြေမြေက မညီမညာမို့ လှေကား
အထိုင်ကျအောင် တော်တော်ကြိုးပမ်းရသည်။ ကြိုးစားပမ်းစား
လုပ်ပြီး လှေကားအမြင့်ဆီတက်သည်အထိ မာလကာကိုင်း
မမှီတမှီ။ ကျော်... ခြေဖျားထောက်သည်။ လေတိုက်သည့်အရှိန်
မြေမညီခြင်းကြောင့် လှေကားက သိမ့်ခနဲ လှုပ်ပေမဲ့ အထိုင်ကျ
သွားဟန်တူသည်။ ကျော်က ထောက်လျှက်သား ခြေဖျားအ
ကိုးနှင့် မာလကာကိုင်းကို လှမ်းဆွဲသည်။ လက်က အစိမ်းနုနေ
သမ်းနေသော မာလကာသီးကို မိမိရရဆွဲယူ၍ ညှာတံကျိုး





လိမ်ချိုးသည်။ ကိုင်းဖျားမှ ညှာတံကျွတ်ထွက်သွားသော မာလကာ
သီးအား လက်ထဲပါလာချိန် လွှတ်လိုက်သော ကိုင်းရဲ့အရှိန်က
မြောက်ခနဲဖြစ်ကာ ကျော့်မျက်ဝန်းစွန်းကို ရိုက်ခတ်သွား၏။
ရုတ်တရက်မို့ သတိလက်လွှတ် ရှောင်မိသော ကျော်သည် ဟန်ချက်
ပျက်သွားကာ

"အမေ့"

"ဟာ... ဟော့"

သံလှေကားကြီးရော ကျော်ပါ မြေပြင်ပေါ်အတူ လဲကျ
သည်။ ရင်ထဲ လှပ်ခနဲအေးသွားကာ မျက်လုံးစုံမှိတ်ပြီး ကြောက်လန့်
တကြား...

"အား..."

သံကုန်ခြစ်ပြီးအော်မိသည့်နောက်...

"အင့်"

"ဒုတ်"

"အ"

ညည်းညူသံသဲ့သဲ့နှင့် ကျော်ပစ်ကျကာ နူးညံ့သော
အထိအတွေ့တစ်ခုဆီ

"ဟော့... မေနီကျော်...ဟော့"

ခေါ်သံက ကိုယ့်နားကပ်ကပ်လေးမို့ ဒီတော့မှ ကျော် မျက်လုံးဖွင့်ကြည့်ရဲသည်။ လက်ထဲမှာက သက်စွန့်ဆံဖျား ခူးထားရသည့် မာလကာသီးက ရှိဆဲ။ ပြီးတော့ ကျော်က ရင်ခွင်တစ်ခုထဲ ရောက်နေကာ ထိုလူက…

"လမိုက်… နင်"

"အင်း…မင်းဘာဖြစ်သွားလဲ၊ ဘယ်နားနာသွားသေးလဲ"

"ဟင့်အင်း…နင်…နင့်မှာ"

ကိုယ်က သူမကိုဝင်ပွေ့လိုက်တာမို့ ပြုတ်ကျလာသော သူမအရှိန်နှင့် ခန္ဓာကိုယ်အလေးချိန်ကြောင့် လမိုက်မှာ သူမကို ပွေ့ရက်သားကြီးနှင့်ပင် မြေပြင်ပေါ်ပက်လက်လန်ကျသွားတာ။ ထို့ကြောင့် ကျောပြင်ရောခါးရောက အောင့်တက်သွားအောင် နာသောဝေဒနာနှင့်အတူ ဒုတ်ခနဲအသံနှင့် ခေါင်းနောက်ဘက်က ပူထူကာ မူးနောက်နောက်ဖြစ်သွားတာတော့သိသည်။ သို့သော် ကိုယ့်အတွက် မစိုးရိမ်အားဘဲ သူမကိုသာ ဘာဖြစ်သွားလဲ တွင်တွင် မေးနေစဉ်မှာပဲ…

"နင့် … နင့်မှာ…သွေး‥သွေးတွေ"

"ဟင်"

ဦး၊ ဦး : ၀၇၆ပ



ဒီတော့မှ လည်ကုတ်တစ်လျှောက် ပူနွေးစွာ စီးဆင်းလာသော အရာတွေကြောင့် လမိုက် သူမကို ပြန်အကြည့်…

"ဟော … ဟော…. ကိုယ်ဘာမှမဖြစ်ဘူး… မေနီကျော် …ဟော"

သူခေါ်လည်း အချည်းအနှီးပင်။ သူမက မုန်းပါတယ်ဆိုသူရဲ့ ရင်ခွင်မှာခေါင်းလေးပြို့ကျကာ သတိလစ်သွားသော အခါ…

◆ ◆ ◆

ဦး၊ ဦး : ၀၇၆ပ

## အခန်း (၂၈)

"အစ်ကိုလေးခေါင်းက လေးချက်တောင်ချုပ်ရတာ သိလားမမလေး၊ ဆံပင်တွေတောင် ကွက်ညှပ်ပစ်ရတယ်၊ ဆရာဝ ကတောင် နောက်သွားသေးတယ် သူများတွေက ထိပ်ပြောင်တာတဲ့ အစ်ကိုလေးကျတော့ နောက်ပြောင်တာတဲ့လေ၊ အဟင်း… အခု မိချို့တို့ရယ်နိုင်တာလေ၊ မမလေးက သတိလစ်နေ၊ မွေ့ချိုလာတဲ့ အစ်ကိုလေးက ကုတ်နောက်ပိုင်းမှာ သွေးတွေမြင်မကောင်းအော ရွဲနေတုန်း မိချိုက ငိုရမလို၊ ရယ်ရမလိုနဲ့ ကတုန်ကယင်ကြီးသိလာ လေးလေးက ဆရာဝန်ခေါ်ပြီး မမလေးကို အိပ်ရာပေါ်ချထားတဲ့ အထိ အစ်ကိုလေးမှာ ငြိမ်ငြိမ်မနေနိုင်ဘူး၊ မမလေးကို နဖူးလေး





ကိုင်လိုက်၊ ပါးလေးစမ်းလိုက်နဲ့၊ ဒါတောင် ဆရာဝန်ကလာတော့ မမလေးကို အရင်ကြည့်နိုင်းတာ၊ ခင်ဗျားသွေးထွက်လွန်ပြီး တစ်ခု ခုဖြစ်သွားရင် ခင်ဗျား မိန်းမတစ်ယောက်တည်းကျန်ခဲ့မှာလို့ ပြောမှ ဒဏ်ရာကိုအကြည့်ခံတာ မမလေးရဲ့"

တရစပ်ပြောသည့် မိချိုစကားတွေကို ပြန်ကြားယောင် ရင်း သူ့အခန်းတံခါးရောက်နေသော ကျော့ခြေလှမ်းတွေ တန့်သွား သည်။ အို ဘာဖြစ်လဲ… ကိုယ့်ကြောင့် ထိခိုက်သွားတဲ့လူကို သတင်းမေးတာ ဆန်းတဲ့ကိစ္စမှ မဟုတ်တာ။ ကိုယ့်ကိုကိုယ် အားတင်း ပြီး အခန်းတံခါးကို တွန်းဖွင့်တော့ အလွယ်တကူ ပွင့်သွားသည်။

"လေးလေးလား…မဝင်လာနဲ့ဦး၊ မေနီကျော်ကို သွားကြည့်လိုက်ပါ၊ သူ…သတိရ"

အခန်းထဲဝင်လာသည့်လူရိပ်ကိုကြည့်ပြီး မိုက်စကားစ ပြတ်သွားသည်။ အံ့သြခြင်းကြောင့် ကြောင်အမ်းအမ်းဖြစ်နေသော မိုက်မျက်နှာက စက္ကန့်ပိုင်းအတွင်း ချက်ချင်းပြုံးကျသွားကာ…

"လာလေ… မေနီကျော်၊ ဒေါက်တာကတော့ စမ်းသပ် သွားတာ အားလုံးအိုကေပဲတဲ့၊ စိုးရိမ်စရာမရှိဘူးလို့ ပြောတာပဲ၊ ဒါပေမဲ့ ကိုယ့်စိတ်ထဲ မအီမသာခံစားရတာရှိရင် ပြောနော်"

လှဲနေရာမှ ချက်ချင်းထထိုင်ကာ စားပွဲနားခွဲ ထားသော ဆုံလည်ခုံကို ကျော်ထိုင်ရန် ဆွဲယူပေးနေတာကြောင့်

"ရတယ်"

တစ်ခွန်းတည်းပြောပြီး ကျော်က ခုံကို ကိုယ်ဟာကိုယ် ဆွဲထိုင်သည်။ ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် လူက လုပ်ပေးသမျှကို အခန့်သားအခွင့်အရေးယူလို့မကောင်းဟု ကျော် ထင်သည်လေ။

"အခု...ဘယ်လိုနေသေးလဲ"

"အဲဒါ...ငါမေးရမဲ့စကားပါ"

မိုက်က ဟက်ခနဲရယ်ပြီး အလုပ်မရှိ အလုပ်ရှာကာ အညိုရောင်ဆွယ်တာလက်ရှည်အား တံတောင်ဆစ်နားအထိ ဆွဲပင့်တင်ရင်း...

"မင်း... တခုခုဖြစ်သွားမှာစိုးရိမ်နေတာ"

"ပြောစရာရှိလို့...လာခဲ့တာ"

ဆုံလည်ခုံကထရပ်တော့ အသစ်လဲထားပြီးဖြစ်သော ဂါဝန်က ဒီဇိုင်းတူအရောင်ကွဲသည့် ပန်းရောင်ဖျော့ဖျော့လေး။ ဘာအရောင်ပဲ ဝတ်ဝတ် ပန်းရောင်ဆို ထိုမျက်နှာလေးက ပန်းနုရောင်သန်းသည်။ အဖြူရောင်ဆိုရင် နှုတ်ခမ်းတွေပါးတွေ နီမြန်း





နေတာမို့ ပေါ်လွင်ပြီး၊ အစိမ်းရောင်ဝတ်လျှင် သွေးကြောစိမ်းတွေ ရောင်ပြန်ဟပ်ကာ မြစိမ်းရောင်အသားအရည် ဖြစ်သွားတတ်တာ သူ... သတိထားမိသည်။ အသက်ရှူမှားလောက်သော ထိုအလှ ဘုရင်မလေးအား မိုက်က မခူးမခြွေရက်ဘဲ မြတ်နိုးမိခဲ့ပါသော ကြောင့်...။

"ပြောလေ... မေနီကျော်"

"ငါ... ပြောတာကို နားထောင်ဖို့သက်သက် မဟုတ်ဘူး၊ နင်လိုက်နာမှဖြစ်မှာ"

မိုက်က သဲ့သဲ့ရယ်ရင်း၊ ခါးစည်းကြိုးဖွဖွလေး စည်းထားသဖြင့် ကိုယ်လုံးပြည့်ပြည့်လေး၏ နောက်ပိုင်းအလှကို အားရအောင် ငေးရင်း

"ပြောသမျှ ခေါင်းညိတ်ခဲ့ရင် ကြိုးတုပ်ပြီး ကျောတစ်ရာ၊ ရင်တစ်ရာ ဒဏ်ပေးမယ်ဆိုရင်တောင် ဒီကောင်က ဒူးထောက်ခစားမှာ၊ အဲဒါ...တကယ်၊ မင်းစကားဆို မ, အကျရာသုံးပြီး မငြင်းဖူးတာ... ထရိန်နင်ကာလကတည်းက မမှတ်မိဘူးလား၊ စူပါမင်းလေ"

သူကရယ်ဟာဟာနှင့် အရွှန်းဖောက်သလောက် သူမက မိုက်က တစောင်းတည်းဖြစ်အောင် စေ့ထားသောနှုတ်ခမ်းများ

ကြောင့် နှုတ်ခမ်းလေးကော့စင်းနေတာ ပိုထင်သာမြင်သာ ရှိလာသည်။ သူမက အားယူလိုက်သလို ရင်ဘတ်လေးမောက်တက် လာအောင် သက်ပြင်းရှိုက်ရင်း…

"ငါ့ကြောင့် တစ်ဖက်လူ… ထိခိုက်ဒဏ်ရာရတာမျိုး မဖြစ်စေချင်ဘူး"

"ဒါက"

ကျော်က မျက်နှာချင်းဆိုင်လှည့်ရပ်ကာ

"နင်… ဘယ်လိုခံစားလဲမသိပေမဲ့ ငါ့ကြောင့် နင် ဒဏ်ရာရသွားတဲ့အတွက် တောင်းပန်တယ်"

မိုက်က မျက်နှာတစ်ခုလုံး ပီတိဖုံးသွားသလို ချိုအီနေအောင်ပြုံးပစ်ရင်း

"ဘယ်သူက ဗွေယူနေလို့လဲ"

"သူများခံစားချက်ကို ငါမသိချင်ဘူး ပြောပြီးပြီလေ၊ အခု…ငါပြောမှာ ငါဖြစ်ချင်တာ၊ နင့်ရဲ့ရင်သွေး၊ နင့်ကလေးကို… ဒီနေ့ကစပြီး ငါ့အသက်နဲ့ထပ်တူ စောင့်ရှောက်ပေးမယ်"

"မေနီကျော်… ဒါ…တကယ်"

"ငါပြောတာ မဆုံးသေးဘူး"

လက်ပိုက်ကိုဖြည်ချရင်း လက်ဖဝါးတွေကို ကျစ်ကျစ်





ဆုပ်ကာကျော်က သူ့မျက်နှာကို စေ့စေ့စိုက်ကြည့်ပြီးမှ…

"ဒီကလေး… နင့်ကိုပေးမယ်၊ နင်က…လွတ်လပ်ခွင့် ငါ့ကိုပြန်ပေး"

ရယ်နေသောနှုတ်ခမ်းတွေ ပွင့်ဟသွားသည်။ အံ့သြခြင်း မှုန်းထင်သော မျက်ဝန်းတွေထက်မှာ တရိပ်ရိပ်ပြေးတက်လာတာက ကြေကွဲခြင်းများ။ မချိတရိပြုံးတာလား။ အယူခံဝင်ဖို့ နှုတ်ခမ်းတွေ လှုပ်ရှားတာလား။ ကျော်မသိလောက်အောင် သူ့ကို မြင်နေရသည့် ကျော့်အမြင်အာရုံတွေ ဝေဝါးလာတဲ့နောက်…

"မေနီကျော်"

"ပြောခဲ့ပြီးသားပဲ၊ ပြီးတော့ နင်လိုက်နာခဲ့ပြီးသား၊ ငါက ကျောတစ်ရာ ရင်တစ်ရာ ကြိမ်ဒဏ်မပေးပါဘူး၊ နင့် အရိပ်က ကင်းလွတ်ခွင့်ပဲ တောင်းတာ"

ပြောပြီးတာနှင့် ကျော်… ကျောခိုင်းကာ သူ့အခန်းထဲမှ ထွက်ခဲ့သည်။ ကျော့်နောက်ပါး၌ ဘာတွေဖြစ်ပြီး သူကျန်ရစ်ခဲ့ သလဲ… ကျော်မသိ။ ကျော်ခံစားနေရတာက ရင်တစ်ခွင်လုံး ဟာပြီး တုန်ခါနေပေမဲ့လူက ပေါ့ပါးမသွားဘဲ လေးလံဆို့နင့် နေခဲ့တာပင်။

ဟင့်အင်း… ခွင့်မြုပါ။

လည်စင်းမပေးနိုင်တဲ့ မာနကြောင့် ဒီနှလုံးသားမှာ ညင်သာခြင်းဆိုတာ ဝင်မလာရ…။

◆ ◆ ◆



## အခန်း (၃၀)

ကျော်က… ရှေ့သို့အတော်ကြီး စူပွလန်ထွက်နေသော ိုက်ကြီးကို မှန်ထဲအားရကျေနပ်စွာကြည့်ပြီးမှ အညိုရင့်ရောင် ာဖလာကိုလည်ပင်းမှာ တစ်ပတ်ပတ်ပြီး ပခုံးနှစ်ဖက်ပေါ် အစ ြန့်ချသည်။ ကျော်ဝတ်ထားသော ဗိုက်ဖုံးအင်္ကျီက အသားရောင် ျော့ဖျော့လေးကို ကိုယ်ဝန်ဆောင်သည်တွေအတွက် စီမံထားသည့် အသားကပ်ဘောင်းဘီရှည်က အနက်ရောင်ဖြစ်သည်။ ဗိုက်ဖုံး အင်္ကျီဆိုလည်း ကားကားပွပွကြီးတွေ မကြိုက်တာကြောင့် ကျော့် အသုံးအဆောင်တွေဝယ်သည်အထိ တာဝန်ယူထားသော လမိုက်နှင့် ကားများရတာ မကြာခဏ။

"မိခင်စိတ်နည်းနည်းထားဦးမှပေါ့၊ အဖိုးတုံးက ဝတ်သ
တီရှပ်အကျပ်တွေ၊ ဂျင်းဘောင်းဘီတွေများ ဝတ်ချင်နေသလား
ကလေးက အထဲမှာ အသက်ရှူကျပ်နေမှာပေါ့"

"ဘာမှမဆိုင်ဘူး… မသိပဲနဲ့မပြောနဲ့၊ ကလေးက ဗိုက်
မှာမနေဘူး၊ သားအိမ်ထဲနေတာဟဲ့၊ နားလည်လား"

"သြော်… အဲဒီသားအိမ်က ဗိုက်ထဲမှာလား၊
အပြင်မှာလား"

သူက… ရွဲ့သလိုခနဲ့သလိုနှင့် လူကို ထေ
ငေါ့တတ်ပါသေးသည်။ ကျော်… ကိုယ်ဝန်စရှိကတည်း
မီးဖိုချောင်တွင်းဝင်ပြီး ကိုယ်တိုင်ချက်ပြုတ်ကြော်လှော်တတ်
သူဟာ ကိုယ်ဝန်လရင့်လေ ပိုချုပ်ချယ်လေ။

"ဒီအချိန်ဆို… ကလေးက အကောင်အထည်ဖြ
ပြီ၊ မင်း… အစပ်တွေမစားနဲ့ မေနီကျော်"

"အေး… နင်က ငါ့ကို အစပ်မပါ ဖြူရော်ရော်
အအီတွေနဲ့ တရုတ်စာတွေပဲ ချက်ကျွေးသိလား၊ ထွက်
ပါလိမ့်မယ်၊ ကလေးရုပ်က"

"တရုတ်လေးလို ဖြူဖြူဖွေးဖွေးဆို ကောင်းတာပေါ့"

"တရုတ်တော့ တရုတ်ပဲ၊ ပေါင်ချိန်ရုပ်"





ကျော်က မကြားတကြားပြောလျှင် သူမှာ… မင်းဆိုပြီး
ဘာဆက်ပြောရမှန်းမသိ။ အတန်ကြာမှ

"ဟွန်း… အစပ်စားကြည့် ထိပ်ကလေး ပြောင်ပြီး
ထွက်လာပါလိမ့်မယ် ရှန်းနီရုပ်"

အင်္ဂလန်နိုင်ငံသားဘောလုံးသမား ဝိန်းရှန်နီက ထိပ်ပြောင်
တာကိုး။ ကျော်တို့ကလည်း ဆတ်ဆတ်ထိမခံ။

"အစပ်စားလို့ ထိပ်ပြောင်တာတော်သေး၊ ဟွန်း…
သူများတွေလို ဘာမှမစားပဲ နောက်ပြောင်တာမှ ကြည့်ရဆိုးတာ"

ကျော်ကြောင့် သူ့နောက်စေ့ထိ၍ ချုပ်ထားတာကို
ပြောကာ…

"အဲဒီဒဏ်ကြောင့်လားမသိဘူး၊ တစ်ခါခါစိတ်က
မှန်ချင်တာ၊ တော်သေးတာပေါ့ ကလောလို အေးတဲ့မြို့မှာနေလို့၊
ရန်ကုန်မှသာဆိုရင် သေချာတယ်၊ သွက်သွက်ခါမှာ"

"ဘာ…ကွ"

"ဘာမှမကွဘူး… ကိုယ့်ဟာကိုယ်ကွနေလား၊ ပြန်စစ်"

အနိုင်ပိုင်းပြောပြီးနေရာမှ ဦးအောင်ထပစ်တတ်တာ
ကျော်အကျင့်၊ ထိုသို့ စကားနိုင်လုပြီး ကျော်က ဇိုးဇိုးဇတ်ဇတ်
ထလျှင်တော့ သူမှာ နှိပ်ကွပ်ခံရတာတွေလဲမေ့ ကျော့်ကို အနိုင်ပေး

ရတာတွေလည်းမေ့ကာ။

"ဟော့… မင်းလုပ်လိုက်ရင် အရမ်းချည်းပဲ၊ စွတ်ဆက် မလုပ်ပါနဲ့ကွ အထဲမှာကလေး၊ ကလေးရှိတယ်"

ဆိုပြီး ပျာပျာသလဲဖြစ်တတ်တာမျိုး။ ကိုယ်ဝန်ခြောက်လ ကျော်တော့ ကျော် ဗိုက်အပ်ထားသောအိုဂျီက

"စမ်းသပ်တာ အိုကေတယ်၊ ဒါပေမဲ့ အာထရာဆောင်း ရိုက်ကြည့်လိုက်၊ အနေအထားမှန် မမှန်ရယ်၊ ရှင်တို့ ကလေးလေးက သမီးလား၊ သားလားသိရအောင်ပေါ့"

ညွှန်းချက်ပေးတုန်းက သူက ကျော့်ထက် ဗိုက်ပဲသည်။

"ကိုယ့်လက်ကို ကိုင်ကြည့်စမ်း… မေနီကျော်"

"ဘာလို့ ကိုင်ရမှာလဲ၊ ငါ… ဝဲကူးမှာကြောက်တယ်"

"ဘာဝဲမှမရှိဘူး… မင်းက ရန်စကားသိပ်ပြောတပဲ၊ ဒီမှာ စိတ်လှုပ်ရှားနေလို့ လက်ဖျားခြေဖျားတွေ အေးစက်နေ တာပြမလို့"

"ငါလဲ အေးတာပါပဲ၊ လက်ဖျားခြေဖျားတင်မကဘူး၊ နားရွက်ဖျားတောင် အေးနေသေး"

"ဟင်… တကယ်"

"တကယ်ပေါ့ဟဲ့… ကလောက နဂိုကတည်းက





အးတဲ့ရာသီဥတုနဲ့ တောင်ပေါ်မြို့လေ၊ ပူတဲ့ဒေသကလူတွေဆို ရာသီအပန်းဖြေစခန်းအဖြစ် ကလောတို့၊ မေမြို့တို့သွားကြတာ ကို"

ရွဲ့တဲ့တဲ့ပြောတိုင်း မကျေနပ်သော မျက်ထောင့်နီကြီးနှင့် မှဆက်မပြောတော့ပဲ ပီကေကို ဒေါသတကြီး ကြိတ်ဝါး တတ်၏။ အာထရာဆောင်းရိုက်တော့ အဖြေထွက်တာက

"မိန်းကလေးရှင့်… ရှင်တို့တော့ သမီးရှင်ဖြစ်ပြီပဲ"

ဆရာဝန်ကပြောသောအခါ သူ့နှုတ်ခမ်းတွေ ဖြုံး သွားတာကို ကျော်က ကြည့်ကောင်းကောင်းနှင့် ငေးနေမိတာ မှာ ဒါ… ပထမဆုံး။ ပြီးတော့ သူနှင့်ပတ်သက်ပြီး ပီကေနဲ့ င်းသောနှုတ်ခမ်းလွှာတွေကို အမှတ်ထင်ထင်ဖြစ်နေမိတာလည်း … ပထမဆုံး။

"ဒေါက်… ဒေါက်… မမလေး"

"ဝင်ခဲ့… မိချို"

ကျော်က အတွေးထဲ တစ်ပတ်လောက်လျှောက်ပြီးမှ င်ကျန်ရစ်သော အတိတ်ခြေရာက နှုတ်ခမ်းများ ဖြုံးနေကြခြင်း င်။

"အစ်ကိုလေးက လမ်းလျှောက်ဖို့ ရယ်ဒီပဲတဲ့"

"အေး… သူ… ရယ်ဒီဆို··ငါလည်းလာပြီလို့ ပြော
လိုက်"

ပါးစပ်ကသာလာပြီ။ လက်ကမှန်တင်ခုံပေါ်ရှိ Lipglo
ကို ကောက်ဖွင့်ရင်း နှုတ်ခမ်းများပေါ်ဆိုးတော့ မိချိုထံမှ ရယ်
ခစ်ခစ် ကြားသည်။ ကျော်က မျက်စောင်း လှည့်ထိုးရင်း နှုတ်ခမ်
ဆိုးဆေးကို လက်စသတ်၏။

"လှပြီးသားပါ… မမလေးရယ်၊ အဟင်း… မမလေ
က ကလေးလေးရှိလာမှ အရင်ထက်ပိုလှလာတာ သိလာ
ဒါကြောင့် အစ်ကိုလေးက"

"ကဲ… တော်စမ်းဟယ်၊ ပေါက်ကရရှစ်ဆယ်ဆို နင်က
လေ လမိုက်ရဲ့ လက်ထွက်လို့ မပြောရဘူး၊ ပါးစပ်က စက်သေနတ်
ပစ်တဲ့အတိုင်း၊ တရစပ်ပြောတတ်တယ်"

ကြားဖြတ်အော်ရင်း ကျော်က အခန်းထဲမှထွက်လာ
အောက်ထပ်ညေ့ခန်းဆီ ဆင်းခဲ့သည်။ ဒီအိမ်ကြီးက သုံးထပ် ဖြစ်ပြီ
အထပ်တိုင်း၌ ဝရန်တာတစ်ခုစီထုတ်ထားကာ လှေကားကျော
အိမ်ကြီးရဲ့ အလယ်ခေါင်မှဖောက်၍ ကြောင်လိမ်သဏ္ဍာန်လုပ်
ထားတာမျိုး။ အပေါ်ဆုံးထပ်ညေ့ခန်းစင်္ကြံမှ ငုံ့ကြည့်လျှင်
အောက်ဆုံးညေ့ခန်းကို တန်းမြင်ရတာမျိုးဖြစ်၍ ကျော်

ဝိုး:ဝိုး:ဝ၁၆ပ



သိပ်သဘောကျသည်။ သူကတော့ ကျော် အပေါ်ဆုံးထပ်၌ နေတာ
ကို မကြိုက်။

"ဗိုက်ကြီးတကားကားနဲ့ အတက်အဆင်းလုပ်တာ
အသည်းယားတယ်၊ အောက်ဆင်းပြီး"

"မနေချင်ပါဘူး… မကြည့်ချင်တာတွေ မမြင်ရဖို့ အပေါ်
ဆုံးထပ်က အကောင်းဆုံး"

စကားပိတ်ပြောထားသဖြင့် သူ… ထပ်ပြီး စောဒက
မတက်ရဲတော့။

"ဟော့… ဖြည်းဖြည်းကွ… မင်းချော်ကျမယ်"

တွေ့လား…။ အဲဒါပဲ သူ့မြင်ကွင်းထဲရောက်လို့ကတော့
ကျော့်ကို တဟော့ဟော့… တဟဲ့ဟဲ့နဲ့။ မသိလျှင် နွားမောင်း၊
ကျွဲမောင်းနေသလားထင်ရသည်။ ကျော်က ဂရုမစိုက်သော အထာ
နှင့် တမင်မျက်နှာမော့ကာ သူ့ရှေ့မှ ဖြတ်လျှောက်တော့ ဘေးမှ
အမောတကောအပြေးလိုက်လာကာ

"ဟူး… ဖြည်းဖြည်းလျှောက်၊ မင်းလမ်းလျှောက်နှုန်း
နဲ့ ကလေးက လမ်းမှာတင်မွေးသွားဦးမယ်"

"ဒါဆိုလည်း… တစ်မျိုးကောင်းတာပဲ"

အမိပွါယ်ရဲ့ နက်ရှိုင်းခြင်းက ဘာမှန်းမသိပေမဲ့ မိုက်

ဝိုး:ဝိုး:ဝ၁၆ပ

ချက်နှာက ညှို့ခနဲဖြစ်သွားပြီးမှ

"အချိန်တန်တော့လည်း အရာရာက အလိုလိုဖြစ်လာမှာပါ မေနီကျော်ရယ်"

သူ့အသံထဲမှာ အလွမ်းဓါတ်များပါလေသလား။ အလွမ်းဓါတ်က ကူးစက်တတ်သလား။ သေချာ သူမသိပေမဲ့ ရင်ထဲမှာ ဆွေးသွားတာတော့ သေချာသည်။သူက စွယ်တာပေါ် ထပ်ဝတ်ထားသည့် ကုတ်အင်္ကျီရှည်ကို ခါးစပ်မှ ဆွဲသိမ်းကာ ဘောင်းဘီအိတ်ထဲ လက်နှိုက်လျှောက်ရင်း…

"မင်း… ကိုယ်နဲ့နေရတဲ့အတွက် အဆင်မပြေဘူးလို့ ခံစားနေရသလားဟင်"

ကျော်က လမ်းလျှောက်ရင်းနှင့် ဖျတ်ခနဲ သူ့ဘက်ငဲ့ကြည့်ရင်း…

"ကတိတည်ဖို့ ခက်နေပြီလား… လမိုက်"

"မဟုတ်ပါဘူး"

ခပ်လေးလေးဖြေသံအဆုံးမှာ ကျော်တို့ နှစ်ယောက်အကြား ပြောစရာစကားက ရှားပါးခြင်းသို့ ရောက်လေသည်။ ခဏကြာမှ သူ့ထံက ရယ်သံသဲ့သဲ့ထွက်လာပြီး

"ကိုယ်က အစွဲအလမ်းသိပ်ကြီးတယ်"





"သိသားပဲ၊ ပီကေကို… အချိန်ကြာကြာဝါးနေတာကို ကြည့်ရင်"

လို့ ကျော့်စိတ်ထဲက ပြောမိသည်။ သူနှင့်ပတ်သက်သမျှ သုံးသပ်ပြီး ရင်ထဲသိမ်းထားတာမျိုးက ကြာခဲ့ပြီ။ ဒါဟာ သူနဲ့ပတ်သက်သော ကျော့်ရဲ့ ဝါသနာတစ်ခုဖြစ်ခဲ့လျှင်…။

မိုက်ကတော့ ဘေးတစောင်းမြင်ရသော ကျော့်မျက်နှာနုနုလေးကို ခိုးငေးရင်း

"စွဲလမ်းသမျှကိုလည်း… မြတ်နိုးခဲ့မှာ… သက်ဆုံးတိုင်မယ် ထင်တယ်"

တဲ့…။ ဒီတစ်ခါတော့ ကျော်က သူ့ကိုချေပရန် စကားမရှာတော့။ အတိုက်အခံလည်း မပြောချင်တော့သည့် ငြိမ်ကျသွားသော ကျော့်ရင်ထဲတွင် ဒီနေ့ပြီး နောက်ထပ်ရောက်လာမည့် မနက်ဖြန်သည်…

• • •

## အခန်း (၃၁)

"အ... အား... ကျွတ်... ကျွတ်...အား... နာလိုက်တာ"

"ရောက်ခါနီးပြီ မေနီကျော် အားတင်းထားနော်၊ ရောက်တော့မယ်"

"အား...နာတယ်...အရမ်းနာတာပဲ"

"လေးလေး မြန်မြန်မောင်းပါဗျ၊ ဒီမှာ...အရမ်းနာနေပြီ"

"အေးပါကွာ... မောင်းနေတာပဲ မိုက်ရ"

"အား"





တစ်ချက်တစ်ချက် ခါးကော့ထိုးတိုင်း သူ့လက်မောင်းကို တင်းခနဲ ဆုပ်ကိုင်လာသည့် မေနီကျော်ရဲ့ ဝေဒနာခံစားနေရသော မျက်နှာလေးက သနားစဖွယ်။ မိုက်က သူမမျက်နှာပေါ်မှ ချွေးတွေ သုတ်ပေးရင်း ကိုယ်ဝန်ရကာတည်းက ကျက်ခဲ့သည့် အဂ္ဂလိမာလ သုတ်ကို ရွတ်ရန် အစတောင် စဉ်းစားမရတဲ့အဖြစ်။

"အား... နာတယ်... လမိုက်ရယ်"

"အင်း...အင်း... ရောက်ပြီ၊ ဆေးရုံရောက်ပြီနော်၊ ခဏနေ နင်နာတာတွေပျောက်သွားတော့မှာကွ၊ ခဏလေးနော် ခဏနေ"

သူချော့မော့နေသောစကားမှန်း သိသိကြီးနှင့် ကျော့မသိစိတ်က ယုံချင်နေမိသေးသည်။ နာကျင်ခြင်းက တခဏလောက် ပျောက်သွားချိန်မှာ လူက မိန့်မောပြီး အိပ်ပျော်သလို သတိလစ်သလို ဖြစ်သွားတတ်ပေမဲ့ အသိစိတ်က လုံးလုံးကြီး လွတ်သွားတာမျိုးမဟုတ်။ ကျော်ကို ကားပေါ်ကပွေ့ချီပြီး ထရောလီပေါ် တင်တွန်းသွားတာသိသိကြီးနှင့် မေမေ့စကားတွေကို ကြားယောင်မိပြန်၏။

"ယောကျ်ားကို နိုင်းစားတဲ့မိန်းမတွေက ကိုယ်ဝန်ဆောင်လို့ မွေးခါနီးပြီဆို ခံရရော၊ မွေးရခက်တာမျိုးပေါ့"

"မေမေက ခံခဲ့ရဖူးလို့လား"

"သမီးကို မွေးတုန်းကလေ၊ သုံးရက်ဆက်တိုက် ဗိုက်နာတာ၊ မမွေးနိုင်ဘူး၊ လူကြီးတွေလည်း ပူကြပင်ကြနဲ့… အဲ့ဒီကလည်း ဒီနေ့မှမမွေးရင် မနက်ဖြန်ဆို ဗိုက်ခွဲတော့မှာ၊ မေမေက ခွဲရစိတ်ရမှာ သိပ်ကြောက်တာ"

"အဲဒီတော့ ဘာလုပ်လဲဟင် မေမေ"

"မေမေ လုပ်ရတာမဟုတ်ဘူး၊ ညည်းအဖေလုပ်ရ တာ"

"ဖေဖေက"

အဲဒီတုန်းက ကျော် တအံ့တသြဖြစ်နေတာကိုကြည့်ပြီး မေမေက ပါးဆုံကြီးတွေ ဖောင်းတက်လာအောင်ပြုံးရင်း…

"သူ့ခြေဆေးရေကို သောက်ရတာ"

"တကယ်"

"တကယ်ပေါ့"

"ဟွန်း… ရွံစရာကြီး မေမေရာ"

ကျော်က နှာခေါင်းရှုံ့ပြီး ပြောတော့

"ခြေဆေးရေလို့တော့ မေမေကို ဘယ်ပြောမလဲ၊ လူကြီး တွေလုပ်ကြတာပေါ့၊ ဒီလိုပဲ ရေလေးစတီလောင်းပြီး ရေအသင့်

ဝိုးဝိုး၈၁၉၀



ရောပြီးတော့ တိုက်တာပေါ့၊ အဲဒီတော့မှ မခွဲမစိတ်ရဘဲမွေးတာ လျောလျောရှူရှူပဲ၊ ဒါ ရှေးလူကြီးတွေရဲ့ အယူအဆဆိုပေမဲ့ မယုံ ရတာ မရှိတာအမှန်ပဲ"

"ဒါဆို … မေမေက ဖေဖေ့ကို အနိုင်ကျင့်ခဲ့ဖူးတာပေါ့၊ ဟုတ်လား"

ပြုံးစေ့စေ့လေးနှင့် ကျော်က တရားခံဖမ်းသလိုမေးသည်။ မေမေကတော့ အတိတ်ကိုပြန်သတိရပြီးကာမှ…

"နိုင်တယ်တော့ ဘယ်ဟုတ်မလဲသမီးရယ်၊ အသက် ချင်းကလည်း မတိမ်းမယိမ်းမှာ လက်ထပ်ပြီး ညည်းအဖေက တအားအလိုလိုက်တော့ ဆိုးမိန့်မိတာက သူတို့အပေါ် နိုင်စားသလို ဖြစ်သွားတာ၊ ယောကျ်ားလေးတွေမှာ တို့မိန်းကလေးတွေ မယှဉ် နိုင်တဲ့ ဘုန်းကံဆိုတာရှိတယ်၊ ကိုယ်ဆိုးသမျှက အဲဒီဘုန်းကံကို ဆွဲနှိမ့်ပစ်သလိုဖြစ်သွားခဲ့ရင်"

"လူနာ…လူနာရှင်‥ ဘယ်မှာလဲ"

စူးခနဲအော်လိုက်သည့်အသံကြောင့် ကျော် အိပ်မက်က လန့်နိုးသလိုမျိုး ဖျတ်ခနဲ သတိဝင်လာသည်။ ထိုအခါ… နာကျင်မှု ဝေဒနာက တဖန် သူမရဲ့ ခံနိုင်ရည်အား ထိုးနှက်တိုက်ခိုက်ပြန်ရာ။

"အ…အား"

ဝိုးဝိုး၈၁၉၀

"မေနီကျော်… အိမ်ကတစ်ယောက်ဆီသွား၊ ဒီမှာ ခွဲစိတ်ဖို့လိုတယ်၊ လက်မှတ်ထိုးပေးပါလို့"

ခွဲစိတ်ဖို့တဲ့။ ကျော့်စိတ်ထဲ မားတွေအပ်တွေ၊ ပြီးတော့ ခွဲစိတ်ခန်းဝတ်စုံတွေကို မြင်ယောင်ပြီး။ ဘုရားရေ… ကျော် သူ့အပေါ် နိုင်စားခဲ့လို့လား။ ကျော့်ကြောင့် သူ နာကျင်ခံရဖူးသည်။ ဒီအကျိုးဆက်ကြောင့်များ အခုလို ကျော် ခံစားနေရတာလား။ ခွဲစိတ်ခံရဦးမည်လား။ ဒါဆို မေမေ ပြောခဲ့ဖူးသည့်အတိုင်း ခြေဆေး ရေဆိုရင်ရော။ အို… ရွံစရာကြီးပါ။ တွေးရင်း တွေးရင်းနှင့် နာကျင်ခြင်းဝေဒနာက တစ်ခါထပ်လျှော့ပါးသွားကာ…

ဒီတကြိမ် ကျော် အိပ်ပျော်သွားတော့ ကျော်ဘေးနား တဝိုက်မှာ ပန်းရနံ့တွေ လှိုင်လှိုင်သင်းနေတာကို ရှူရှိုက်ရင်းနှင့်။

• • •

ဦး:ဦး:၈၇၆ပ

# နှောင် … သုံးနှစ်ကြာသော်

ဦး:ဦး:၈၇၆ပ

## အခန်း (၃၂)

"အို… မသွားပါနဲ့သမီးရယ်"

"ဟင့်အင်း… ဒီမှာမနေချင်ဘူး၊ မီးမီးက ဖေဖေနဲ့ နေမှာ"

"မဟုတ်တာ… သမီးက မေမေနဲ့ပဲနေရမှာ၊ မေမေက သမီးကို ထမင်းဟင်းတွေချက်ကျွေးမယ်"

"မလိုပါဘူး… ဖေဖေလည်းချက်တတ်တာပဲ၊ ဖေဖေက တစ်ခုတောင်ပိုသေးတယ်၊ ဘာလဲသိလား"

ကျော် ခေါင်းပဲအသာရမ်းပြသည်။ အရောင်မျိုးစုံ ဖူးပွင့်နေသော ပန်းများ၏ရနံ့က ဒီတစ်ခါတော့ သင်းသင်းပျံ့ပျံ့





…ဟုတ်။ စူးရှစွာ မွှေးခြင်းမျိုးလည်းမဟုတ်ဘဲ ခပ်ထုံထုံအနံ့မို့ …ကျော်က ဒါ အလွမ်းရနံ့ဟု ကင်းပွန်းတပ်ချင်သည်။ ကျော်ရှေ့၌ …ပ်နေသော သုံးနှစ်အရွယ်ကလေးမလေးကတော့ အလွမ်းတွေ …ာတွေ သိဦးမည်မထင်။ ပန်းရောင်ဂါဝန်ကားကားလေးကို …ုတ်ထောက်နေသည့် ဆံပင်မည်းမည်းခဲခဲလေးများဖြင့် အနား …တ်ထားသော ဘဲဥပုံမျက်နှာလေးမှာ ထင်ရှားတာက နှာတံချွန် …န်များနှင့် ရန်တွေ့ကောင်းမည့်ထောင့်ချိုးညီ နှုတ်ခမ်းပါးများ။ …ကလေးမလေးသည် ကျော် လက်ထဲမှ ဆတ်ခနဲ ရုန်းထွက်ရင်း

"ဖေဖေက မီးမီးကြိုက်တဲ့ ချိ(စ်)ကိတ်ဖုတ်တတ်တယ်၊ …ဦးတော့ ဖေဖေ့မှာ မီးမီးကြိုက်တဲ့ ပီကေတွေလည်း အများကြီးရှိ …တယ်"

ပြောပြီး ဂါဝန်လေးကားခနဲဖြစ်သွားအောင် ပြေးထွက် …သွားတာ ကျော်နှင့်ဝေးရာဆီ။ ကျော်အကြည့်က သမီးကို တရွေ့ …ရွေ့လိုက်ကြည့်ရင်း…

"ဟင်…သူ"

ပြေးထွက်သွားသော သမီးရှေ့ ခြေစုံရပ်နေသော သူက …တ်ခနဲ သမီးကို ချိုင်းကချီမကာ လေထဲသုံးပတ်မွှေပစ်သည်။ …သောကျလွန်း၍ ခိုးခိုးခစ်ခစ် သမီးကရယ်မှ သူကရယ်လိုက်

ရင်း သမီးပါးဖောင်းဖောင်းလေးထဲ သူက နှာတံနှစ်မြုပ်သည်
အထိ အကြမ်းအရမ်း နမ်းပစ်တော့··

"ကြည့်စမ်း·· သမီးရဲ့ဘယ်ဘက်ပါးမှာ ပါးချိုင့်
လေးထင်းလို့"

ကိုယ့်အသံက ကိုယ့်နှုတ်ဖျားက ပဲ့ထွက်ကာ ဖျတ်
ကျော့်ကို လန့်နိုးစေသည်။

"သမီး"

နိုးသောအထိ နှုတ်ဖျားမှာ သမီးလို့ခေါ်ရတာ စိတ်ခွဲ
ကျော် အိပ်ရာပေါ်မှ ဖျတ်ဆိုငုတ်တုတ်ထထိုင်သည်။ မီးစုန်းပါ
နာရီရဲ့ အစိမ်းရောင်လက်တံက မနက်သုံးနာရီကို ညွှန်ပြနေသည်
ဒီအချိန်ဆို မြန်မာနိုင်ငံမှာ ဘယ်နှနာရီရှိပြီလဲ။ သမီး သ
ကလေးရော ဒီအချိန်ဆို···

"မမလေး··· သမီး နေကောင်းပါတယ်၊ အစ်ကိုလေ
အတူရှိတယ်"

"စိတ်ချပါ၊ ကလေးဘာမှမဖြစ်ပါဘူး၊ ရှင်က ခွဲ
ထားရတော့ ကလေးကို တွေ့ခွင့်မရှိတာ ရှင်ပင်ပန်းမှာစိုးလို့
အားပြည့်အောင်အိပ်လိုက်ပါနော်၊ သိပ်မကြာခင် ရှင်တွေ့ရ
မှာပါ"

နိုး၊နိုး၊၈၁၈ပ



ဘာကို တွေ့ရမှာလဲ၊ သမီးကိုလား။ ပြီးတော့ သူ့ကို
ရော၊ မေးချင်သည့်စကားကို နှုတ်ဖျားသို့ရောက်ခွင့်မရှိတော့ဘဲ
ကျော့်မှာ အိပ်ဆေးဒဏ်ကြောင့် မူးမူးမေ့မေ့နှင့် ပြန်အိပ်ပျော်သွား
ခဲ့သည်။ ဒါ ကျော် ခွဲစိတ်ခန်းထဲကထွက်တာနှင့် အိပ်ရာနိုးတိုင်း
တွေ့ရတာ စပါယ်ရှယ်နာ့(စ်)တွေ မိချိုနှင့် ဆရာဝန်တွေ ဖြစ်ပြီး
ထိုသို့···ကျော် နေ့ရက်တွေကို အိပ်တစ်လှည့် သူတို့ပြုစု
စောင့်ရှောက်မှုများတွင် နိုးတစ်လှည့်နှင့် ဖြတ်သန်းခဲ့သည်။ ကျော်
အခန်းရှေ့က အနီးထုပ်ဖွေးဖွေးလေးထဲမှာ ထုပ်ပိုးထားသည့် ကလေး
ငယ်တွေကို မိခင်တွေပွေ့ပိုက်သွားမြင်လျှင် ကျော်က ခေါင်းထောင်
ကြည့်ခဲ့ရုံမှအပ ဘယ်သူ့ကိုမှ ဘာမေးခွန်းမှ မမေးတော့။ အရာ
အားလုံးသည် ကျော့် စိတ်တိုင်းကျဖြစ်ခဲ့ပြီဟု ထင်သည်။ သို့ပေမဲ့
ထိုစဥ်ကတည်းက ကျော် မပျော်ရွှင်ခဲ့ပါ။

"ဒီနေ့ ဆေးရုံကဆင်းရမယ် မမလေး"

မိချိုပြောတာကို ငြိမ်သက်စွာ ကျော်နားခံခဲ့သည်။ စပါယ်
ရှယ်နာ့(စ်)နှစ်ယောက်နှင့် ကလောကမ်ကြီးထံ ကျော် ခြေချတော့
ခံ့ဝန်းကျင်သည် သူစိမ်းဆန်စွာ ကျော့်ကို တိတ်ဆိတ်စွာ ဆီးကြိုခဲ့
သည်။ ကိုယ့်ဝမ်းဗိုက်စူစူကြီး ပြားချပ်သွားခြင်း၊ ကျော့် ဝမ်းဗိုက်
အောက်နားကျကျတွင် ခွဲစိတ်ထားသည့်ဒဏ်ရာလေးမှအပ ကျော်

နိုး၊နိုး၊၈၁၈ပ

သည့် ကလေးတစ်ယောက် မွေးဖွားခဲ့သည်ဟု ကိုယ့်ကိုယ်ကို ယုံချင်စရာတောင်မရှိခဲ့။ မရှိခဲ့ဆို သူမမွေးထုတ်ပေးသောကလေးက ဖြိုးဖြိုးသလား၊ မည်းသလား ကျော်မြင်ခွင့်မှ မရခဲ့တာ။ ခွဲစိတ်ထားသောဒဏ်ရာက ထူထူထောင်ထောင်ဖြစ်လာသည့်နေ့မှာ ကျော်ထံ ရှားရှားပါးပါး ဧည့်သည်တစ်ဦး ရောက်ရှိလာခဲ့ပါသည်။

"အန်ကယ်(လ်)က လမိုက်ရဲ့ ဥပဒေအကျိုးဆောင်ပါ ဒါ လမိုက်ရဲ့ ပိုင်ဆိုင်မှုစာချုပ်တွေကို သမီးဆီ လွှဲပေးခဲ့တာပေမဲ့ ဒီကလေးခြံနဲ့အိမ်တော့ မပါဘူး မေနီကျော်"

မျက်လုံးအကြောင်သားနှင့် ကျော်က ရှေ့နေကြီး ချပြလာသော စာချုပ်တွေကိုငေးရင်းက …

"ကျော်… တောင်းခဲ့တာ ဒီစာချုပ်တွေမဟုတ်"

"ဒီမှာ… ကွာရှင်းစာချုပ်ပါ မေနီကျော်"

ကျော် လိုချင်တာကို ဖြည့်ဆည်းပေးတတ်တာ ရှင့်အချစ်ပဲလားလို့ သူအနားရှိလျှင် ပြေးမေးချင်သည်။ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲကြောင်း စာချုပ်မှာ သူတစ်ဦးတည်း လက်မှတ်ထိုးထားပြီး‥

"လမိုက်က ရန်ကုန်က သမီးမိဘများဆီ လမိုက်အဖေ ကိုယ်တိုင် အကြောင်းစုံရှင်းပြပြီးပါပြီတဲ့၊ မနက်ဖြန်ပဲ သူတို့လာကြ





ါလိမ့်မယ်"

ပြောစရာစကား ကုန်သွားသလို ရှေ့နေကြီးက မတ်တပ်ရပ်သည်။ ကျော်က ခပ်ဖြည်းဖြည်းလိုက်မော့ငေးပြီးမှ

"ခဏလေး…အန်ကယ်၊ ကျော် မေးစရာလေးရှိလို့ပါ"

"မေးပါ"

ပြင်စခြေလှမ်းကိုတုံ့ပြီး ရှေ့နေကြီးကခွင့်ပြုသည်။

"ကျော်… ကျော့်ကလေးလေး နေကောင်းပါတယ်နော်"

ရင်ထဲမှာ ရှိုက်သံတွေညှံနေခြင်းကြားက ကျော်က မေးဖြစ်အောင် မေးခဲ့သည်။ ရှေ့နေကြီးက ခေါင်းညိတ်ပြရင်း…

"နေကောင်းပါတယ်ကွယ်၊ ကလေးက မွေးကတည်းက ကျန်းမာရေးကောင်းပြီး သိပ်အေးတဲ့ သမီးကလေးတဲ့၊ ပြီးတော့ မွေးကင်းစကတည်းက ကလေးရဲ့ ဘယ်ဘက်ပါးမှာ ပါးချိုင့်ရာကလေး ထင်းနေအောင်ပါတာ၊ မေနီကျော်အတိုင်းပဲလို့ လမိုက်က ပြောသွားဖူးတယ်"

ရှေ့နေကြီးက စကားလုံးတိုင်းကို ဖြည်းဖြည်းနှင့် မှန်မှန် ပြောပေမဲ့ စကားလုံးတိုင်းက ကျော့ရင်ကို ထိသော လက်နက်ဆန်းများဖြစ်ခဲ့ပါလျှင်

"အဲဒါ… ကိုယ့်မိုက်ပြစ်နဲ့ကိုယ်ပဲသမီး၊ မင်္ဂလာဦး ဖျက်ခဲ့တာက ပြီးခဲ့ပြီ၊ ကိုယ့်ဘဝ ကိုယ့်အိမ်ထောင်မှာ သားသမီး လည်းရပြီဆိုရင် ဒီအိမ်ထောင်အခွန့်ရှည်ဖို့ပဲ ကြိုးစားခဲ့ရမှာ"

"သမီးကို မေမေတို့ အမွေပြတ်စွန့်လွှတ်ခဲ့ပေမဲ့ ကိုယ့်သားသမီးပဲကွယ်၊ စိတ်ဆိုးတုန်းမို့ ဖြစ်ချင်ဖြစ်မယ်၊ တစ်ဖက် မိသားစုကို အားနာခဲ့တာလည်းဖြစ်မယ်။ မိတ်ကပ်ပြင်ဆရာမဆီ သွားမေးတော့လဲ သမီးက လမိုက်လာခေါ်တာနဲ့ ကောက်ခါ ထလိုက်သွားတာတဲ့၊ ဒါပေမဲ့ သမီးပျောက်သွားပြီး သိပ်မကြာဘူး ချမ်းက လက်ထပ်တော့ ညည်းအဖေကတောင်ပြောနေတာ ဒါ… သွေးရိုးသားရိုးမဖြစ်နိုင်ဘူးဆိုပြီးလေ"

သွေးရိုးသားရိုးမဟုတ်ခြင်းရဲ့ အဖြေက ဘာလဲ။ ဒီနေ့အထိ ကျော်ရော မေမေတို့ပါ မရှာနိုင်ခဲ့ပါ။ ဒီအိမ်ကြီးက ခွာပြီး ရန်ကုန် ပြန်ရောက်တော့…

"တော်တော် ညှို့ဝတ်ကျေပွန်ကြတာပဲ၊ ဦးနေမင်း ကိုယ်တိုင် ညှို့ဝတ်မပြုပေမဲ့ သူလူတွေက တာဝန်ကျေကြပါ တယ်"

ကလောခြံမှာ တည်းခိုပြီးသမျှအတွက် ဖေဖေက ပြောသည်။ မေမေကတော့ ကျော့်ဆံစလေးတွေကို သပ်တင်





ပေးရင်း

"မေမေ့သမီးကို မေမေ ပြန်ရခဲ့ပေမဲ့ သမီးသွေးပါတဲ့ မေမေ့မြေးလေးကို တွေ့ချင်သား"

တဲ့…။ ကျော်လည်း ကျော့်သွေးပါတဲ့ သမီးကို တွေ့ချင် ပါတယ် မေမေလို့ ပြောခဲ့သမျှ ရင်တွင်းစကားများသာ။ ရန်ကုန် ရောက်ပြီး လပိုင်းအတွင်းမှာပဲ ကျော်က ဘဝသစ်ထူထောင်ရန်။ ဖြစ်ခဲ့သမျှအတိတ်ကို မေ့ဖျောက်ရန်အတွက် ဒုဘိုင်းရှိ ဟိုတယ်ကို ပြောင်းရွှေ့အလုပ်ဝင်ခဲ့တာ ဒီနေ့အထိ။ နေရာဒေသသာ ပြောင်းလဲ ပေမဲ့ ခံစားချက်တွေ မပြောင်းလဲသောအခါ…

"မမ… မေနီကျော်"

ဟိုတယ်က ပေးထားသောတိုက်ခန်း၌ အတူနေသူ မြန်မာမလေးက ကျော့်အခန်းတံခါးကို လာခေါက်သည်။

"ကိုယ်…နိုးနေပြီ သူဇာ"

"လာနှိုးတာ မမ လေယာဉ်မမီမှာစိုးလို့၊ သူဇာ ဘရိတ် ဖတ်(စ်)လည်း လုပ်ထားတယ်၊ စားပြီးမှ လေယာဉ်ကွင်းဆင်း ပေါ့"

"အိုကေ…သင့်(ခ်)ယူ"

ကျော်က အပြုံးနှင့်ပြောရင်း တင်ပါးနားဝဲဖြာနေသော

ဆံပင်ရှည်ကြီးအား ရှေ့နောက်သိမ်းကာ ဖျောကြိုးနှင့်လျှော့လျှော့လေး စည်းသည်။ သူဇာက ကျော်လုပ်သမျှ အခန်းဝမှ ခေါင်းလေးပြူကြည့်နေရင်းက

"သူဇာ… ဝမ်းမသာနိုင်ဘူးဖြစ်နေတယ်၊ သိလား မမ"

"ဘာဖြစ်လို့လဲ…သူဇာ"

ကျော်က ရေချိုးရန်ပြင်ဆင်ရင်းက ခေါင်းလေးငုံ့ပြီး မေးသည်။ သူဇာက အခန်းထဲဝင်လာပြီး ခုတင်ဘေးစွန်းမှာ ဝင်ထိုင်ကာ…

"မမ… မြန်မာပြည်ပြန်သွားရင် သူဇာက မမရာထူးကို ဆက်ခံရမှာ၊ ရာထူးမြင့်သွားတာနဲ့ လခရော တခြားခံစားခွင့်တွေပါ မြင့်သွားမှာသေချာပေမဲ့ သူဇာလည်း မြန်မာပြည်ပဲ ပြန်ချင်ခဲ့တာ၊ ကိုယ့်မြေကိုယ့်ရေမှာ ကိုယ့်မိသားနဲ့ အတူဆုံချင်တာလေ"

သူဇာက ဆွေးဆွေးလေး အဝေးကိုကြည့်ရင်း ပြောကာ

"မမကျတော့… တမင် ဒီဟိုတယ်ကို ပြောင်းရွှေ့ခွင့်တောင်းခဲ့တာဆို"

"အင်း…တို့က မြန်မာပြည်မှာ မနေချင်တဲ့ဒဏ်ရာတွေ ရှိလို့ပေါ့"

တမင်တကာ လေသံကိုမြူးပြီးပြောတော့ သူဇာက





မျက်တောင်လေးကိုပုတ်ခတ်ပုတ်လုပ်ရင်း

"ဒဏ်ရာ‥ မထင်ရပါဘူးနော် မမက ဒဏ်ရာရှိမှန်း၊ အမြဲတက်ကြွနေတာများ"

တဲ့။ ကျော်က ဟက်ဟက်ပက်ပက်ရယ်ရင်း ရေချိုးခန်းထဲ ဝင်လာတော့ မျက်ရည်တွေ စို့နေတာ သိနေသည်။ ရယ်လွန်းလို့ မျက်ရည်ထွက်တာလား၊ ဝမ်းနည်းခြင်းကြောင့် မျက်ရည်ဝဲသလား၊ ကျော် အဖြေမရှာချင်တော့။ ဒဏ်ရာရှိရက်နဲ့တောင် မယုံချင်ကြတဲ့လူတွေကြောင့် ကျော်က ဗိုက်ခွဲထားသောနေရာမှ ချုပ်ရိုးကြောင်းလေးကို လက်နှင့်ဖွဖွစမ်းကြည့်ရင်း ဒီထက်နက်တဲ့ဒဏ်ရာ ရင်ဘတ်ထဲမှာရှိပြီး ဒီနေ့ထိ မကျက်နိုင်သေးဘူးပြောရင်ကော ဘယ်သူယုံမှာတဲ့လဲ။

◆ ◆ ◆

## အခန်း (၃၃)

"ကြည့်စမ်း… မေမေ့သမီးလေး တကယ့်လူကြီးလေး ကျနေတာပဲ၊ ဆံပင်တွေရှည်လာလိုက်တာ၊ တင်ပါးနားဝဲနေပြီ၊ ဆံပင်ကျတော့ ဗမာဆန်ပြီး ရုပ်ကလေးက ဘိုမရုပ်ကလေးလိုပဲ အသားအရည်ကအစ ပန်းရောင်သမ်းနေတာ"

"အဟွန်း… မေမေတို့ကတော့လုပ်ပြီ၊ ကိုယ့်သမီးကို ချီးမွမ်းနေလိုက်တာ၊ ကိုယ့်ငါးချဉ် ချဉ်ပါတယ်ကြော်ငြာနေတဲ့ အတိုင်း"

ကျော်က မေမေ့ကိုပြောရင်း ဖေဖေ့ဘက်အပြုံးနှင့် လှည့်ကြည့်ရင်း





"ဖေဖေ နေကောင်းတယ်နော်"

ဖေဖေဆန့်တန်းထားသော လက်နှစ်ဖက်ကြားတိုးဝင်ပြီး ဖက်တော့ ကျော့်ကိုယ်ကျော့် ဟိုးအရင်က ကလေးငယ်လေးလို။ လွတ်လပ်သော၊ အားကိုးသော၊ ယုံကြည်သော ခံစားမှုများနှင့် နို့နှစ်ရောင်အင်္ကျီက လည်ပင်းပြဲပြဲလေးပေါ်မှာ ကုတ်နှင့် ဘောင်းဘီရှည်က အနက်ရောင်ဆင်တူ။ အဖြူရောင် ပုလဲပုတီးကုံးရှည်အား လည်ပင်းမှာ တပတ်,ပတ်ပြီး ရင်ဘတ်ပေါ် ဒီအတိုင်း ဆွဲချထားသော ကျော့်သဏ္ဌာန်သည် လှပခြင်းမှာ ရင့်ကျက်ခြင်းတွေ ရောစွက်နေပေလိမ့်မည်။ ဖေဖေက ကျော့် လက်မောင်းရင်းနှစ်ဖက်အား ဆုပ်ကိုင်ကာ ကျော့်ကို စေ့စေ့စပ်စပ်ကြည့်သည်။ ထို့နောက် ကျေနပ်အားရသောအပြုံးမျိုးနှင့်

"သမီး ဘယ်တော့ ပြန်လာမလဲလို့ ဖေဖေ ညအိပ်ရာဝင်ခါနီးတိုင်း တွေးမိတယ်၊ မနက်လင်းတော့လည်း သမီးပြန်လာမယ်လို့ပြောတဲ့ဖုန်းများ လာမလားလို့ မျှော်လင့်နေတာနဲ့ပဲ တစ်နေ့ကုန်သွားပြန်ရော၊ ဒီတော့ ဖေဖေ ဘယ်လိုထပ်တွေးမိလဲ သိလား"

ကျော်က မျက်ရည်ဝဲသော မျက်ဝန်းတွေနှင့် ခေါင်းယမ်းပြသည်။ ဒီသမီးတစ်ယောက်အပေါ် ရှိသမျှအချစ်တွေ စုပုံထားကာ ဖြစ်သမျှအပြစ်တွေကို ချေဖျက်ပေးနိုင်သည့် မိဘတွေ

ကိုနှားလည်လာသည်။ သူမတောင် မတွေ့မမြင်ဖူးသော သမီးအား သွေးဆိုသောအသိဖြင့် အချိန်အခါမလပ်သတိရခဲ့လျှင် ဖေဖေက ကျော့်ခေါင်းလေးကိုပုတ်ရင်း…

"သမီး… ဒဏ်ရာတွေမပျောက်သေးလို့ ပြန်မလာတာပဲလို့"

"ဖေဖေရယ်…ကျော်…ကျော်ကလေ"

ရင်ထဲဆို့တက်လာသည်။ ငိုချင်ရက်လက်တို့ဆိုတာ ဒါမျိုးပဲလား။ ကျော်က လှိုက်ခနဲတက်လာသော မျက်ရည်တွေကို ဖေဖေ မမြင်အောင် ရင်ခွင်တစ်ခြမ်း၌ ပါးအပ်ရင်းက ကျိတ်ရှိုက်သည်။

"မငိုနဲ့သမီး… သမီးဝမ်းနည်းအောင် ဖေဖေပြောတာ မဟုတ်ဘူး၊ ဖေဖေကိုယ်ဖေဖေ အားမရတာပါ၊ သားသမီးရဲ့ဆန္ဒကို မဖြည့်ပေးနိုင်တဲ့အခါဖြစ်တဲ့ မိဘတစ်ယောက်ရဲ့ ယူကျုံးမရမှုမျိုးပေါ့"

"မဟုတ်တာဖေဖေရယ်၊ ဖြစ်သမျှ ကျော့်အပြစ်တွေပါ၊ ကျော် အနိုင်လိုချင်မိလို့ပါ၊ ကျော် သူ့ကိုရှုံးခဲ့တော့ ကျော် တစ်ကြိမ် ပြန်နိုင်ချင်ခဲ့တာပါ၊ ကျော် နိုင်မယ်ထင်ခဲ့တာပါ ဖေဖေ"

"မိုက်လည်း… ရှုံးခဲ့ပါတယ် မေနီကျော်"

ထိုအသံက ကျော့်နောက်ပါးက ထွက်ပေါ်လာတာ။





ဖေဖေ့ရင်ခွင်ထဲမှ ဆတ်ခနဲ ခေါင်းထောင်ကြည့်တော့

"သမီးကို ကြိုဖို့တဲ့၊ လူစုပြီးလာကြတာလေ၊ ကြည်သာချမ်းတို့ဇနီးမောင်နှံရယ်၊ ဟိုမှာ သမီးအန်တီတောင်ပါသေး"

ချမ်းက သူ့ဇနီးဖြစ်ဟန်တူသူကို ပခုံးဖက်ထားသည်။ သူတို့အတွဲနောက်မှာ ချမ်းမေမေက ချစ်စဖွယ်ကလေးလေးအား လက်ဆွဲလို့ ကျော့်ကို ပြုံးပြီးနှုတ်ဆက်သည်။

"ဒီမှာ ကျွန်တော်တို့လည်းပါသေးတယ်‥ မေနီကျော်ရဲ့"

အသံက ဆန့်ကျင်ဘက်အရပ်ဆီက။ ကျော် ခေါင်းလှည့်ပြီးကြည့်တော့…

"ကိုထက်ကောင်း"

"အဟား… မှတ်မိလို့ တော်သေးတာပေါ့၊ ဒါ‥ ကျွန်တော့်ဇနီးစုစုဝေ၊ ဒါက ကျွန်တော့်သား ထက်အာကာတဲ့"

"အောင်မာ…မင်းချည်း မိတ်ဆက်နေတယ်၊ ငါ့သားပွဲထုတ်မှဖြစ်မှာ၊ ဒါ ကျွန်တော့်သား ကောင်းကင်ချမ်းတဲ့"

အတင်းကြီး ကလေးတစ်ယောက်စီလက်ဆွဲပြီး လာမိတ်ဆက်နေသော လိုနှစ်ယောက်ကြောင့် ကျော့်မှာ ငိုချင်စိတ်တွေ ဘယ်ရောက်သွားမှန်းမသိဘဲ အယောင်ယောင်အမှားမှားနှင့် ပြုံးပြနှုတ်ဆက်ရသည်။

"အမယ်... ဒါမျိုးကျ သွက်နေလိုက်တာ၊ တို့ကို ချန်ထား လို့မရဘူးနော်၊ ဒီမှာ တို့က တစ်ကမ္ဘာလုံးလင်းတဲ့ မေလဝန်း"

"ဟယ်... ဒါ...ဟို Spa ကမာမီ"

"တွေ့လား... မာမီသမီးက မှတ်မိတယ်၊ နောတွေ ပြန်ပေါင်းထုတ်မဲ့ပွဲမှာ ငါ့ကိုမေ့ထားတယ်ပေါ့၊ မရဘူး"

"မေ့တောင် မာမီက ကြားဖြတ်လာတာမဟုတ်လား"

"အေးပေါ့ဟဲ၊ ငါက ရုပ်ရှင်လက်မှတ်တန်းစီတာ အကျင့် ပါနေလို့"

ကျော့်မျက်လုံးတွေ ချာချာလည်အောင် အုံ့သြရသလို ခေါင်းတွေပါ ချာချာလည်ကာ မျက်ဝန်းတွေ ပြာခနဲဖြစ်သွား ခြင်းက တရကြမ်းဆောင့်ခုန်သောရင်ခုန်သံအရှိန်များကြောင့်ဟု ဆိုလျှင်...

"သမီး...ဒီမှာ မိတ်ဆက်ပေးမလို"

ဖေဖေပြောမှ ကျော်က ဒီဘက်လှည့်ကြည့်တော့ ရင်ထဲ ဒိန်းခနဲဆောင့်ခုန်သွားသည်။ ရင်းနှီးဖူးသော မျက်ခုံးမျက်လုံးတွေနှင့် နှုတ်ခမ်းတစ်စုံကို မြင်ရချိန်မှာ ကျော် နှာသီးဖျား၌ ပီကေ... သင်းလာသလိုလို။

"ဒါ ဦးနေမင်းတဲ့"





"အန်ကယ်(လ်)က လမိုက်ရဲ့ အဖေပါ"

ထိုမိတ်ဆက်စကားတစ်ခွန်းနှင့်တင် ကျော် မိုက်ခနဲ ဖြစ်သွားရလေသည်။

• • •

## အခန်း (၃၄)

"ဆိုင်ရဲ့ နာမည်က…မျှော်လင့်သူတဲ့"

နားထဲပြန်ကြားယောင်တာ ထက်ကောင်းရဲ့အသံပါ။ ကျော်က လက်ကိုင်အိတ်ကို လက်နှစ်ဖက်နှင့်စုံကိုင်၍ တစ်ခါက ရင်းနှီးဖူးသော သုံးထပ်တိုက်ကြီးကို အသာရပ်ငေးနေမိသည်။ တိုက်ကြီးရဲ့အောက်ဆုံးထပ်ကို မှန်တံခါးအညိုကြီးတွေနှင့် ကာရံထားကာ ဆိုင်တစ်ဆိုင်ရဲ့ အခင်းအကျင်းမျိုး ပြောင်းလဲထားသည်။ မှန်တံခါးသည် အရင်ကအတိုင်း ဟိုးခပ်ဝေးဝေးမှာ ကျန်ခဲ့တာဖြစ်ပြီး

"ဒီကောင့်တိုက်က မေနီကျော်သိတဲ့အတိုင်းပဲ တအား လှတာ၊ ဒါပေမဲ့ ခြံတံခါးနဲ့အိမ်က ဝင်ရတာအလှမ်းဝေးနေတာ





တစ်ခုပဲ"

"ဒါပေမဲ့ အခုဆိုင်ဖွင့်တော့အဆင်ပြေပါတယ် ထက်ကောင်းရာ၊ မိုက်က အိမ်အဝင်လမ်းတစ်လျှောက်ကို ခုံတန်းလေးတွေနဲ့ ပန်းရုံလေးတွေနဲ့ အလှဆင်ထားတာ၊ ဒန်းလေးတွေ တောင်ချထားတော့ တချို့အတွဲလေးတွေဆိုရင် ဆိုင်ထဲတောင်မဝင်ဘူး…ခြံထဲမှာတင် စားကြသောက်ကြနဲ့ ကြည်နူးစရာလေးဗျာ"

"မိုက်က…သူမှာကြည်နူးစရာနဲ့ ဝေးနေတော့ ဒီလိုပဲ သူများအတွဲတွေကြည့်ပြီး ကြည်နူးရတာပေါ့ကွာ"

ပြောရင်းက သူတို့သူငယ်ချင်းအတွက် ဆွယ်တာရေးက ယောကြသေးတာ။ ကျော်က ပခုံးပေါ်ပြုတ်ကျလာသော အနီရောင်မာဖလာအား လည်ပင်းပေါ် ပြန်ပတ်တင်သည်။ အနက်ပေါ် အနီစင်းလေးတွေပါသော ဆွယ်တာအင်္ကျီနှင့် နီညိုရောင်စကဒ်က ဒူးဖုံးရုံလေးကို ကျော်က လည်ရှည်ဖိနပ်က ဒေါက်အမြင့်နှင့်။

"သူက…မေနီကျော်ကို အရင်ဆုံးစတွေ့ပြီး အရင်ဆုံး စချစ်ခဲ့တာပါ၊ ထရိန်နင်တုံးက အသံဖမ်းစက်လေးထဲကရှိတဲ့ မေနီကျော်ရဲ့အသံကို ဒီနေ့ထိ သူ အခါခါနားထောင်တုံး"

ကျော်က ပင့်သက်ရှိုက်သွင်းရင်း မှန်တံခါးကြီးဆီသို့ လျှောက်သွားသည်။ မှန်တံခါးကို တွန်းဖွင့်ချိန်မှာပင် ကျော်နှလုံး

ခုန်သံသည် စတင်ကျယ်လောင်မြန်ဆန်လာတာဖြစ်၏။ ဆိုင်တွင်းက သစ်သားခုံဝိုင်းလေးတွေက ရှင်းရှင်းလင်းလင်း စီစီရီရီ ဆိုင်နောက်ဘက်၌ ကောင်တာလို စားပွဲရှည်ကြီးရှိပြီး ထိုစားပွဲ၏ နံရံတွင် တံခါးပေါက်တစ်ခုက နောက်အခန်းနှင့်ဆက်သွယ်ထား ဟန်တူသည်။

"မိုက်က....ကိတ်တွေ၊ မုန့်မျိုးစုံလုပ်တာတွေ ကျွမ်းတော့ သူလက်ထွက်ဆို အရာသာကောင်းတယ်ဗျ၊ ဒါကြောင့် ကလောမှာ မျှော်လင့်သူရဲ့ကိတ်ဆို မသိသူမရှိသလောက် နာမည်ကြီးပဲ"

ချမ်းက ညွှန်ခဲ့သေးတာပဲ။ ဒါဆို ဆိုင်ထဲမှာ ဘာကြောင့် လူရှင်းနေရသလဲ၊ သူတို့သားအဖ တစ်နေရာရာများ၊ အတွေး ထဲမှာတင် လက်မခံနိုင်လောက်အောင် ကျော်က ခေါင်းကို ယမ်းပစ်တော့ နောက်ပါးဆီမှ ဆံပင်တွေက ဝဲခနဲ ခါယမ်းသွား သည်။ ထိုအခိုက်မှာပင်

"ဒီနေ့.... ဆိုင်ပိတ်ပါတယ်ရှင်"

ဆတ်ခနဲ တုန်သွားသည်။ အသံက ကျော်နောက်ပါးမှ ကိုယ်ကို တစ်ပတ်လှည့်ကြည့်တော့ မျက်လုံးဝိုင်းဝိုင်း၊ နှာတံချွန်ချွန် မှာ နှုတ်ခမ်းနီစုစုနှင့် ကလေးမလေးက တစ်ကိုယ်လုံး ရဲရဲနီသော





ခေါင်းစွပ်၊ အင်္ကျီဘောင်းဘီတို့ကိုဝတ်ထားပြီး ဖိနပ်ကျတော့ အဖြူ ရောင်လေဒီရှူးလေးစီးထားကာ ဆံပင်တွေ ကုတ်ထောက်ရုံ မည်းမည်းခဲခဲလေး။ ကျော်သည် ထိုကလေးမလေးကို စိုက်ကြည့် ရင်း ခန္ဓာကိုယ်ကသွေးတွေ ဖျိုးဖျိုးဖျတ်ဖျတ်မြည်လာသလို။ သူကလေးထံ မျောသွားသလိုနှင့် ရင်တွေ တလှပ်လှပ်ခုန်ကာ သူမလေးရှေ့ ဒူးထောက်ထိုင်ချရင်း

"သမီး"

ကလေးမလေးက နောက်သို့ခြေတစ်လှမ်းဆုတ်သည်။ ပြီးမှ မေးဖျားလှုပ်ရုံဝါးနေသော ပီကေကို ဖူဖောင်းအကြီးကြီးမှုတ် ပြပြီး...

"အန်တီက..ဖေဖေ လုပ်ကျွေးတဲ့မုန့်ကို စားချင်လို့ လားဟင်"

ကျော်က ချက်ချင်းစကားမဆိုနိုင်။ ခေါင်းပဲညိတ်ပြတော့

"ဒီနေ့ဆိုင်ပိတ်ပေမဲ့ ချစ်သွေးစားမဲ့မုန့်ထဲက နည်းနည်း ကျွေးမယ်၊ ချစ်သွေးမှာ- မုန့်ရှိတယ်သိလား၊ တခြားလူဆို မကျွေး ဘူးနော်။ အန်တီက ချစ်သွေးမေမေနဲ့တူလို့"

"အို..သမီးလေးရယ်"

မချိမဆန့်ညည်းသံက ကျော်ရင်ထဲမှ ပွင့်ထွက်သွားသည်။

ချစ်သွေးကတော့ ထိုအန်တီအားငေးကြည့်ရင်း

"ဒါပေမဲ့…ချစ်သွေးမေမေက အန်တီလို ဆံပင်မရှည်ဘူး"

"သမီး…သမီးရယ်"

ကျော်…ထိန်းချုပ်မထားနိုင်တော့။ သမီးလေးကို အတင်းပွေ့ရင်း ရင်ခွင်ထဲဆွဲသွင်းကာ ဖက်ထားမိသည်။ ချစ်စရာကောင်းသော အပြစ်မဲ့သောသမီးသည် ကျော် ထားခဲ့သော အာဃာတကြောင့်…

"မေမေက…သမီးရဲ့မေမေပါ၊ သမီးလေးကိုတွေ့ချင်လို့ ဟိုးဝေးကြီးကနေလာခဲ့ရတဲ့သူပါ သမီးရယ်"

"မေမေ"

ချစ်သွေးက မျက်ရည်စို့နေသော ကျော့်မျက်နှာအား ပါးပြင်နှစ်ဘက်မှ သူ့မလက်သေးသေးလေးနှင့် ညှပ်ကိုင်ရင်း

"ဟိုးအဝေးကြီးကလာခဲ့ရတာဆိုရင် တစ်ဝက်တော့ မှန်တယ်"

"ဘာကိုတစ်ဝက်မှန်တာလဲ…သမီးလေးရယ်"

လက်ညှိုးလေး မေးဖျားမှာထောက်ပြီး ပြောနေသောသမ်းကြောင့် ကျော်ကမချင့်မရဲနှင့် ပါးဖောင်းဖောင်းလေးကိုနမ်





ရှိုက်ရင်းမေးသည်။ သမီးက ဘယ်ဘက်ပါးပြင်ပေါ်က ပါးချိုင့်လေးကိုထင်းနေအောင်ပြုံးပြရင်း

"ဖေဖေကပြောထားတယ် ချစ်သွေးရဲ့မေမေက ဟိုးအဝေးကြီးကို ရောက်နေတာတဲ့၊ တစ်နေ့တော့ပြန်လာမှာပါတဲ့၊ ဒါပေမဲ့မေမေ့နာမည်နဲ့ ချစ်သွေးနာမည်တူတာရှိတယ်၊ အဲဒီတော့… ဒီကအန်တီရဲ့နာမည်က"

"အမယ်…ညည်းလေးက"

ကျော်မှာ ဝမ်းနည်းစိတ်တွေ တခဏချင်းပျက်ပြယ်ကာ ချစ်စနိုးနှင့်သမီးပါးလေးအား ဖွဖွဆွဲလိမ်ရင်း

"ဟွန်း… သူက မအေကို စစ်ဆေးရေးဝင်နေသေးတယ် မသိရင်မှတ်ထား၊ မေမေ့နာမည်က မေနီကျော်၊ ကဲသမီးရဲ့ နာမည်က"

"ချစ်သွေးနီနီပါ…မေနီကျော်"

ကျော်…ဆတ်ခနဲတုန်သွားသည်။ တံခါးဝ၌ မားမားရပ်လျက်ရှိသော လမိုက်။ မပြောင်းလဲဘဲရှိတာက ဝေ့(ဗ်)ပါသောဆံပင်အုပ်အုပ်တွေနှင့် မေးဖျားတွေလှုပ်ရှားရုံ ဝီကေဝါးတတ်ခြင်းပင်။ လွမ်းဆွတ်ခြင်း၊ တမ်းတခြင်းတွေနှင့် သက်ရောက်ခြင်း အဓိပ္ပါယ်အမျိုးမျိုးဖြင့် သူနှင့်ကျော် အတန်ကြာ စိုက်ကြည့်

နေပြီးမှ

"ဖေဖေ"

ချစ်သွေးနီနီက ခေါင်းလည်းခေါ် ကျော်လက်တစ်ဖက်ကို ဆွဲထားကာ…

"ဒါ… ချစ်သွေးမေမေလားဟင်"

ကြည့်… မေးပုံက လမိုက်ကဘာဖြေရမှန်းမသိပုံနှင့် ကျော်ထံလှမ်းကြည့်သည်။ ကျော်က တမင်ပင် ညစ်ကျယ်ကျယ် စိုက်ကြည့်နေရင်း

"ဖြေလိုက်လေ…ရှင့်ကိုကလေးကမေးနေတာကို"

"ကိုယ်က"

"အင်း…ရှင်ဖြေရမှာပဲကို၊ ဘာလဲ…ရှင်က ကျော်မသိ အောင် ကလေးနဲ့ပတ်သက်ပြီး ဘာတွေရှုပ်ထားသေးလဲ"

"အာ…မရှုပ်ပါဘူး"

မိုက်က ရင်တုန်ရင်ခုန်မပြေရသည့်ကြားထဲ သူမရဲ့ မီးဝင်း ဝင်းတောက်ကြည့်ကြောင့် လက်ခါခေါင်းယမ်းပြီး ငြင်းမိတာ အလျှင်စလို။

"ဒါဆို…ရှင်းလိုက်လေ၊ မေနီကျော်က သမီးရဲ့အမေ လို့"

ဝို : ဝို : ၈ ၇ ၆ ပ



သမီးကို ခွေ့ခနဲကောက်ချီပြီးပြောတော့ မိုက်က ကုတ်ပိုး ထက်ကဆံပင်တွေကို သပ်ချရင်း…

"အင်း…ဟုတ်တယ်သမီးရဲ့၊ ဒါ… သမီးရဲ့မေမေ"

"ချစ်သွေးသိပြီးသားပါဖေဖေရဲ့၊ ဖေဖေ့ကက်ဆက်လေး ထဲကအသံလေး၊ Roll Call မှာ ပထမဆုံး လက်မှတ်ထိုးထားတာ ကျွန်မဆိုတာ"

သမီးက ပီပီသသရွတ်ပြတော့ ကျော်က…

"ကြည့်စမ်း"

ဆိုပြီး မိုက်ထံ မျက်လုံးပြူးကာ အံကြိတ်ပြသည်။ မိုက်က မျက်နှာနီနီနှင့်ရယ်ရင်းက

"သမီးကကွာ…သွားဆော့တော့သွား"

"နေဦး…ပြောစရာကျန်သေးတယ်၊ ဖေဖေက မေမေကို ပြောသေးတယ်"

"ဟေး….ဟေး….သမီးနော်"

"ရှင်..ကလေးကိုပိတ်မနေပါနဲ့၊ ကွယ်ရာမှာတော့ အတင်းပြောသေးတယ်"

ကျော်က လှည့်ဟောက်ရင်း

"ဘာပြောတာလဲ သမီး၊ သူက"

ဝို : ဝို : ၈ ၇ ၆ ပ

"မေမေက…ခင်ကြီးကျယ်တဲ့"

"ဘာ"

"ချစ်သွေးက ခင်ကြီးကျယ်ရဲ့သမီး ဖင်ခေါင်းကျယ်တဲ့"

"ကြည့်စမ်း…လမိုက်၊ ရှင်တော်တော် ညစ်ပတ်နေပါလား"

"ကိုယ်ကစတာပါကွာ၊ သမီးက အားလုံးမှတ်ထားပြီး အကုန်ပြန်ပြောတော့တာပဲ"

မိုက်ကရယ်ရင်းက သူမတို့အနားသို့ လျှောက်လာသောအခါ ပီကေရုံ့က ကျော့နှာသီးဖျားမှတစ်ဆင့် ဟိုးရင်တွင်းအထိ ရောက်ရှိသွားတာ အောက်ဆီဂျင်လေထုနှင့်အတူ…

"မေနီကျော့"

သမီးကိုလက်လွှဲခေါ်ရင်း မိုက်ကတိုးတိုးခေါ်တော့

"ပြော…ဘာလဲ"

"ပြောမလို့မဟုတ်ဘူး…မေးမလို့၊ မင်း…ဒီအိမ်ကို ပြန်လာတာလားဟင် "

"ပြန်လာတယ်လို့ မထင်ဘဲ လာလည်တယ်လို့ထင်နေတာလား၊ ကျော့က…ဒီအိမ်ရဲ့ဧည့်သည်လား၊ ဒါမှမဟုတ် အိမ်ရှင်မလား၊ ရှင်ဆုံးဖြတ်"





မျက်နှာလွှဲရင်း ကျော့ကပြောသည်။ ပန်းရောင်သမ်းသော မျက်နှာလေးမှာ ပါးမို့လေးတွေရဲနေတာကအစ မျက်လွှာချထားပေမဲ့ ရှက်စိတ်ကြောင့် တဆတ်ဆတ်ကုန်ခါနေသော နှုတ်ခမ်းဖျားတွေ အဆုံးထိ မိုက်က တမ်မူးကြည်နူးစွာငေးရင်း…

"ကျော့ရယ်"

မချင့်မရဲနှင့် ကျော့အနားတိုးကပ်ချိန်…

"အ… ဖေဖေ၊ ချစ်သွေးအရမ်းကြပ်တယ်၊ ဟိုဘက်တိုး"

သမီးက ထအော်တာကြောင့် မိုက်မှာ စိတ်ထင်တိုင်းကဲခွင့်မရဘဲ ကိုယ်ချင်းပြန်ခွာကာ သမီးကို အောက်ချပေးရင်း

"သမီးအတွက်… ဖေဖေလုပ်ထားတဲ့ကိတ် သွားယူစမ်း သွား၊ ဒီမှာ မေမေကြီး မိုက်ဆာနေပြီတဲ့"

"အံမယ်… ဘယ်သူပြော"

သူ့အကြံအစည်ကိုသိ၍ ကျော့ကထအော်သည်။ မိုက်က သမီးကျောခိုင်းသွားတာနှင့် ကျော့ကိုယ်လေးကို ခါးမှ ဆွဲခနဲ ပွေ့ချီကာ ဘားကောင်တာပေါ်တင်ရင်း

"ကိုယ်… ရှင်းပြစရာတွေအများကြီးရှိတယ်"

"မရှင်းနဲ့တော့"

ကျော်က ပြောပြီးချိန်မှာ မိုက် ဘောင်းဘီအိတ်ထဲက ဖုန်းသံက ဆူညံစွာ နှောင့်ယှက်လာတာမို့ မိုက်က ဖုန်းထုတ်၍

"အရေးထဲကွာ… ဟဲလို"

"ခမည်းခမက်ကြီး…ဟီး ဟီး"

"ဟော့ကောင် မင်းသမီးတော့ နှစ်ပိုင်းခွဲပြီး နှစ်ပြည်ထောင် ဝေရတော့မယ်၊ ငါနဲ့ ချမ်းရဲ့သားတွေအတွက်"

"ထက်ကောင်းသားကို အပေါ်ပိုင်းပေးလိုက်၊ ငါ့သား ကတော့"

"လဒ မင်း,သားမှာ မင်းသွေးကအပြည့်"

ထုံးစံအတိုင်း မိုက်ဆီဆက်ရင်း သူတို့နှစ်ယောက်က ရန်ကြောင်းကျကာ စကားစစ်ထိုးဆဲမှာပဲ မိုက်က ဖုန်းကိုနှုတ်ခမ်း နားတော့ကာ

"ဝဲစားတွေ၊ ငါတို့က အခုမှ လပ်(ဖ်)ဆင်း(န်)ဟဲ့၊ နားလည်မှုကိုမရှိဘူး၊ ဒါပဲဟော့ကောင်တွေ၊ နောက် ငါးရက်နဲ့ ငါးညတိတိ ငါဆက်သွယ်မှုပြင်ပမှာရှိမယ်"

ပြောပြီး ဖုန်းပိတ်ပစ်သည်။ ပြီးမှ ကျော်ထိုင်နေသော ဘားကောင်တာပေါ် လက်နှစ်ဖက်ပိတ်ထောက်ရင်း

"နော်… မိန်းမ.. ငါးရက်နဲ့ငါးညတိတိ"





"ဘာလဲ"

မျက်နှာနီနီနှင့်ကျော်က ထအော်ကာ…

"မိုက်နော်"

"ရော်.. ခက်ပြီ၊ ငါးရက်နဲ့ငါးညတိတိ ခရီးထွက်မယ် လို့"

"သွား"

ပိတ်ထုသော ကျော့်လက်တွေကို သူကဆွဲကာ သူ့ ရင်ဘတ်မှာအပ်ရင်း သူ့မျက်နှာကျ ကျော့်ရင်တစ်ခြမ်းမှာ မှေးမှိ လာပြီး

"တကယ်ပြောတာ.. မင်းနဲ့ဝေးတဲ့နေတွေမှာ မင်း ပါးချိုင့်လေးကို လွမ်းတယ်၊ မင်းနှုတ်ခမ်းလေးကို သတိရတယ်၊ ပြီးတော့… မင်းနဲ့အတူရှိခဲ့တဲ့ တစ်ညတာလေးကို"

"ပြီးခဲ့တာတွေ…ထားခဲ့တော့"

ကျော့်ရင်ခွင်ထဲ မှီထားသော သူ့မျက်နှာကို လက်ဖဝါး နှစ်ဖက်ဖြင့် သူမက ညှစ်ယူဆွဲမော့စေရင်း…

"ရှင်… လွမ်းခဲ့သမျှအတွက်.. မနက်ဖြန်ကစပြီး ကျော့်အချစ်တွေနဲ့ တစ်ဘဝလုံး လျော်ကြေးပြန်ပေးပါ့မယ်၊ ဒါက ကျော့်လျော်ကြေးရဲ့စရန်"

ပီကေရုန့်သင်းသော နီမြန်းပါးလှစ်သော သူ့နှုတ်ခမ်းတွေမှာ ကျော့်အနမ်းတွေ ကြဲချမိသည့် တစ်ခဏမှာ ရင်ထဲဖြစ်ထွန်းခဲ့တာ အတိုင်းအဆမဲ့ ချစ်ခြင်းတွေနှင့် ကြည်ဖြူစွာပေးအပ်ခဲ့ပေမဲ့ ကျော့်အနမ်းသခင်က ညှာတာခြင်းမရှိဘဲ အနမ်းပင်လယ်ထဲ ကျော့်ကို မူးမူးမေ့မေ့ ကူးခတ်နေဆဲမှာ…

"အယ်… ဖေဖေနဲ့မေမေက… ကေအိုင်အက်(စ်) အက်(စ်)ကစ်…(စ်)"

သမီးရဲ့အလန့်တကြားအသံကြောင့် လူချင်းအမြန်ခွာရင်း တပြိုင်တည်းထွက်လာသော ရယ်သံတွေထဲမှာ သူတို့ရဲ့ မနက်ဖြန်က…။

ရင်ခုန်သံမရပ်သရွေ့ ဘဝမြဲချစ်တတ်နေမယ်.

ရှင်မြတ်နိုး

နိုးနိုး၈၁၈ပ